# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဖေဖြော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်း**

ပုဂ္ဂိုလ်သည် ကောင်းမှုကို ပြုပြီးသော်လည်း ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏။ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုပြုရာ၏။ ကောင်းမှုကိုပွားစေခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။ ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၁၁၈)


၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၁၁ ရက် အင်္ဂါနေ့ 17, Tuesday May 2016 (၈၅၆၄)


# အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနအောက်တွင် အစိုးရအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ထားရှိသွားမည်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်။

## လူအများကြီး မဖောင်းပွစေဘဲ သိပ်သည်းကျစ်လျစ်သော ဆွေးနွေးပွဲသဘောကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်။

**နေပြည်တော် မေ ၁၆**

အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အဓိကအချက်မှာ ပါဝင်သူအားလုံးအနေဖြင့် မိမိတို့ မည်သည်ကိုလိုချင်သည်ဟူသော တောင်းဆိုမှုထက် မိမိတို့ဘက်က မည်သည်ကိုပေးနိုင်သည်ဟူသော ကမ်းလှမ်းချက်ကိုအခြေခံ၍ ဆွေးနွေးကြရန်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre-NRPC) ဖွဲ့စည်းရေးနှင့် ၂၁ ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆွေးနွေးညှိနှိုင်းရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) ကို အခြေခံ၍ ပြောင်းလွယ်ပြင်လွယ် ဆွေးနွေးကြရန် ဖြစ်ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များကို ပြန်လည်သုံးသပ်၍ ဆွေးနွေးပွဲအာဂျင်ဒါများ ပြန်လည်သတ်မှတ်ပေးရန် အရေးကြီးကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) အား အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre-NRPC) အဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအောက်တွင် အစိုးရအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ထားရှိသွားမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

### ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မွမ်းမံခြင်းနှင့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်းတို့ပါဝင်မည့် ရက် ၁၀၀ စီမံကိန်း

စာမျက်နှာ - ၁၆၊ ၁၇၊ ၁၈






ကြေးမုံ

# လယ်လုပ်သူတိုင်း လယ်ယာမြေ အကျိုးခံစားခွင့်

လယ်ယာမြေများကို ဥပဒေနှင့်အညီမဟုတ်ဘဲ အကွက်ရိုက်ခြံခတ်ခြင်းများပြုလုပ်ထားပါက လယ်ယာမြေဥပဒေအရ အရေးယူမည့်အစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ်၌ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းပေါ်၌သော်လည်းကောင်း သတ်မှတ်ထားသည့်မြေများဟု ဆိုထားသည်။ လယ်မြေဆိုသည်မှာ သဘာဝအရသော်လည်းကောင်း၊ လူတို့ဖန်တီးထားသော နည်းလမ်းအရသော်လည်းကောင်း စိုက်ပျိုးရေရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံအဓိကစိုက်ပျိုးသောမြေကို ဆိုလိုသည်ဟု ဥပဒေတွင် ဖွင့်ဆိုထားသည်။

လယ်ယာမြေပိုင်ဆိုင်ခွင့်ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်အလို့ငှာ ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင် အသုံးချခွင့်ပြုခြင်းကိုဆိုသည်။ ထို့အတူ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ လိုက်နာရမည့်စည်းကမ်းချက်များကိုလည်း ပြဋ္ဌာန်းထားသည်။ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနကသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းများအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်သည်။ တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်ဖြစ်သည်။ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရဟူ၍ ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသည်။

တစ်ဖက်တွင်လည်း တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ၂၀၁၃ ကို ပြဋ္ဌာန်းကာ တောင်သူလယ်သမားများအကျိုးကို ဆောင်ရွက်ပေးထားသည်။ ထို့အပြင် အမှန်တကယ်လုပ်ကိုင်နေသော လယ်ယာမြေများကို အဓမ္မသိမ်းဆည်းခြင်းမပြုရေးနှင့် သိမ်းဆည်းထားသော လယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ပြီး တောင်သူလယ်သမားများထံ ပြန်လည်ပေးအပ်နေသည်ကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံတွင် လယ်ယာမြေပြဿနာများမှာ နှစ်ရှည်လများ စွဲကပ်ခဲ့သော နာတာရှည်ရောဂါသဖွယ် ဖြစ်ခဲ့သည်။ လယ်လုပ်သူတို့ လယ်မလုပ်နိုင်ခြင်းမှာ ပထမအကြောင်းတစ်ချက်ဖြစ်ခဲ့ပြီး လယ်ယာမြေများကို အဓမ္မသိမ်းဆည်းခြင်းမှာ ဒုတိယအကြောင်းတစ်ချက်ဖြစ်ခဲ့သည်။ မူလလယ်ယာလုပ်ကိုင်ခဲ့သူ တောင်သူလယ်သမားမှာ လယ်ယာထွက်ကုန်များတွက်ခြေမကိုက်သဖြင့် ၎င်းတို့ လယ်ယာမြေများကို ရောင်းချခြင်းမှအစပြုသည်။ နောက်လယ်ယာမြေများကို သိမ်းဆည်းကာ အဆောက်အအုံနှင့် လုပ်ငန်းများလုပ်ကိုင်ခြင်းများ ရှိလာခဲ့သည်။

အမှန်တွင် လယ်ယာမြေဆိုသည်မှာ ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာလုပ်ကိုင်ရန်အတွက် မူရင်းပိုင်ရှင်နိုင်ငံတော်က ချထားပေးခဲ့ခြင်းဖြစ်သည်။ အခြားမည်သည့်နည်းနှင့်မျှ လွှဲပြောင်းအသုံးချခွင့်မရှိချေ။ သို့သော် နှစ်ပေါင်းများစွာ ဥပဒေကိုအလွဲသုံးစားလုပ်ခဲ့သောကြောင့် လယ်ယာမြေပြဿနာများမှာ ယနေ့ထက်တိုင် ဖြေရှင်းမရနိုင်သော ပြဿနာများဖြစ်ခဲ့သည်။ ယခု သက်ဆိုင်ရာအစိုးရအဖွဲ့က လယ်ယာမြေပြဿနာများကို စတင်ကိုင်တွယ်နေပြီဖြစ်ရာ အဖွဲ့အစည်းအားလုံးပူးပေါင်းပါဝင်ပြီး ဥပဒေနှင့်အညီ တိတိကျကျ စိတ်ရှည်လက်ရှည်ဆောင်ရွက်နိုင်စေရန် ဖြစ်ပါကြောင်း။ ။



# ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ၄၀ အမြန်ပြီးပြတ်ရေး နေ့စဉ်ရုံးထိုင်စစ်ဆေးလျက်ရှိ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့အား အနိုင်ဒီဂရီနှင့် ပလပ်မိန့်များချမှတ်


**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉(က)(၂)အရ ရွေးကောက်ပွဲခုံအဖွဲ့ လေးဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး တရားခွင်လေးခုဖြင့် ဧပြီ ၂၅ ရက်မှစတင်၍ စစ်ဆေးလျက်ရှိရာ စစ်ဆေးရန်ကျန်ရှိသည့် ကန့်ကွက်လွှာ အမှု ၄၀ အား အမြန်ပြီးပြတ်ရေး အတွက် နေ့စဉ်ရုံးထိုင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရွေးကောက်ပွဲခုံအဖွဲ့(၁) ဥက္ကဋ္ဌ ဦးအောင်မြင့် ဦးဆောင်သည့်ခုံအဖွဲ့က မေ ၁၂ ရက်က ကန့်ကွက်လွှာ အမှုအမှတ်(၁)ကို ဆက်လက်စစ်ဆေးခဲ့ရာ လျှောက်ထားသူ(၂) ဒေါ်နန်းထွေးမှုံက ကန့်ကွက်လွှာကို ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားချက်အပေါ် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ ၉၆(က)နှင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း(၁)အရ ကန့်ကွက်လွှာကို ရုပ်သိမ်းခွင့်ပြုခဲ့သည်။ ရွေးကောက်ပွဲနည်းဥပဒေ ၉၆( င)(၁)အရ လျှောက်ထားသူ(၂) ဒေါ်နန်းထွေးမှုံက လျှောက်ထားခံရသူ ဦးညီစိန်နှင့် လျှောက်ထားသူ(၁) ဦးစိုင်းဆာလူတို့အား ရုံးကုန်ကျစရိတ်ကျပ် ၅၀၀၀၀ စီ ပေးစေရန် အမိန့်ချမှတ်ခဲ့ပြီး ဦးစိုင်းဆာလူ၏ ကန့်ကွက်လွှာအမှုကို ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါခုံအဖွဲ့ကပင် ကန့်ကွက်လွှာအမှု အမှတ်(၈) လျှောက်ထားသူ ဦးခိုင်ညီညီကျော်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် လျှောက်ထားခံရသူ ဦးအောင်ကျော်ညွှန့် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)အမှုကို ဆက်လက်စစ်ဆေးခဲ့ရာ ဗထူးတပ်နယ် မဲရုံအမှတ်(၁)နှင့် (၂)တို့တွင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့ရရှိခဲ့သည့် မဲရလဒ်များကို ပယ်ဖျက်လိုက်လျှင် လျှောက်ထားသူရရှိသည့်ခိုင်လုံမဲ စုစုပေါင်းမှာ (၁၈၇၁၇)မဲဖြစ်ပြီး လျှောက်ထားခံရသူရရှိသည့် ခိုင်လုံမဲစုစုပေါင်းမှာ (၁၅၂၁၁)မဲဖြစ်၍ လျှောက်ထားသူက လျှောက်ထားခံရသူထက် ခိုင်လုံမဲ (၃၅၀၆)မဲ ပိုမိုရရှိသွားသဖြင့် လျှောက်ထားခံရသူအား ရှမ်းပြည်နယ်လွှတ်တော် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်းဆုံးဖြတ်၍ လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံးရရှိပြီး ရှမ်းပြည်နယ်လွှတ်တော် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးစေသည့် အနိုင်ဒီဂရီကို စရိတ်နှင့်တကွ ချမှတ်ပေးကြောင်း သိရသည်။

ရွေးကောက်ပွဲခုံအဖွဲ့(၄) ဥက္ကဋ္ဌ ဦးလှတင့် ဦးဆောင်သည့် ခုံအဖွဲ့သည် ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ်(၄၂)မှ လျှောက်ထားသူ ဦးစိုးစိုး(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးမောင်မောင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ အမှုအမှတ်(၄၄)မှ လျှောက်ထားသူ ဦးစန်းမောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးသိန်းဟန်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)တို့ကို တရားခွင်(၄)၌ စစ်ဆေးခဲ့ရာ ခုံအဖွဲ့ရှေ့မှောက်တွင် နံနက် ၁၀ နာရီ အမှုခေါ်ရာ ကန့်ကွက်လွှာ အမှုအမှတ်(၄၂)နှင့် (၄၄)တို့မှ လျှောက်ထားသူများနှင့် ၎င်းတို့၏ရှေ့နေများ ရုံးတော်သို့ လာရောက်ခြင်းမရှိဘဲ လျှောက်ထားခံရသူများနှင့် ၎င်းတို့၏ ရှေ့နေများသာ ရုံးတော်သို့ လာရောက်ကြသည်။ လျှောက်ထားသူပြ သက်သေများ စစ်ဆေးရန် နံနက် ၁၀ နာရီခွဲ အထိ စောင့်ဆိုင်းရန် ခုံအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ သို့သော် သတ်မှတ်ထားသည့်အချိန်တွင် ဒုတိယအချိန် အမှုခေါ်သော်လည်း လျှောက်ထားသူများဘက်မှ လာရောက်ခြင်းမရှိသဖြင့် လျှောက်ထားခံရသူများ၏ ရှေ့နေများက တရားမကျင့်ထုံးဥပဒေ အမိန့်(၉)၊ နည်းဥပဒေ ၈ အရ အမှုအား ပလပ်ပေးရန် လျှောက်ထားသည်။ ခုံအဖွဲ့က အမှုမှာလျှောက်ထားသူပြသက်သေများစစ်ရန် ချိန်းဆိုထားသော်လည်း လျှောက်ထားသူများဘက်မှ အမှုသည်နှင့်ရှေ့နေ မည်သူမျှ မလာရောက်ကြောင်း၊ အချိန်ပေး၍ စောင့်ဆိုင်းသော်လည်း မလာရောက် ပျက်ကွက်ကြောင်း၊ လျှောက်ထားခံရသူများမှ ကန့်ကွက်လွှာနှင့် ပတ်သက်၍ ဝန်ခံထားခြင်းမရှိကြောင်း တရားမကျင့်ထုံးဥပဒေအမိန့်(၉)၊ နည်းဥပဒေ ၈ အရ အမှုများအား ပလပ်ကြောင်း စသည့် အမိန့်အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established at 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန္တလေး ၀၂-၈၆၁၀၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

❒ ရှေ့ဖုံးမှ

အစိုးရဌာနအဖွဲ့အစည်းတစ်ရပ်ဖြစ်လာမည်ဖြစ်၍ ဘတ်ဂျက်သုံးစွဲမှု စည်းမျဉ်းစည်းကမ်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ရုံးချုပ်ကို နေပြည်တော်တွင် တည်ထောင်ဖွဲ့စည်းမည်ဖြစ်ပြီး လက်ရှိ ရန်ကုန် MPC ရုံးကို NRPC ၏ ရန်ကုန်ရုံးခွဲအဖြစ် ပြောင်းလဲဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ၂၁ ရာစု ပင်လုံညီလာခံကျင်းပရန်အတွက် သင့်လျော်သည့် ညီလာခံခန်းမနေရာ ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ NRPC ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှု လုပ်ငန်းစဉ်များကို ဦးကျော်တင့်ဆွေက ဦးစီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

၂၁ ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေး အကြိုပြင်ဆင်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်(NCA) လက်မှတ်ရေးထိုးထားပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းတာဝန်များကို ဆပ်ကော်မတီတစ်ရပ်ဖြင့်ဆောင်ရွက်ရန်၊ လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းများကို နောက်ထပ် ဆပ်ကော်မတီတစ်ရပ်ဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အချိန်ကန့်သတ်ချက်ရှိ၍ ယင်းဆပ်ကော်မတီနှစ်ရပ်အနေဖြင့် တစ်ချိန်တည်းတစ်ပြိုင်တည်း သီးခြားစီ ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ကော်မတီနှင့် ဆပ်ကော်မတီများကို ယခုသီတင်းပတ်အတွင်း ဖွဲ့စည်းပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို အရှိန်မြှင့်တင်လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က အရပ်ဘက်လူမှုအဖွဲ့အစည်း (Civil Society Organization)များ ခိုင်ခိုင်မာမာပါဝင်နိုင်ရေးအတွက် CSO Forum တစ်ခု ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကို နိုင်ငံရေးဆွေးနွေးပွဲများနှင့် အပြိုင် သီးခြားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ CSO Forum ကို ၎င်းတို့ CSO များကိုယ်တိုင် ရွေးချယ်ဆောင်ရွက်စေမည်ဖြစ်ပြီး လိုအပ်သည့်ပံ့ပိုးကူညီမှုများကို NRPC မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ CSO Forum မှ ထွက်ပေါ်လာသော အကြံပြုတင်ပြချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လူအများကြီးမဖောင်းပွစေဘဲ သိပ်သည်းကျစ်လျစ်သော ဆွေးနွေးပွဲသဘောကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

NRPC ဖွဲ့စည်းမှု၊ ၂၁ ရာစုပင်လုံညီလာခံကျင်းပနိုင်ရေး အကြိုပြင်ဆင်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နှင့် တွေ့ဆုံရှင်းလင်းပြီး UPDJC ပြင်ဆင်ဖွဲ့စည်းမှုများကို အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တစ်ဦးချင်းဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးအဆုံးအဖြတ်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။



အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်းရေးနှင့် ၂၁ ရာစု ပင်လုံညီလာခံအကြိုပြင်ဆင်ခြင်းဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးသို့ စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာတင်မျိုးဝင်း၊ အစိုးရကိုယ်စားလှယ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသူ ဦးကျော်တင့်ဆွေ၊ တပ်မတော်ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာနမှ ဦးမြင့်စိုး၊ ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေနှင့် ဒေါက်တာမင်းဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဦးမိုးဇော်ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို လာမည့်သီတင်းပတ်အတွင်း နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

# မြတ်နိုးတန်ဖိုးထားအပ်တဲ့ ရှေးဟောင်းအိမ်ကြီးတစ်အိမ်

**နီမော်**

ရှေးယခင်ကာလ ကားလမ်းမပေါက်ခင်က ဆိုရင် ရန်ကုန်မြို့ကြီးကနေ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ကို ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘော၊ မော်တော်တို့နဲ့ သွားကြရပါတယ်။ အခုတော့ ဖြောင့်ဖြူးတဲ့ ကတ္တရာလမ်းမကြီးအတိုင်း ကားစီးသွားရင် တစ်နာရီခွဲလောက်အကြာမှာ ညောင်တုန်းမြို့ကို ရောက်ပါတယ်။ အခု ဧရာဝတီမြစ်ကြောင်းက မသာတော့ဘူး။ သောင်ထွန်းတာကလည်း တစ်မျှော်တစ်ခေါ်ကြီးဖြစ်တဲ့အပြင် မြစ်ကြောင်းကလည်း ကွေ့ကောက်လာတယ်။ မိုးတွင်းရောက်ပြန်တော့လည်း မြစ်ကြမ်းပြင်တိမ်လို့ ရေကြီးလွယ်တယ်။ ညောင်တုန်းတစ်မြို့လုံးကို ပိတ်ကာထားတဲ့ တာရိုးကြီးကလည်း မတောင့်တင်းတော့တဲ့အတွက် မနှစ်ကဆိုရင် ရေဘေးအန္တရာယ်ခြိမ်းခြောက်တာကို တစ်မြို့လုံး အထိတ်တလန့်ခံခဲ့ကြရ၊ တချို့လည်း ရန်ကုန်နဲ့အခြားမြို့တွေကို ထွက်ပြေးကြရနဲ့၊ မိုးတွင်းရောက်မှာ ကြောက်လန့်နေရတဲ့အခြေအနေပါ။ အခုနှစ်မှာတော့ မြစ်ကမ်းတာရိုးမှာ ရေထိန်းနံရံတွေ သိန်းပေါင်းခြောက်ထောင် အကုန်အကျခံပြီးတည်ဆောက်နေတဲ့အတွက် စိတ်ပူပန်မှု အနည်းငယ်သက်သာလာကြပါတယ်တဲ့။

စာရေးသူတို့မိသားစုဟာ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပရိယတ္တိစာသင်တိုက်ကြီးရဲ့ ဝိနည်းစာတော်ပြန်ပွဲကြီးနဲ့ စာအောင်သံဃာများကို လက်မှတ်ဆက်ကပ်ပွဲကြီးကျင်းပတဲ့ တပေါင်းလဆန်း ၁၂ ရက်နေ့တိုင်းမှာ အရှုဏ်ဆွမ်း ဆက်ကပ်ကြပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၅ နှစ်ကျော်ကာလက စာရေးသူရဲ့ ဖခင်ဟာ ညောင်တုန်းမြို့မှာ နယ်ပိုင်ဝန်ထောက်တာဝန် ထမ်းဆောင်ခဲ့တော့ ၆၉ ခုက ၇၀၊ ၇၁ ခုနှစ်အထိ သုံးနှစ်တိုင်တိုင်နေခဲ့စဉ်ကတည်းက အခု ၄၆ နှစ်တိုင် နှစ်ပေါင်း ဘယ်လောက်ကြာကြာဆွမ်းကပ်ပျက်ကွက်ခဲ့တယ်ရယ်လို့ မရှိခဲ့ပါဘူး။

ရွှေဟင်္သာတောရ ပရိယတ္တိစာသင်တိုက်ကြီးကို ၁၂၆၂ ခုနှစ်က စတင်တည်ထောင်ပြီး ၁၂၇၀ ပြည့်နှစ်ကစလို့ ဝိနည်းစာတော်ပြန်ပွဲကြီးကို နှစ်စဉ်ကျင်းပခဲ့ရာ အခု နှစ်ပေါင်း ၁၁၀ နီးပါးရှိလာခဲ့ပါပြီ။ ဧက ၃၀ ကျော်တဲ့ သစ်ပင် ဝါးပင်ကြီးတွေနဲ့ ခမ်းနားစွာတည်ရှိနေတဲ့ ရှေးဟောင်းပုံစံ စာသင်တိုက်ကြီးတွေဟာ တံတိုင်းဝင်းအတွင်းမှာ ထုကြီးထည်ကြီးနဲ့ တည်ရှိနေဆဲပါ။ စာသင်သားရဟန်းသံဃာတော်များအတွက် ရာသီအပူဒဏ်ခံနိုင်အောင် သံဃနာယကကြီးများက စီမံထားရှိပုံပါပဲ။ နေရေးထိုင်ရေးအဆင်ပြေလို့ စာသင်သားသံဃာတော်တွေ သက်သောင့်သက်သာရှိသလို အစာရိက္ခာပေါများတဲ့ မြို့ဖြစ်လို့လည်း ဆွမ်းကွမ်းဆေးဝါး ပူပန်စရာမရှိပါဘူး။ ဒီလို ပြည့်စုံကောင်းမွန်တဲ့ စာသင်တိုက်ကြီးက မွေးထုတ်လိုက်တဲ့ ထိပ်တန်းရောက် သာသနာတော်ဘွဲ့ရ ဆရာတော်ကြီးများစွာရှိခဲ့ပါတယ်။ စာရေးသူရဲ့ ဖခင်ကြီးဟာ မြန်မာပြည်အနယ်နယ်အရပ်ရပ်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရာ မြို့အားလုံးထဲက ညောင်တုန်းမြို့ကို အလွန်နှစ်သက်သဘောကျပါတယ်။ ဘာကြောင့်ပါလဲ။ ဘာသာသာသနာ ထွန်းကားတဲ့အပြင် စားသောက်ကုန်ပေါများတဲ့ ဒေသက လူထုတွေကို အုပ်ချုပ်ရတာ လွယ်ကူလို့ပါတဲ့။

ဘာသာသာသနာ အထိန်းအကွပ်ကြောင့်ရော စီးပွားတိုးတက်တဲ့အတွက်ကြောင့်ပါ ညောင်တုန်းနယ်သူနယ်သားတွေ ရှင်လန်းကျန်းမာကြပါတယ်။ အမှုအခင်းတွေလည်း နည်းပါးပါတယ်။ စာရေးသူရဲ့ မိခင်ကြီးကတော့ အစားအသောက်ပေါတဲ့နေရာ ရောက်တိုင်း တစ်ကျိပ်နီးပါးမွေးထားတဲ့ သားသမီးတွေအတွက် ပျော်ရွှင်နေတတ်ပါတယ်။ အဲဒီခေတ်က လစာနှုန်းထားတွေအရ နယ်ပိုင်ဝန်ထောက်ဖြစ်တဲ့ ဖခင်ကြီးဟာ လစာတစ်လကို ကျပ်ငွေ ၄၂၅ ကျပ်သာ ရရှိတော့ ရှားပါးဒေသကို ပြောင်းရရင် သားသမီးကျောင်းစရိတ်၊ အိမ်စရိတ်အတွက် ပူပန်နေရလို့ပါပဲ။

**ဂန္ထဝင်အိမ်ကြီး**

အင်္ဂလိပ်လက်ထက်ကဆိုရင် စာရေးသူတို့ မြန်မာနိုင်ငံမှာ ICS လို့ခေါ်တဲ့ အိန္ဒိယကပဋိညာဉ်ခံဝန်ထမ်းနဲ့ BCS ခေါ် ဗမာပြည်ရဲ့ ပဋိညာဉ်ခံဝန်ထမ်းတွေရှိရာ အရေးပိုင်မင်း၊ နယ်ပိုင်ဝန်ထောက်မင်းတွေ တန်ခိုးထွားတဲ့ ခေတ်တစ်ခေတ်ပါပဲ။ အဲဒီခေတ်က စာရေးဆရာကြီး သိပ္ပံမောင်ဝ ခေါ် တက္ကသိုလ်စိန်တင်ဟာ နယ်ပိုင်ဝန်ထောက်ပါ။ သိပ္ပံမောင်ဝဟာ မြန်မာပြည်အနယ်နယ်အရပ်ရပ်လှည့်လည်ကာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်တော့ ၁၉၃၂ ခုနှစ် ဩဂုတ်လမှာ ညောင်တုန်းနယ်ပိုင်ဝန်ထောက်တာဝန်ထမ်းဆောင်ပါတယ်။

ညောင်တုန်းမြို့(၂၁)လမ်းက ချစ်တီးတိုက်ကြီးအနီးမှာရှိတဲ့ နယ်ပိုင်ဝန်ထောက်မင်းအဆက်ဆက်နေထိုင်သွားခဲ့တဲ့ နေအိမ်ကြီးဟာ အလွန်ကြီးကျယ်ခမ်းနားလှပြီး သိပ္ပံမောင်ဝ နေသွားခဲ့ပါတယ်။ မြေဧက နှစ်ဧကနီးပါးရှိတဲ့ ခြံဝင်းကြီးရဲ့ အလယ်တည့်တည့်မှာ ကျွန်းသစ်၊ ပျဉ်းကတိုးတွေနဲ့ ဆောက်ထားတဲ့ ပျဉ်ထောင်သွပ်မိုးအုတ်ခင်းနှစ်ထပ်အိမ်ကြီးကို တွေ့နိုင်ပါတယ်။ ခြံဝင်းကျယ်ကြီးရဲ့ သစ်သားတံခါးမကြီးတည့်တည့်အတိုင်းဝင်လာရင် ပေ ၁၀၀ နီးပါးမှာ အိမ်ကြီးရဲ့ ဆင်ဝင်အောက်ရောက်သွားမှာပါ။ ခြံတံခါးမကြီးကနေ အိမ်ကြီးဆီကို လာရာလမ်းတစ်လျှောက်မှာ ဗုဒ္ဓ သရဏံ ပန်းရုံကြီးနှစ်တန်းကို ဘေးတစ်ဖက်တစ်ချက်စီမှာ တွေ့နိုင်ပြီး ခြံဝင်းကျယ်ကြီးထဲမှာ တရုတ်စံကားပင်၊ အကျော်ပင်၊ မာလကာပင်၊ ပိန္နဲပင်၊ ကသစ်ပင်၊ သင်္ဘောမဲဇလီပင်၊ သရက်ပင်၊ အုန်းပင်၊ ကုက္ကိုပင်ကြီးတွေကိုလည်း တွေ့မြင်နိုင်တယ်။

နှစ်ထပ်အိမ်ကြီးမှာ ကျယ်ဝန်းတဲ့ ဧည့်ခန်း၊ ဘုရားခန်း၊ အိပ်ခန်းများ၊ ထမင်းစားခန်း၊ ရေချိုးခန်းကျယ်ကြီးနှစ်ခန်း စတာတွေကို စနစ်တကျဖွဲ့စည်းထားတော့ သန့်ရှင်းသပ်ရပ်ကာ အလွန်နေထိုင်လို့ကောင်းပါတယ်။ စာရေးသူတို့မိသားစုဟာ လူဦးရေတစ်ဒါဇင်ရှိပေမယ့် အိမ်ကျယ်ကြီးရဲ့အပေါ်ထပ်မှာတင် လုံလောက်စွာနေထိုင်နိုင်ပါတယ်။ အောက်ထပ်မှာတော့ အားကစားလေ့ကျင့်ကြ၊ ကလေးများဆော့ကစားကြတာပါ။ အိမ်မကြီးရဲ့ ညာဘက် ကိုက် ၂၀ လောက်အကွာမှာ မီးဖိုချောင်ကို သီးသန့်ထားရှိပြီး အိမ်မကြီးကနေ မီးဖိုချောင်ကို မိုးလုံနေလုံသွားလာနိုင်ဖို့ သွပ်မိုးတန်းရှည်ကြီးတွဲလျက်ရှိပါသေးတယ်။ မီးဖိုချောင်နဲ့ မလှမ်းမကမ်းမှာ သစ်သားတိုင်မြင့်နဲ့ သွပ်မိုးအောက်က ကျောက်ရေတွင်းကျယ်ကြီးလည်း ရှိပါသေးတယ်။ ဒီတွင်းရေကို ချက်ပြုတ်ရေးနဲ့ အဝတ်လျှော်ဖို့သာ သုံးပြီး ရေချိုးရေကူးချင်ရင်တော့ တစ်ခေါ်လောက်သာဝေးတဲ့ ဧရာဝတီမြစ်ဆီ ပြေးကြတာပါပဲ။ အိမ်ကြီးပေါ်က လှမ်းမျှော်ကြည့်ရင်တော့ တာရိုးကြီးအောက်ဘက်ရှိ ဧရာဝတီမြစ်ပြင်ကျယ်ကြီးထဲက သင်္ဘောကြီးတွေကို တွေ့မြင်နိုင်သေးတယ်။ စာရေးသူတို့ ဖခင်ကြီးကြောင့် ဒီအိမ်ကြီးမှာ သုံးနှစ်နေခဲ့ရလို့ အလွန်ပျော်ရွှင်ခဲ့ရပါတယ်။

**သိပ္ပံမောင်ဝ ခေါ် တက္ကသိုလ်စိန်တင်**

၁၈၉၉ ခုနှစ်မှာမွေးဖွားပြီး ၁၉၄၂ ခုနှစ်မှာ ကွယ်လွန်ခဲ့တဲ့ စာရေးဆရာ သိပ္ပံမောင်ဝဟာ ညောင်တုန်းမြို့ရှိ ဒီနယ်ပိုင်ဝန်ထောက်အိမ်ကြီးပေါ်မှာ နေထိုင်စဉ်က ဆောင်းပါးနဲ့ ဝတ္ထုတိုပေါင်းများစွာကို ရေးသားခဲ့ပါတယ်။ "မအေးဘွယ်"လို့ခေါ်တဲ့ ပုံပြင်ကစပြီး "ငရဲပြည်" ခေါ်တဲ့ပုံပြင်အဆုံး ပုံပြင်များစွာကို ဒီဂန္ထဝင်မြောက်အိမ်ကြီးခေါ် ရှေးဟောင်းအဆောက်အအုံကြီးပေါ်မှာ ရေးသားခဲ့တာပါတဲ့။ ၁၉၂၇ ခုနှစ်မှာ ဘီအေ(BA)ဘွဲ့ကို မြန်မာဘာသာမှာ ပထမတန်းဂုဏ်ထူးတန်းနဲ့ အရယူနိုင်ခဲ့ပြီး အမ်အေ(MA)တန်းကို တက်ရောက်နိုင်ခဲ့ပြီးနောက် ၁၉၂၇ ခုနှစ်မှာပဲ အိန္ဒိယနိုင်ငံဝန်ထမ်း(ICS)အဖြစ် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှာ နှစ်နှစ် ပညာသင်ကြားခွင့်ရခဲ့ပါတယ်။

မျိုးချစ်စိတ်ဓာတ်ထက်သန်တဲ့ သိပ္ပံမောင်ဝဟာ "မြန်မာစာပေတိုးတက်ရေးသည် ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ပြုမှုရမည့် မြန်မာစာပေဖြစ်ပါသည်။ ကြိုးစားကြစို့" လို့ ကြွေးကြော်ကာ မြန်မာစာပေလောကမှာ ခေတ်စမ်းစာပေခေတ်ကို ထူထောင်ခဲ့သူတစ်ဦးဖြစ်ခဲ့တယ်။ သူဟာ ဆရာကြီး ဦးဖေမောင်တင်ရဲ့အားပေးမှုနဲ့ ဆရာကြီး ဇော်ဂျီ၊ ဆရာကြီး မင်းသုဝဏ်တို့နဲ့အတူ ခေတ်စမ်းစာပေလှုပ်ရှားမှုကို လုပ်ဆောင်ကာ မြန်မာစာပေကို မြှင့်တင်ခဲ့တယ်။ လေးစားထိုက်တဲ့စာရေးဆရာကြီးများဟာ ကဗျာများ၊ ပြဇာတ်များ၊ ခရီးသွားဆောင်းပါးများ၊ ဝတ္ထုဆောင်းပါးများ၊ ပေးစာများကို ရသစာပေ၊ ခေတ်စမ်းစာပေအနေနဲ့ ရေးသားခဲ့ပြီးနောက် မြန်မာစာပေအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့တဲ့ ကျေးဇူးရှင်ဆရာကြီးများပါပဲ။ အခုချိန်မှာ ခေတ်စမ်းစာပေရဲ့ ဖခင်ကြီး ကဗျာဆရာ၊ စာရေးဆရာကြီး မင်းသုဝဏ်ရဲ့သား ဦးထင်ကျော်ဟာ မြန်မာနိုင်ငံလူထုကရွေးချယ်တဲ့ သမ္မတ ဦးထင်ကျော်ဖြစ်လာပါပြီ။ စာပေအသိုင်းအဝိုင်းကလာတဲ့ သမ္မတမို့ ပြည်သူများဟာ သမ္မတကို နှလုံးစိတ်ဝမ်းအေးချမ်းမှုတွေနဲ့ ကြိုဆိုထောက်ခံကြပါတယ်။

**ဂန္ထဝင်ရဲ့ ဂန္ထဝင်ကို ထိန်းသိမ်းစောင့်ရှောက်ရမှာပါ**

စာရေးသူ ရေးခဲ့တဲ့အတိုင်းပါပဲ။ ညောင်တုန်းမြို့ရှိ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ (Heritage)များကို ထိန်းသိမ်းကြရမှာပါ။ ဂန္ထဝင်မြောက်စာပေများကို ဂန္ထဝင်ဆရာကြီးများက ရေးသားခဲ့တဲ့အတွက် မြန်မာစာပေကို လေးစားတန်ဖိုးထားကြရမယ်။ ဂန္ထဝင်စာရေးဆရာကြီးများ နေထိုင်သွားရာ မြို့များနဲ့ အဆောက်အအုံများကိုလည်း သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အစိုးရက ဆက်လက်ထိန်းသိမ်းသင့်တယ်လို့ စာရေးသူ တင်ပြလိုက်ရခြင်းပါပဲ။ ။

> **ညောင်တုန်းတစ်မြို့လုံးကို ပိတ်ကာထားတဲ့ တာရိုးကြီးကလည်း မတောင့်တင်းတော့တဲ့အတွက် မနှစ်ကဆိုရင် ရေဘေးအန္တရာယ် ခြိမ်းခြောက်တာကို တစ်မြို့လုံး အထိတ်တလန့်ခံခဲ့ကြရ။**

# ဟီရိုရှီးမားမြို့ဗုံးကြဲချခဲ့မှုအပေါ် အိုဘားမားတောင်းပန်မည် မဟုတ်

**တိုကျို မေ ၁၆**

အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ ဟီရိုရှီးမားမြို့သို့ သွားရောက်မည့်ခရီးစဉ်တွင် ဒုတိယကမ္ဘာစစ်ကာလအတွင်းက အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံအပေါ် အဏုမြူဗုံးကြဲချခဲ့မှုနှင့် ပတ်သက်၍ မှန်သည်၊ မှားသည်ဆိုသည့်ကိစ္စအတွက် ပြန်လည်သုံးသပ်ဆွေးနွေးမည်မဟုတ်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ ထုတ်ဖော်ပြောဆိုချက်ကို အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ဆူဆန်ရိုက်စ်က တနင်္ဂနွေနေ့တွင် စီအင်န်အင်န်ရုပ်သံသတင်းဌာနနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံဘက်က တောင်းပန်မှုပြုလုပ်ရန် တောင်းဆိုခြင်းမရှိသကဲ့သို့ အမေရိကန်နိုင်ငံဘက်ကလည်း မည်သည့်တောင်းပန်မှုမျှ ပြုလုပ်သွားမည်မဟုတ်ကြောင်း ဆူဆန်ရိုက်စ်က ပြောကြားသည်။



အမေရိကန်သမ္မတ၏ ဟီရိုရှီးမားမြို့သို့သွားရောက်ရသည့် ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ သာမန်ထက် ပိုမိုကုန်ကျစရိတ်ကြီးမားသည့် စစ်ပွဲကြီးနှင့် စစ်ပွဲကြောင့် အရပ်သားများအပေါ် ဆိုးကျိုးသက်ရောက်မှုများကို မီးမောင်းထိုးပြရန်လိုခြင်းဖြစ်သည်။ နောက်ထပ်ရည်ရွယ်ချက်မှာ အမေရိကန်နိုင်ငံ၏ မူဝါဒနှင့် အိုဘားမား၏ နျူကလီးယားလက်နက်ကင်းစင်သောကမ္ဘာကြီး ဖန်တီးရေးမျှော်လင့်ချက်များကို တွန်းအားပေးရန်ဖြစ်သည်။

သမ္မတ အိုဘားမားသည် ဂျပန်နိုင်ငံတွင်ကျင်းပမည့် စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု(G7)ထိပ်သီးဆွေးနွေးပွဲ တက်ရောက်ပြီးနောက် မေ ၂၇ ရက်တွင် ဟီရိုရှီးမားမြို့သို့ သွားရောက်ရန်စီစဉ်ထားသည်။ အိုဘားမားသည် တာဝန်ထမ်းဆောင်ဆဲ အမေရိကန်သမ္မတတစ်ဦးအနေဖြင့် ဟီရိုရှီးမားမြို့သို့ သွားရောက်သည့် ပထမဆုံးသောသမ္မတဖြစ်လာမည်ဖြစ်သည်။ ယခင် အမေရိကန်သမ္မတများသည် ဟီရိုရှီးမားမြို့သို့ သွားရောက်ရန် ရှောင်ရှားလေ့ရှိကြသည်။

**အင်န်အိတ်ချ်ကေ။**

## ကန်ဒေါ်လာ သန်း ၂၄၀ ခန့်ရှိ ကိုကင်း ရှစ်တန် ကိုလံဘီယာအာဏာပိုင်များ ဖမ်းဆီးမိ

**ဘိုဂိုတာ မေ ၁၆**

ကိုလံဘီယာရဲတပ်ဖွဲ့သည် မေ ၁၅ ရက်က ပနားမားနယ်စပ်အနီး၌ တိုင်းပြည်အတွင်း ထိပ်သီးရာဇဝတ်ဂိုဏ်းတစ်ခုဖြစ်သော ယူဆူဂါအဖွဲ့ထံမှ ကိုကင်းရှစ်တန် ဖမ်းဆီးရမိခဲ့သည်။

အမေရိကန်ဒေါ်လာ သန်း ၂၄၀ တန်ကြေးရှိ ကိုကင်းများကို အန်တီယိုကီယာပိုင်နက် နယ်မြေအတွင်း ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော တာဘိုမြို့ရှိ ငှက်ပျောစိုက်ခင်းတစ်ခုအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ စီးနင်းမှုအတွင်း လူသုံးဦးကိုဖမ်းဆီးခဲ့ကြောင်းသိရသည်။ "သမိုင်းတစ်လျှောက် ပမာဏအများဆုံး မူးယစ်ဆေးဝါးတွေ ဖမ်းဆီးရမိမှုဖြစ်ပါတယ်။ ရာဇဝတ်ကောင်တွေအတွက် အထိနာတဲ့ဖမ်းဆီးမှုတစ်ခုပါပဲ" ဟု ကိုလမ်ဘီယာသမ္မတ ဂျူအန်မန်နျူရယ်လ်ဆန်းတို့စ်က တွစ်တာစာမျက်နှာ၌ ရေးသားထားသည်။

ယူဆူဂါဂိုဏ်းအား ကိုလံဘီယာနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ မူးယစ်ဆေးဝါးများ မှောင်ခိုကူးမှုဖြင့် တရားစွဲဆိုခဲ့ပြီး အဆိုပါဂိုဏ်းခေါင်းဆောင်အားဖမ်းဆီးမိပါက အမေရိကန်ဒေါ်လာ ၅ သန်းပေးမည်ဟု ဆုကြေးထုတ်လိုက်သည်။ ကုလသမဂ္ဂ၏အဆိုအရ ကိုလံဘီယာနိုင်ငံမှာ ကိုကင်းအများဆုံး ထုတ်လုပ်သော ကမ္ဘာ့နိုင်ငံများအနက်တစ်နိုင်ငံဖြစ်ပြီး နှစ်စဉ် ကိုကင်း ၄၂၂ တန်ခန့် ထုတ်လုပ်သည်။ ၂၀၁၅ ခုနှစ်အတွင်း ကိုလံဘီယာ အာဏာပိုင်များက ကိုကင်း ၂၅၂ တန်ခန့် ဖမ်းဆီးနိုင်ခဲ့သည်။

**ဆင်ဟွာ**



# အီးယူမှ ဗြိတိန်နုတ်ထွက်ရန်သင့်၊ မသင့် ဆန္ဒခံယူပွဲအကြို မဲဆွယ်စည်းရုံးမှုများပြုလုပ်

**လန်ဒန် မေ ၁၆**

ဥရောပသမဂ္ဂ(အီးယူ)၌ အဖွဲ့ဝင်အဖြစ် ဗြိတိန်နိုင်ငံဆက်လက်ရှိရန် လိုလားခြင်းရှိ၊ မရှိ အဆုံးအဖြတ်ပေးမည့် ဇွန် ၂၃ ရက် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရန်ရှိနေစဉ် လန်ဒန်ရှိလမ်းများပေါ်၌ မဲဆွယ်စည်းရုံးမှုများပြုလုပ်လျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မည် သို့မဟုတ် ဆက်လက်ရှိနေမည်ကို ဆုံးဖြတ်မည့်မဲပေးပွဲ မတိုင်မီ ရက်သတ္တခြောက်ပတ်မျှပင် မလိုတော့သည့်ကာလတွင် နိုင်ငံရေးသမားများက မဲဆွယ်စည်းရုံးမှုများ ပြုလုပ်လျက်ရှိကြသည်။

အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်မှုကို မဲဆန္ဒရှင်များက ထောက်ခံကြမည်ဆိုပါက ဗြိတိန်နိုင်ငံတွေ့ကြုံလာရဖွယ်ရှိသော အကျိုးဆက်များနှင့် ပတ်သက်၍ နိုင်ငံရေးသမားများက ရှင်းလင်းပြောဆိုလျက်ရှိကြသည်။

ကွန်ဆာဗေးတစ်ပါတီကျေနပ်မှု ရရှိစေရန်နှင့် အီးယူအား မလိုလားသူများ အားပျော့သွားစေရန်အတွက် ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက သူပြန်အရွေးခံရလျှင် လူထုဆန္ဒခံယူပွဲ ပြုလုပ်ပေးမည်ဟု လွန်ခဲ့သည့်နှစ်က ကတိပြုခဲ့သည်။

အီးယူမှ ဗြိတိန်နုတ်ထွက်ပါက စီးပွားရေး အကျိုးသက်ရောက်မှုများအရ နိုင်ငံတွင်းရှိ ဆင်းရဲနွမ်းပါးဆုံး ပြည်သူများ အထိအနာဆုံးဖြစ်နိုင်ကြောင်း ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ပြောသည်။

ထိုစဉ်အတွင်း ထင်ပေါ်ကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင် ၃၀၀ ကျော်က အီးယူမှနုတ်ထွက်မှုကို ထောက်ခံကြောင်း ဖော်ပြသည့်စာတစ်စောင်ကို လက်မှတ်ရေးထိုးကာ ထုတ်ပြန်ခဲ့ကြသည်။

**ရိုက်တာ။**

# နီပေါနိုင်ငံ၌ သစ်တောဖုံးလွှမ်းမှု နိုင်ငံဧရိယာ၏ ၄၄ ဒသမ ၇၄ ရာခိုင်နှုန်းထိ မြင့်တက်

**ခတ္တ မန္ဒူ မေ ၁၆**

နီပေါနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ဧရိယာနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူခဲ့ရာတွင် နိုင်ငံဧရိယာ ၁၄၇၁၈ စတုရန်း ကီလိုမီတာ၏ ၄၄ ဒသမ ၇၄ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

သို့ရာတွင် ဟိမဝန္တာတောင်တန်းဒေသရှိ နီပေါနိုင်ငံတွင် ၁၉၉၇ မှ ၁၉၉၈ ခုနှစ်အတွင်းက သုတေသနပြုချက်များအရ သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏ ၃၉ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

နီပေါနိုင်ငံ သစ်တောနှင့် မြေဆီလွှာထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ခံ သစ်တောသုတေသနနှင့် စစ်တမ်းဌာနနှင့် အမျိုးသားသစ်တောထုတ်ကုန်များဆိုင်ရာ စစ်တမ်းကောက်ယူရေး အဖွဲ့တို့က ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ငါးနှစ်တာကာလ ပူးပေါင်းကာ စစ်တမ်းကောက်ယူခဲ့ကြကြောင်း နီပေါအစိုးရ သတင်းဌာန အာရ်အက်စ်အက်စ်က သတင်းထုတ်ပြန်သည်။

မကြာသေးမီက ထုတ်ပြန်သော ယင်းအစီရင်ခံစာအရ နီပေါနိုင်ငံ အလယ်ပိုင်း တောင်တန်းဒေသသည် အခြားမည်သည့် ဒေသထက်မဆို ပိုမို စိမ်းလန်းစိုပြည်ပြီး နိုင်ငံတောင်ပိုင်းရှိ မြေပြန့်လွင်ပြင်ဖြစ်သည့် တာရီဒေသမှာမူ သစ်တောဖုံးလွှမ်းမှု ဧရိယာ ၆ ဒသမ ၉ ရာခိုင်နှုန်းမျှသာရှိသည်။ ယင်းဒေသ၌ နီပေါနိုင်ငံသား ဦးရေ၏ ထက်ဝက်ကျော် နေထိုင်ကြသည်။

သစ်တောဖုံးလွှမ်းမှုနှုန်း လျင်မြန်စွာ မြင့်တက်လာရခြင်းသည် ကျေးလက်ဒေသများမှ ပြည်သူများ မြို့ပြဒေသများသို့ အလုံးအရင်းဖြင့် ပြောင်းရွှေ့မှုနှင့် သစ်တောထိန်းသိမ်းရေး အစီအစဉ် များအောင်မြင်ခြင်းကြောင့် ဖြစ်ကြောင်း နီပေါ သစ်တောဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကီဝှက်ဗ်ရာဂျ်ဂူတမ်က မီဒီယာသို့ ပြောကြားသည်။

**ဆင်ဟွာ။**



## သီရိလင်္ကာ၌ မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် နှစ်ဦးသေဆုံး

**ကိုလံဘို မေ ၁၆**

သီရိလင်္ကာနိုင်ငံရှိ ဒေသအများအပြား၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံးရပြီး ပြည်သူရာပေါင်းများစွာမှာ အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက မေ ၁၆ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ ဆာဘာရာဂါမူဝါပြည်နယ် ရက်နာပူရာခရိုင်၌ လူတစ်ဦး ပျောက်ဆုံးနေပြီး ၎င်းကို ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေလျက်ရှိကြကြောင်း အဆိုပါဌာနက ပြောကြားသည်။

မေ ၁၄ ရက် မွန်လွဲပိုင်းမှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ပြည်သူ ၇၀၀၀ ကျော်မှာ အခက်အခဲများနှင့် တွေ့ကြုံရကြောင်း၊ ပြည်သူ ၄၂၂ ဦးမှာ အိုးမဲ့အိမ်မဲ့ဖြစ်ကြရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ မြို့ငယ်တစ်မြို့ဖြစ်သော ပါနာဒူရာမြို့၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ် အလုံး ၃၀ ထက်မနည်း ပျက်စီးခဲ့ရသည်။နီပေါနိုင်ငံရှိ ခရိုင်ခုနစ်ခုတွင် မြေပြိုမှုဘေးအန္တရာယ်ရှိကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

**ဆင်ဟွာ။**

# မုန်းတမံနှင့် ကြီးအုံကြီးဝတမံ ပျက်စီးမှုများနှင့် ရာဇဂြိုဟ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခုလာမည့် မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် အဆိုကို မှတ်တမ်းအဖြစ်သာထားရှိ၍ စောင့်ကြည့်သွားမည်

**နေပြည်တော် မေ ၁၆**

ထိန်းသိမ်းပြုပြင်ရန်နောက်ကျလျက်ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်းဒေသကြီး မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံ ပျက်စီးမှုများနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် နယ်စပ် ရာဇဂြိုဟ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့အတွက် ယခုလာမည့် မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းအဖြစ်သာထားရှိ၍ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး ၂၇ ရက်မြောက်နေ့၌ လွှတ်တော်ကိုယ်စားလှယ် ၄ ဦးတို့က ထောက်ခံဆွေးနွေးခဲ့ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းနှင့် အဆိုရှင် ဒေါ်ခင်စန်းလှိုင်တို့က လွှတ်တော်တွင် မှတ်တမ်းထား၍ စောင့်ကြည့်သင့်ကြောင်း တင်ပြခဲ့ကြသည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြန်လည်ရှင်းလင်းရာတွင် ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စုငွေလုံးငွေရင်း မူလရန်ပုံငွေတွင် မုန်းချောင်းရေပိုလွှဲအတွက် ကျပ်သန်း ၁၅၀၀၊ ကြီးအုံကြီးဝရေပိုလွှဲအတွက် ကျပ်သန်း ၃၅၀၀ ရရှိပြီးဖြစ်၍ ဆောင်ရွက်ရန်ရှိသည်များကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မုန်းချောင်းရေလှောင်တမံတွင် အကျယ် ပေ ၂၂၀ရှိသော အကူရေပိုလွှဲ ဖြည့်စွက်တည်ဆောက်ခြင်း၊ ကြီးအုံကြီးဝရေလှောင်တမံတွင် အကူရေပိုလွှဲအား အကျယ် ပေ ၄၅၀ အထိ တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ယခုနှစ်မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများအတွက် ထပ်မံလိုအပ်ငွေကို တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်အခြေခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တွီလွီချောင်းဖျားဒေသတွင် မြေစာများဖြင့်ပိတ်ဆို့ပြီး သဘာဝမြေပြိုကန်ဖြစ်ပေါ်ခဲ့ကြောင်း၊ ကန်ကိုယ်ထည်၏ အနေအထားအရ လက်ရှိကာလတွင် ကျိုးပေါက်ရန် မဖြစ်နိုင်သော်လည်း မိုးရာသီတွင် စီးဝင်ရေများ ထပ်မံဝင်ရောက်ပြီး ရေကျော်ကျခြင်း၊ ရေတိုက်စားခြင်းများကြောင့် ကန်ကိုယ်ထည်ကျိုးပေါက်မှုဖြစ်ပေါ်လာနိုင်ပါကြောင်း၊ မြေပြိုကန်ကျိုးပေါက်လာပါက ရောက်ရှိလာမည့် ရေထုထည်ပမာဏအား ရာဇဂြိုဟ်ရေပိုလွှဲမှ ကောင်းမွန်နိုင်နင်းစွာနှင့် ဘေးအန္တရာယ်ကင်းစွာ စီးထွက်စေနိုင်ပါကြောင်း။

အဆိုပါမြေပြိုကန်မှာ ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှဦးဆောင်၍ ဆောင်ရွက်သွားမည့်လုပ်ငန်းဖြစ်ပါကြောင်း။


ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း


ဒေါ်ခင်စန်းလှိုင်

သို့ပါ၍ မကွေးတိုင်းဒေသကြီး မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကြီးအုံကြီးဝတမံတို့၏ ရေပိုလွှဲများ ပျက်စီးမှုများနှင့်ပတ်သက်၍ မိုးမကျမီအချိန်မီပြီးစီးနိုင်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်နယ်စပ် ရာဇဂြိုဟ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ယခုလာမည့် မိုးရာသီမတိုင်မီပြီးစီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် အဆိုအား မှတ်တမ်းတင်ထားသင့်ကြောင်း ထည့်သွင်းတင်ပြသည်။

ထို့ပြင် အစည်းအဝေး၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မန်ပုံကျေးရွာအုပ်စုအတွင်းရှိ နောင်ယကျေးရွာအနီးတွင် ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ ကျောက်မီးသွေးများ တူးဖော်လျက်ရှိရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျောက်မီးသွေး၊ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုခဲ့ခြင်း ရှိ၊ မရှိ၊ သက်ဆိုင်ရာကျေးရွာပြည်သူလူထုနှင့် မည်ကဲ့သို့သဘောတူညီချက် ရယူထားသနည်း၊ ငွေရည်ပုလဲကုမ္ပဏီလီမိတက်မှ လုပ်ကိုင်လျက်ရှိသော ကျောက်မီးသွေးတူးဖော်နေခြင်းအား ချက်ချင်းရပ်ဆိုင်းပေးရန်နှင့် ဒေသတွင်း သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်းအတွက် ထိုက်သင့်သောလျော်ကြေးများ ပြန်လည်ပေးအပ်ရန် တင်ပြတိုင်ကြားစာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမှ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းချက်အပေါ် ငွေရည်ပုလဲ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ထုတ်ပေးပြီးသော ကျောက်မီးသွေးလုပ်ကွက်(၁) မြေဧရိယာ ၂၁၉ ဧက လုပ်ကွက်အား ထုတ်လုပ်မှုကူးပြောင်း၍ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးရေးကိစ္စအား ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်၊ ဓာတ်သတ္တု အကြီးစား/အသေးစားတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ တင်ပြလျှောက်ထားလာသည့် ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများ၏ လုပ်ကွက်လျှောက်ထားမှုများ စိစစ်လက်ခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ သဘောထားမှတ်ချက်နှင့် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်များ တောင်းခံခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာပြည်သူလူထုက သဘောတူထောက်ခံခွင့်ပြုမှသာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်၊ ဓာတ်သတ္တုအကြီးစား/အသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေး၍ လုပ်ကိုင်ခွင့်ချထားပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင်၏ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ရှိ တောင်သူ ၄၂ ဦး ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိသော ပုံစံ ၇ ကျပြီး ယာမြေများအား သိမ်းဆည်း၍ တရားစွဲဆိုထားခြင်းအား ရုပ်သိမ်းပေးရန်နှင့် တောင်သူများအား မြေများပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းချက်အပေါ် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကွင်းအမှတ်(၂၅၂၈/၂၅၇၈)၊ ဦးပိုင်အမှတ်(၁၂/၁၉) ကုတ္တက်အုပ်စု ဂုဏ်ကျွန်းကျေးရွာ တောင်သူ ၄၂ ဦး လုပ်ကိုင်လျက်ရှိသော ပုံစံ(၇)ကျပြီးယာမြေဧက ၇၀၀ သည် သစ်တောမြေအတွင်း ကျရောက်ခြင်းမရှိပါကြောင်းနှင့် အတင်းအဓမ္မ သိမ်းဆည်းခြင်းမရှိပါကြောင်း။

ခင်ဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ကျေးရွာသုံး ထင်းစိုက်ခင်းတည်ထောင်ရန် ခိုထောင်ကြီးဝိုင်းအတွင်း ၂၅ ဧကနှင့် ပျဉ်းထောင်ကြီးပြင်ကာကွယ်တောအတွင်း ၂၅ ဧကကို ရွေးချယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ကျေးရွာသုံးထင်းစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများဆောင်ရွက်စဉ် စိုက်ခင်းမြေနေရာများအတွင်း ကျူးကျော်လုပ်ကိုင်ခဲ့သည့် တောင်သူများဖြစ်သော ဦးအောင်ချို(သင်ပေါင်းရွာ)၊ ဦးတင်ထွန်း (လယ်သစ်တောရွာ)၊ ဦးမိုးနှင်း (ရွာစဉ်ရွာ)တို့အပေါ် သစ်တောဥပဒေပုဒ်မ ၄၂(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူတရားစွဲဆိုခြင်းသာဖြစ်ပြီး ကျူးကျော်မြေအား ပြန်လည်ပေးအပ်ရန် မရှိပါကြောင်းနှင့် တရားစွဲဆိုခြင်းအားလည်း ပြန်လည်ရုပ်သိမ်းရန်မရှိကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

---

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် မေ ၁၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးငွေဦး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်(၁၀)ပါ ဟက်ပီးဇုန်ကစားကွင်းတွင် မိန်းကလေးများအပါအဝင် ဂိမ်းကစားသူများ အောင်မြင်ပါက အမျိုးသားအင်္ဂါပစ္စည်းအတု လက်ဆောင်ပေးခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်မှ စိစစ်ပြီး ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူခြင်းမပြုဘဲ အုပ်ချုပ်ရေးလမ်းကြောင်းမှ အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဖြစ်စဉ်နှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် သတင်းဖြစ်ပေါ်မှုကို စိစစ်အရေးယူနိုင်ရန် ဒဂုံမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လက်ထောက်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့်အဖွဲ့က ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီတွင် ဟက်ပီးဇုန်ကစားကွင်းသို့ ရောက်ရှိစစ်ဆေးခဲ့ပါကြောင်း၊ ကစားကွင်းမန်နေဂျာ ဦးမြတ်ထွဋ်စံနှင့်တွေ့ဆုံပြီး ဖြစ်စဉ်အကြောင်းအရာ စိစစ်ခဲ့ရာ ကစားကွင်းဆိုင်၌ ရောင်းချသည့် ကလေးကစားစရာပစ္စည်းများကို ထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်းရာတွင် ကစားစရာပစ္စည်းများနှင့်အတူ ဆပ်ပြာဖြင့် ပြုလုပ်ထားသည့် ပန်းပွင့်ပုံ၊ သဘော်သီးပုံ၊ အုန်းသီးပုံ အပါအဝင် ဆပ်ပြာခဲ ၃၀၀ ပါရှိပြီး ၎င်းတို့အနက် အမျိုးသားအင်္ဂါတု ပုံစံဆပ်ပြာခဲ ၁၀ ခုပါရှိကြောင်း။

ထိုပုံစံဆပ်ပြာခဲများကို ကစားကွင်းမှန်ဗီရိုတွင်ထားရှိပြီး ကစားကွင်း၌ လာရောက်ဂိမ်းကစားသူများ အနိုင်ရရှိပါက အပျော်သဘောလက်ဆောင်ပေးခဲ့ပါကြောင်း၊ သွားရောက်စစ်ဆေးချိန်တွင် ၎င်းပစ္စည်းများကို ရောင်းချခြင်း၊ လက်ဆောင်ပေးခြင်းမရှိဘဲ ဆိုင်အစီအစဉ်ဖြင့် ဖျက်ဆီးခဲ့သည့်အတွက် သိမ်းဆည်းရရှိခဲ့ခြင်း မရှိပါကြောင်း၊ စစ်ဆေးရေးအဖွဲ့ သွားရောက်စစ်ဆေးရာ၌ ဆိုင်မန်နေဂျာဖြစ်သူမှ လူမှုကွန်ရက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းပစ္စည်းများလက်ဆောင်ပေးခဲ့သည်မှာ မှန်ကန်ကြောင်း ဝန်ခံခဲ့သော်လည်း လက်ရှိတွင် ဆက်လက်ထားရှိခြင်း၊ လက်ဆောင်ပေးခြင်း၊ သိမ်းဆည်းရမိခြင်းများမရှိဘဲ ဆိုင်မှ တာဝန်ရှိသူများက လူမှုကွန်ရက်၌ သတင်းဖြစ်ပေါ်မှု သိရှိချိန်တွင် ၎င်းတို့အစီအစဉ်ဖြင့် သိမ်းဆည်းဖျက်ဆီးထားသည်ကို တွေ့ရှိရပါကြောင်း။

မြေပြင်၌စစ်ဆေးစဉ် ခိုင်မာသည့် သက်သေအထောက်အထား တစ်စုံတစ်ရာ သိမ်းဆည်းရမိမှုမရှိခြင်း၊ ပတ်ဝန်းကျင် မျက်မြင်သက်သေထွက်ဆိုချက် ရယူနိုင်မှုမရှိခြင်းတို့ကြောင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းအနေဖြင့် ပြစ်မှုကြောင်းအရ အရေးယူခြင်းမပြုဘဲ အုပ်ချုပ်ရေးနည်းလမ်းအရ ဆိုင်မန်နေဂျာဖြစ်သူကို သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ခေါ်ယူ၍ ဝန်ခံကတိပြု သတိပေးမှတ်တမ်းတင် လက်မှတ်ရေးထိုးစေခဲ့ပါကြောင်း၊ ထို့ပြင် မြေငှားရမ်းပေးခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနအနေဖြင့် နောင်တွင် ဤကဲ့သို့ မလိုလားအပ်သောဖြစ်စဉ်များ ထပ်မံမဖြစ်ပွားရေးအတွက် ကစားကွင်းပိုင်ရှင်ဖြစ်သူကို နောက်ဆုံးအကြိမ် သတိပေးခြင်း၊ ဝန်ခံကတိပြုလက်မှတ်ရေးထိုး မှတ်တမ်းတင်ခြင်းများရယူ၍ အရေးယူဆောင်ရွက်ခဲ့ပြီး ဌာန၏ စိစစ်ညွှန်ကြားမှုအပေါ် လိုက်နာမှုမရှိဘဲ ထပ်မံဖြစ်ပေါ်ပါက စာချုပ်ချုပ်ဆို ငှားရမ်းထားရှိမှုအား အပြီးသတ်ပိတ်သိမ်းဖယ်ရှားသည်အထိ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တင်ပြချက်အရ သိရှိရပါကြောင်းဖြေကြားသည်။


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးငွေဦး


ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

ထို့နောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်က ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို မေ ၁၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်းသိရသည်။

**(သတင်းစဉ်)**

# ခေတ်ထဲက ရသ၊ ရသထဲက ခေတ်

## ပုညခင်

**စာရေးသူတစ်ဦးသည် ဘယ်ကိုမှ မသွား၊ ဘာကိုမှ မလေ့လာဘဲ အခန်းထဲတွင် အမြဲထိုင်၍ စာရေးနေလို့မဖြစ်တော့။ ပြောင်းလဲလာသော ခေတ်အခြေအနေနှင့် အဖြစ်အပျက်များပေါ်တွင် စိတ်ဝင်တစားပါဝင်စီးမျော ကျင်လည်လေ့လာလျက် နေ့စဉ်နှင့်အမျှ ကြိုးစားအားထုတ်နေမှသာလျှင် ခေတ်ရေစီးကြောင်းထဲက လူငယ်များ၏ စိတ်အာရုံကို လွှမ်းမိုးဖမ်းစားနိုင်မည့် စာပေများကို ဖန်တီးရေးဖွဲ့နိုင်မည်။**

ကျွန်မသည် ရသစာပေ ရေးသားသူတစ်ဦးသာဖြစ်ပြီး သုတေသနပညာရှင်တစ်ဦးမဟုတ်သဖြင့် ယခုရေးသားမည့်အကြောင်းအရာများကို 'စာတမ်း'ဟူ၍ အမည်မပေးလိုပါ။ ၁၉၉၃ ခုနှစ်မှ ယခု ၂၀၁၅ ခုနှစ်အထိ ၂၂ နှစ်တာကာလအတွင်း ကျွန်မ၏စာပေဘဝဖြတ်သန်းမှု အတွေ့အကြုံများနှင့်ယှဉ်၍ တွေးခေါ်ယူဆမိသမျှကို ပြန်လည်ဝေမျှခြင်းဟုသာ ယူဆစေလိုပါသည်။

ယခုခေတ်အခါတွင်-

'လူငယ်တွေစာမဖတ်ဖြစ်ကြတော့ဘူး'၊ 'ခုခေတ်လူငယ်တွေက ဘာမှအလေးအနက်မရှိကြတော့ဘူး။ အားရင် ဖုန်းပဲပွတ်နေကြတာ'၊ 'ဖေ့စ်ဘွတ်ပေါ်မှာပဲ အချိန်ကုန်နေကြတာ'၊ 'စာအုပ်ဈေးကွက်ပျက်တော့မယ်'၊ 'စာအုပ်အငှားဆိုင်တွေ မရှိကြတော့ဘူး'၊ 'စာအုပ်တိုက်တွေ ပိတ်သိမ်းရတော့မယ်၊' 'အင်တာနက်တွေ၊ ဖေ့စ်ဘွတ်တွေကြောင့် စာအုပ်ဈေးကွက် ပျက်စီးရတာ'ဟူသော စကားများကို ကျွန်မတို့ မကြာခဏ ကြားရလေ့ရှိသည်။

ထိုစကားများသည် အမှန်တရား ဟုတ်ပါရဲ့လား။ တကယ်ပဲ လူငယ်တွေ စာမဖတ်ကြတော့ဘူးလား။ ရသကို နည်းပညာများစွာက ဝါးမျိုဖျက်ဆီးလိုက်ကြပြီလား။

ထိုစကားများကို ကြားနေလျက်နှင့်ပင် စာအုပ်ဆိုင်ကြီးများက ဆိုင်ခွဲတွေဖွင့်လှစ်လာခဲ့ကြသည်။ စူပါမားကက်များရှိ စာအုပ်ကောင်တာများတွင် စာအုပ်များစွာ ရောင်းချနေကြရသည်။ စာအုပ်အငှားဆိုင်တွေမရှိလို့ ဘယ်မှာ သွားငှားဖတ်ရမှန်းမသိဘူးဟူသော စကားများကြားနေရချိန်တွင် စာအုပ်ရောင်းဆိုင်များ၌ ဝယ်ဖတ်သူများ တိုးပွားလာခဲ့ကြသည်။ ရသစာပေနှင့် မရပ်တည်နိုင်ကြတော့ဘူးလားဟူသော ပြောစကားများရှိနေလျက်နှင့်ပင်။ တချို့သော ရသစာပေဆရာများ၏ စာအုပ်များ စောင်ရေများစွာ ရိုက်နှိပ်ရောင်းချလာခဲ့ကြသည်။

ခြုံငုံပြောဆိုသောသတင်းစကားနှင့် လက်တွေ့အဖြစ်အပျက်တို့ကြားတွင် ခြားနားမှုတစ်စုံတစ်ရာရှိသည့် အမှန်တရားသည် သိသာထင်ရှားစွာပေါ်ထွက်လာခဲ့ပါသည်။

ထိုခြားနားမှုအကြောင်းကို ကျွန်မတို့ အဖြေရှာရတော့မည်ဖြစ်သည်။

**၁။ လူငယ်တွေ အသိဉာဏ်မြင့်လာတာလား၊ အသိဉာဏ် နိမ့်လာတာလား**

ကျွန်မကတော့ လူငယ်တွေ အသိဉာဏ်မြင့်လာတာဟုသာ ဆိုချင်ပါသည်။ ခုခေတ် (၁၈)နှစ် လူငယ်သည် ကျွန်မတို့ (၁၈) နှစ်အရွယ်တုန်းကလို မဟုတ်တော့ပါ။ သူတို့သည် ကမ္ဘာကြီးကို ကျယ်ပြန့်စွာမြင်ခွင့်ရသည်။ ကမ္ဘာပေါ်က အဖြစ်အပျက်တွေကို မိနစ်ပိုင်းအတွင်း သိခွင့်ရသည်။ သိချင်တာရှိလျှင် အင်တာနက်ကွန်ရက်ကို အသုံးပြုမွှေနှောက်ရှာဖွေနိုင်သည်။ အသွားအလာ၊ အသိအမြင် ကျယ်ပြန့်လာသည်။ ကမ္ဘာပေါ်က အနုပညာဖန်တီးမှုများ၊ အတတ်ပညာများကို ထိုင်ရာမထ မြင်တွေ့လေ့လာခံစားလို့ရသည်။ ထို့ကြောင့် လူငယ်များအပါအဝင် စာဖတ်ပရိသတ်များသည် ပြောတိုင်းယုံသည့် ပုတ်သင်ညိုများ မဟုတ်ကြတော့ချေ။

စာရေးသူက မရောက်ဖူးသည့် အရပ်ဒေသတစ်ခုကို ရမ်းရေးလိုက်လျှင်၊ အလွဲအမှားတစ်ခုဖြစ်ခဲ့လျှင် ရောက်ဖူးသူ၏ သရော်ခြင်းခံရမည်။ ကိစ္စတစ်ခု၊ ပညာရပ်တစ်ခုကို ဂဃနဏမသိဘဲ၊ မလေ့လာဘဲ ရမ်းမှန်းရေးလိုက်လျှင် ကိုယ့်ထက်လေ့လာသိမြင်ထားသော စာဖတ်သူ၏ အထင်သေးမှုကို ခံရမည်။ ခေတ်ကာလတိုးတက်၍ စာဖတ်သူလူငယ်များ အသိအမြင် ကျယ်ပြန့်လာလေ သူတို့ကို လွှမ်းမိုးဖမ်းစားနိုင်မည့်စာပေမျိုး ဖန်တီးဖို့ ခက်ခဲလေဖြစ်သည်။

**၂။ စတော်ဘယ်ရီပင်အောက်က စာရေးဆရာလား**

ကျွန်မတို့ ငယ်စဉ်ကပင် ပြောစမှတ်တစ်ခု ရှိခဲ့ဖူးသည်။ စာရေးဆရာမတစ်ဦးက စတော်ဘယ်ရီပင်ကို မမြင်ဖူးပဲ စတော်ဘယ်ရီပင်အောက်က ခုံမှာထိုင်သည်ဟု ရေးလိုက်သည်ဟုဆိုကာ အချစ်ဝတ္ထုရေးစာရေးဆရာတချို့ကို လှောင်ပြောင်ခြင်း ခံရသည်။ တချို့သော သူများက စာရေးဆရာမတစ်ယောက်ယောက်နှင့် ဆုံလိုက်လျှင် စတော်ဘယ်ရီပင်အောက်မှာ ထိုင်သလိုတော့ မဖြစ်စေနဲ့နော်ဟု ကျီစယ်ချင်ကြသည်။

စာရေးသူတစ်ဦးသည် ဘယ်ကိုမှ မသွား၊ ဘာကိုမှ မလေ့လာဘဲ အခန်းထဲတွင် အမြဲထိုင်၍ စာရေးနေလို့မဖြစ်တော့။ ပြောင်းလဲလာသော ခေတ်အခြေအနေနှင့် အဖြစ်အပျက်များပေါ်တွင် စိတ်ဝင်တစားပါဝင်စီးမျော ကျင်လည်လေ့လာလျက် နေ့စဉ်နှင့်အမျှ ကြိုးစားအားထုတ်နေမှသာလျှင် ခေတ်ရေစီးကြောင်းထဲက လူငယ်များ၏ စိတ်အာရုံကို လွှမ်းမိုးဖမ်းစားနိုင်မည့် စာပေများကို ဖန်တီးရေးဖွဲ့နိုင်မည်ဖြစ်သည်။

ထို့ကြောင့် လူငယ်များအား စာမဖတ်တော့ဘူးဟု အပြစ်မတင်မီ ကျွန်မတို့ကိုယ်တိုင်လည်း မိမိကိုယ်ကို စတော်ဘယ်ရီပင်အောက်က စာရေးဆရာမဖြစ်အောင် ကြိုးစားရမည်ဟု သတိချပ်မိပါသည်။

**၃။ ဝယ်ဖတ်စာအုပ်လား၊ ငှားဖတ်စာအုပ်လား**

စာအုပ်အငှားဆိုင်တွင် ငယ်ရွယ်သောစာဖတ်ပရိသတ်များ ငှားရမ်းဖတ်ရှုလေ့ရှိကြသော ဝတ္ထုများကို အချစ်ဝတ္ထုများ၊ အပျော်ဖတ်ဝတ္ထုများဟူ၍ အမည်တပ်လေ့ရှိခဲ့သည်။

ထိုစာအုပ်အများစုကို ဘားမားစက္ကူဖြင့်သာ ရိုက်နှိပ်လေ့ရှိသည်။ ထိုစာအုပ်များကို (၃၁)လမ်း၊ (၃၂)လမ်း စသည့် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်သည်။ ထိုစာအုပ်ဆိုင်များတွင် လာရောက်ဝယ်ယူသူအများစုမှာ စာအုပ်အငှားဆိုင်ရှင်များဖြစ်ကြသည်။ တစ်ခေတ်တစ်ခါက စာအုပ်အငှားဆိုင်လေးများသည် မိသားစုထမင်းအိုးတည်နိုင်သော အိမ်တွင်းလုပ်ငန်းငယ်လေးများ ဖြစ်ခဲ့သည်။ အားကောင်းမောင်းသန်ထွက်ရှိလာသော လုံးချင်းဝတ္ထုများကြောင့်ပင် စာအုပ်အငှားဆိုင်များ၊ အရောင်းဆိုင်များ အောင်မြင်အဆင်ပြေခဲ့ကြသည်။ ထုတ်ဝေသူများလည်း သူဌေးဖြစ်ခဲ့ကြသည်။ စာရေးဆရာများလည်း တိုက်ဆောက်၊ ကားစီး နာမည်ကြီးခဲ့ကြသည်။

ပန်းဆိုးတန်းရှိ စာအုပ်အရောင်းဆိုင်ကြီးများတွင်တော့ ထိုစာအုပ်များကို တင်ရောင်းလေ့မရှိချေ။ ထိုဆိုင်ကြီးများတွင် တင်ရောင်းသည့် စာအုပ်များကိုတော့ 'လိုင်းစာအုပ်များ'ဟု အလွယ်တကူခေါ်လေ့ရှိကြသည်။ ထိုဆိုင်များတွင် ဆရာမြသန်းတင့်၏ ဘာသာပြန်လက်ရာများကို ရနိုင်သည်။ ဆရာမကြည်အေး၊ ဂျာနယ်ကျော်မမလေး၊ ခင်နှင်းယု၊ တက္ကသိုလ်ဘုန်းနိုင် စသည့် စာရေးဆရာ၊ ဆရာမကြီးများ၏ ဝတ္ထုများ၊ အခြားသော သုတ၊ ရသ စာအုပ်များကို ဝယ်ယူရရှိနိုင်သည်။ ထိုလိုင်းစာအုပ်များသည် ထွက်ထွက်ချင်းလျင်မြန်စွာ ရောင်းမကုန်တတ်သော်လည်း နှစ်ကာလရှည်ကြာ အကြိမ်ကြိမ်ရိုက်နှိပ်ရောင်းချလေ့ရှိသည်။ အငှားဆိုင်ဖတ် လုံးချင်းဝတ္ထုများမှာ ထွက်ထွက်ချင်း စောင်ရေများများ ရောင်းကုန်တတ်သော်လည်း အကြိမ်ကြိမ်ရိုက်နှိပ်ရောင်းချတာမျိုးတော့ မရှိတတ်။ မဂ္ဂဇင်းကဲ့သို့ပင် တစ်လချင်း ရောင်းအားဖြင့် သွားလေ့ရှိသည်။

ထိုသို့သော အငှားဆိုင်ဖတ်စာအုပ်လိုင်းတွင် အောင်မြင်သော စာရေးဆရာများသည် စာပေနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ခဲ့ကြသည်။ သို့သော် စာပေလောကသားတချို့ကမူ ထိုကဲ့သို့သော စာရေးဆရာများကို ငွေအတွက် စာရေးသူ၊ အပျော်ဖတ်စာပေ ရေးသားသူ၊ လူငယ်များကို အဆိပ်အတောက်ပေးသူစသဖြင့် စွပ်စွဲလျက် စာပေအဆင့်အတန်းခွဲခြားသတ်မှတ်ခဲ့ကြသည်။

**၄။ စာပေအဆင့်အတန်း ခွဲခြားသတ်မှတ်သင့်ပါသလား**

စာပေအဆင့်အတန်း ခွဲခြားသင့်၊ မသင့် စဉ်းစားရာတွင် မည်သည့်အချက်များကို စံပြု၍ ဆုံးဖြတ်သင့်သည်ကို စဉ်စားကြည့်ရမည်ဖြစ်ပါသည်။

တိုင်းပြည်တစ်ခုတွင် စာပေအမျိုးအစားအမျိုးမျိုးရှိကြစမြဲဖြစ်ပါသည်။ ကလေးဖတ်စာပေ၊ လူငယ်ကြိုက်စာပေ၊ လူကြီးကြိုက်စာပေစသဖြင့် အရွယ်အမျိုးမျိုး၊ လူတန်းစားအမျိုးမျိုးနှစ်သက်သည့် စာပေပုံစံများ ကွဲပြားခြားနားလေ့ရှိသည်။

ကလေးတွေကြိုက်သောစာအုပ်ကို လူကြီးတွေက ကောက်ဖတ်ပြီး "ကလေးကလားနဲ့ကွာ"၊ "အဓိပ္ပာယ်မရှိတာ"ဟု ပြောလို့မရ။ ယုတ္တိမရှိသော်လည်း ကလေးများ၏ ဖန်တီးမှု၊ ခံစားမှုစွမ်းရည်ကို လှုံ့ဆော်ပေးနိုင်ရန် ဆန်းပြားစွာ ဖန်တီးရေးဖွဲ့ထားသည့် ပုံဝတ္ထုများ များစွာရှိသည်။ ထိုပုံဝတ္ထုများကို လူကြီးများ၏ စံနှုန်းဖြင့် ဝေဖန်ပြစ်တင်လို့မရ။

ထိုနည်းတူ လူငယ်များနှစ်သက်သည့်စာပေကိုလည်း "အပေါစားတွေပါကွာ"၊ "တန်ဖိုးမရှိပါဘူး" ဟု ပြစ်တင်လို့မသင့်ပေ။ သူ့အရွယ်နှင့်သူ ကြိုက်နှစ်သက်သည့် စာပေပုံစံချင်းမတူညီနိုင်ပေ။ စာပေပုံစံချင်း၊ ပစ်မှတ်ထားသည့် စာဖတ်ပရိသတ်ချင်း ကွာခြားမှုရှိတိုင်း စာပေအဆင့်အတန်း အနိမ့်အမြင့် ခွဲခြားသတ်မှတ်လို့ မရနိုင်ပေ။

အငှားဆိုင်ဖတ်စာပေများ ရေးသားသူများထဲတွင် မိမိတို့ ရပ်တည်သည့်လိုင်းတွင် ပရိသတ်အခိုင်အမာရှိသော၊ ပရိသတ်ချစ်ခင်လေးစားမှုကိုရရှိသော၊ အချစ်ဝတ္ထုများ ရေးသားသော်လည်း လူငယ်များကို ကောင်းရာမွန်ရာ လမ်းညွှန်ပေးနိုင်သော၊ ဗဟုသုတများပေးနိုင်သော စာရေးဆရာများလည်းရှိရာ ထိုစာရေးဆရာများကို အဆင့်နိမ့်သူဟု သတ်မှတ်လို့မရနိုင်။

သို့သော် ထိုစာရေးဆရာများကြားတွင် စာပေအဆင့်အတန်း ခွဲခြားသတ်မှတ်မည်ဆိုက ခွဲခြားသတ်မှတ်သင့်သော စာရေးသူများလည်း ရှိသည်ကိုတွေ့ရပါသည်။

**၅။ စာပေနှင့် အသက်မွေးဝမ်းကျောင်းတာလား၊ စာပေဖြင့်လုပ်စားတာလား**

ဝါသနာအရ စာရေးခဲ့ပြီး စာရေးခြင်းဖြင့် အောင်မြင်မှုရလာသောအခါ ထိုစာရေးခြင်းမှရလာသော ငွေကြေးဖြင့် အသက်မွေးဝမ်းကျောင်း ရပ်တည်နိုင်သည်မှာ ဂုဏ်ယူကျေနပ်ဖွယ်ဖြစ်သော်လည်း အစွန်းတစ်ဖက်ဖြစ်သော "စာပေဖြင့်လုပ်စားခြင်း"သို့ မရောက်ရန်မှာလည်း အရေးကြီးလေသည်။

နှစ်ကာလရှည်ကြာ အားကောင်းမောင်းသန်ရှိခဲ့သော လုံးချင်းဝတ္ထုလိုင်းသည် ၂၀၁၃ ခုနှစ် နောက်ပိုင်းမှစတင်၍ တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ ခေတ်ကာလ ပွင့်လင်းလာသည်နှင့်အမျှ နည်းပညာများ တိုးတက်ထွန်းကားသည်နှင့်အမျှ အငှားဆိုင်ဖတ်လုံးချင်းဝတ္ထုများ၏ အခြေအနေသည် ကျဆင်းလာခဲ့သည်။

အဘယ့်ကြောင့် ထိုသို့ကျဆင်းရပါသနည်း။

ထိုသို့ကျဆင်းခြင်းအတွက် စာဖတ်သူများကို အပြစ်တင်သင့်ပါရဲ့လား။

စာဖတ်သူကိုအပြစ်မတင်မီ စာရေးသူများဘက်ကို အရင်ပြန်စဉ်းစားရမည်ဖြစ်သည်။

ထိုစာအုပ်အမျိုးအစားများထဲတွင် စေတနာမှန်ဖြင့် ရိုးသားစွာ ကိုယ်တိုင်ရေးနေသော စာရေးဆရာများရှိသော်လည်း ငွေကြေးအတွက် လုပ်စားသော စာရေးဆရာ အမည်ခံများလည်း ရှိခဲ့လေသည်။

တချို့အမည်ခံစာရေးဆရာများက နာမည်ကလေးတစ်ခုရလာလျှင် ကိုယ်တိုင်စာမရေးချင်ကြတော့ပေ။ ဝါသနာရှင်ကလေးများထံမှ စာမူများကို သောင်းဂဏန်းဖြင့် ဝယ်ယူတည်းဖြတ်ကာ မိမိအမည်တပ်၍ ထုတ်ဝေပြီး အမြတ်အစွန်းသိန်းပေါင်းများစွာ ရယူကြသည်။ တချို့က ထိုင်ရာမထ နိုင်ငံခြားကားများကို တိုက်ရိုက်ပုံတူကူး၍ ရေးကြသည်။ အညီအဟောက်များကို အသားပေး၍ ရေးခဲ့ကြသည်။

အမှန်တကယ်တော့ စေတနာသည် အသွား၊ အပြန်ရှိ၏။ ရိုးသားမှုသည် တန်ခိုးကြီး၏။ စာရေးသူက စေတနာမမှန်သောအခါ စာဖတ်သူသည် စေတနာပျက်၏။ စာရေးသူက မရိုးသားလျှင် ထိုမရိုးသားမှုကို စာဖတ်ပရိသတ်များက ခံစားမိကြစမြဲဖြစ်သည်။ ထို့ကြောင့်ပင် လုံးချင်းဝတ္ထုလောကသည် တဖြည်းဖြည်းကျဆင်းလာကာ စေတနာမှန်သော စာရေးဆရာ အနည်းစုသည်သာ တင်ကျန်ရစ်လေသည်။ အမှန်တော့ စပါးကိုဖျက်သည်မှာ စပါးထဲကပိုးဖြစ်ပြီး ဝါကိုဖျက်သည်မှာလည်း ဝါထဲက ပိုးပင်ဖြစ်သည်။

ထိုသုံးသပ်ချက်တွင် ဆင်ခြင်ပေးစရာရှိသည်မှာ လူငယ်များ စာမဖတ်တော့တာ အင်တာနက်ကြောင့်၊ ဖေ့စ်ဘွတ်ကြောင့်ဟူ၍ဖြစ်သည်။ သို့ဆိုလျှင် လိုင်းစာအုပ်တန်းရှိ ဝယ်ဖတ်စာအုပ်များသည် အဘယ့်ကြောင့် ရောင်းအားတက်လာရပါသနည်း။

နိုင်ငံရေးစာအုပ်များသာ ရောင်းရသည်ဟု တချို့က ဆိုကောင်းဆိုနိုင်ပါသည်။ သို့သော် ရသဝတ္ထုလိုင်းတွင် ရှေးယခင်က စာရေးဆရာ၊ ဆရာမကြီးများ၏ စာအုပ်များသည် အကြိမ်ကြိမ်ရိုက်နှိပ်နေရဆဲ။ ဆရာမမစန္ဒာ ဝတ္ထုတိုစာအုပ်များ ရောင်းနေရဆဲ၊ ခင်ခင်ထူး၏ တောဓလေ့သဘာဝစာအုပ်လေးများကို နှစ်သက်နေဆဲ၊ ဆရာမဂျူး၊ ဆရာလက်ာရည်ကျော်တို့၏ လုံးချင်းဝတ္ထုများ ရောင်းအားကောင်းဆဲ၊ ဆရာမင်းလူ၏ စာအုပ်များ၊ ဝတ္ထုတိုပေါင်းချုပ်များလည်း ရောင်းကောင်းဆဲ။ အခြားသော သုတပိုင်းဆိုင်ရာများ၊ အတ္ထုပ္ပတ္တိစာပေများလည်း ရောင်းကောင်းဆဲဖြစ်သည်။

ထိုအချက်များကို ခြုံငုံ၍သုံးသပ်ကြည့်လျှင် မြန်မာပြည်သူပြည်သားများသည် နည်းပညာတိုးတက်လာလို့ စာမဖတ်တော့တာလည်းမဟုတ်၊ ဖေ့စ်ဘွတ်သုံးစွဲတာကြောင့် စာမဖတ်တော့တာလည်းမဟုတ်၊ အသိဉာဏ်နိမ့်ကျလာလို့ စာမဖတ်တော့တာလည်းမဟုတ်၊ အချိန်ရှားပါးသော စားဝတ်နေရေးအတွက် ရုန်းကန်ကြရသော ခေတ်ကာလကြီးထဲတွင် မိမိတို့အတွက် တစ်စုံတစ်ရာ အကျိုးကျေးဇူးမရနိုင်သော စာပေများကို ဖတ်ရှုဖို့ အချိန်မပေးလိုတော့ခြင်းသာ ဖြစ်သည်။ ရွေးချယ်တတ်သွားခြင်းသာဖြစ်ပါသည်ဟု ကျွန်မအနေဖြင့် သုံးသပ်မိပါသည်။

**၆။ အချိန်ကို စီမံခန့်ခွဲခြင်း**

တစ်ခါတစ်ရံ စာရေးဆရာဟူသည် စာပေများ စဉ်ဆက်မပြတ်ဖန်တီးရေးဖွဲ့နိုင်ဖို့အတွက် တစ်ကိုယ်တော် သာယာမှုများကို စွန့်လွှတ်ထားရလေ့ရှိပါသည်။

စာရေးဆရာတစ်ယောက်သည် အောင်မြင်လာသည်နှင့်အမျှ ပြင်ပအဖွဲ့အစည်းများ၊ ပွဲလမ်းများ၊ စာပေဟောပြောပွဲများ၊ အခမ်းအနားများက လိုလားစွာ ဖိတ်ခေါ်မှုကို ခံရလေ့ရှိသည်။ လူပုံအလယ်၌ လူအများ၏ အရေးပေးခံရခြင်း၊ လူများနှင့် ဆက်ဆံရခြင်းသည် သာယာကျေနပ်ဖွယ်ဖြစ်သည်။ သို့သော် ထိုအခြေအနေများကို ဆက်တိုက်လက်ခံလေ၊ တစ်ကိုယ်တည်းသီးသန့် အချိန်များကို ဆုံးရှုံးရလေဖြစ်သည်။ စာရေးဆရာတစ်ယောက်အတွက် သီးသန့်နေထိုင်စာရေးချိန်သည် လိုအပ်သည်။ အထူးသဖြင့် ရသစာပေဖန်တီးသူများသည် မိမိတို့၏ အနုပညာဖန်တီးနိုင်စွမ်းကို ပံ့ပိုးပေးနိုင်သည့် အခြေအနေများကို ရှာဖွေဖန်တီးဖို့လည်း လိုအပ်သည်။ အခမ်းအနား ဘေးပန်းအလုပ်များစွာဖြင့် လူက အပြင်၌သာ အချိန်ကုန်နေပါက စာများများရေးနိုင်ကြတော့မည်မဟုတ်ပေ။ သို့ဖြစ်၍ အိမ်တွင်းအောင်း၍ စာအမြဲရေးရမည်ဟုလည်း မဆိုလို။ လူတွေအကြောင်း၊ လူ့ပတ်ဝန်းကျင်အကြောင်းရေးသားသည့် စာရေးဆရာသည် လူတွေနှင့် ရောနှောနေထိုင်ရမည်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့် ထိတွေ့ရမည်သာဖြစ်သည်။ သို့သော် လူအများကြားသို့သွားလာနေထိုင်ချိန်နှင့် တစ်ကိုယ်တည်းသီးသန့်တွေးတောချိန်၊ စာရေးချိန်တို့ကို ဟန်ချက်ညီအောင် ထိန်းညှိနေထိုင်ရမည်ဖြစ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

**(၂၀၁၅ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် စာပေဗိမာန်ခန်းမ၌ကျင်းပပြုလုပ်ခဲ့သော မြန်မာစာအုပ်လောက စာတမ်းဖတ်ပွဲတွင် ဆရာမပုညခင်ရေးသားဖတ်ကြားဖြန့်ဝေခဲ့သည့် ရသစာတမ်းကို ပြန်လည်ဖော်ပြပါသည်။)**

# စည်းလုံးညီညာ အောင်ကြောင်းဖြာ (သို့မဟုတ်)မဝေးတော့သည့် ဒီမိုကရေစီပန်းတိုင်ဆီသို့ . . . .

**ရန်ကြီးအောင်(ရွှေနိုင်ငံ)**

အစိုးရသစ်ကာလတွင် ပထမဦးဆုံးပြုလုပ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ပြီးခဲ့သည့်ရက်ပိုင်းက ပြုလုပ်ခဲ့ပါသည်။ ထိုပွဲတွင် လက်ရှိအစိုးရအပေါ်ထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောထားများ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရသစ်နှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ကြားခဲ့ကြရပြီး ဖြစ်ကြပါသည်။ ထိုသတင်းစကားကို ကြားခဲ့ရသည့်အတွက် နိုင်ငံ့ကောင်းကျိုးကို မျှော်ကိုးမိသည့် ပြည်သူများအဖို့ ဝမ်းသာသည့်စိတ်ဖြင့် မိမိတတ်နိုင်သည့်ဘက်မှ အားတက်သရော ပါဝင်ကူညီအားဖြည့်လိုသည့်စိတ်များလည်း ဖြစ်ခဲ့ကြပေမည်။ အမှန်ဆိုရလျှင် နိုင်ငံတစ်ခုကို တိုးတက်အောင် တည်ဆောက်ကြရမည်ဆိုလျှင် နိုင်ငံသား များ၏ ပေါင်းစည်းအားနှင့် ညီညွတ်ရေးအားသည် အဓိက အရေးကြီးပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏သမိုင်းကြောင်း အဆက်ဆက် လေ့လာကြည့်ကြလျှင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သည့် နိုင်ငံ့ခေါင်းဆောင်များအချင်းချင်း စည်းလုံးညီညွတ်ကြလျှင် တိုင်းပြည်သည်လည်း စည်ပင်သာယာဝပြောလျက် တိုင်းသူပြည်သားအများစုသည်လည်း စိတ်လက်ပျော်ရွှင်ရှိကြရကြောင်း တွေ့ရှိကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ နိုင်ငံ့ခေါင်းဆောင်များ အချင်းချင်းစည်းလုံးမိခဲ့ကြသည့် ပထမမြန်မာနိုင်ငံတော်ကာလ၊ ဒုတိယမြန်မာနိုင်ငံတော်ကာလနှင့် တတိယမြန်မာနိုင်ငံတော် ထူထောင်ခဲ့ကြသည့်ကာလများတွင် နိုင်ငံ့ခေါင်းဆောင်များအကြား အထူးစည်းလုံးကြလျက် တိုင်းရင်းသားပေါင်းစုံ ပေါင်းစုကာ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ခဲ့ကြကြောင်း တွေ့ရှိကြရမည်ဖြစ်ပါသည်။

ဤအချိန်အခါသည် ကျွန်ုပ်တို့ပြည်သူများအတွက် အချိန်အခါကောင်းတစ်ခုကို ရရှိပိုင်ဆိုင်နေကြရသည့် အချိန်ဟုဆိုလျှင်လည်း မှားမည်မထင်ပါ။ အစိုးရသစ်၏ အုပ်ချုပ်ရေးဌာနဆိုင်ရာများအနေဖြင့်လည်း ပြည်သူများအတွက် ပြောင်းလဲရေးအစီအမံများကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သလို အချို့ကိစ္စအတော်များများ အရှိန်ရစပြုနေပြီဟုဆိုလျှင်လည်း မမှားနိုင်ပေ။ နောက်ဌာနဆိုင်ရာများအလိုက် ပြည်သူများအတွက် ပထမရက် ၁၀၀ လုပ်ဆောင်မည့်အစီအစဉ်များကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်မည့် အလားတူအစီအစဉ်များကို လည်းကောင်း ဆိုင်ရာများမှ ထုတ်လွှင့်ကြေညာပေးကြမည်ဟုလည်း ကြားသိနေကြရမည်ဖြစ်ပါသည်။

ထိုသို့သော ဝန်ကြီးဌာနတစ်ခုချင်းစီ၏ တိုးချဲ့/ဖြေလျှော့မည့် လုပ်ဆောင်ချက်များကိုလည်း ပြည်သူများ သိရှိနိုင်စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် နေ့အလိုက်ပြသမည့်အချိန်များ၊ နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းဖော်ပြမည့် အစီအမံများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက မေ ၁၃ ရက်နေ့မှ စတင်ကာ ကြိုတင်သတင်းပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာထားသည်ကိုလည်း တွေ့ရှိကြရမည်ဖြစ်ပါသည်။

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက်လည်း ၎င်းတို့ဆောင်ရွက်သည့် အဆင့်တိုင်းတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်ခွင့်ရရှိရေး ဦးတည်ချက်ထားကာ အမှန်လက်တွေ့တွင် အကောင်အထည်ပေါ်လာစေရေး ဆောင်ရွက်နေလျက်ရှိကြောင်းကိုလည်း တွေ့ရှိနေရပါသည်။

ဥပဒေပြုရေးအပိုင်းကို လေ့လာကြည့်ကြမည်ဆိုလျှင် ယနေ့အချိန်အထိ ဥပဒေအသစ်တစ်ခုကို ထုတ်ပြန်ကြေညာခဲ့ပြီး ဥပဒေ ခြောက်ခုကို ရုပ်သိမ်းရန်၊ ဥပဒေ ငါးခုကို ပြင်ဆင်ရန်နှင့် ဥပဒေအသစ်တစ်ခုကို ပြဋ္ဌာန်းရန် လွှတ်တော်များအတွင်း တင်သွင်းဆွေးနွေးလျက်ရှိသည်ကို ကြားသိကြမည်ဖြစ်ပေသည်။ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးငှာ ယနေ့အချိန်ထိ လွှတ်တော်အတွင်း တင်သွင်း ခဲ့ပြီးဖြစ်သည့်အဆို ကိုးခုနှင့် မေးခွန်း ၂၉ ခု တို့ကို မေးမြန်းတင်သွင်းခဲ့ကြကြောင်းကိုလည်း တွေ့ရှိနေရပါသည်။ အလားတူ တရားစီရင်ရေးကဏ္ဍတွင်လည်း တိုးတက်ပြောင်းလဲလာမှုများကို လေ့လာကြည့်ကြလျှင် မြင်နိုင်ကြမည်ဖြစ်ပါသည်။

ဆိုလိုသည်မှာ ကျွန်ုပ်တို့နိုင်ငံ၏ ဒီမိုကရေစီစနစ်ကို စတင်ဖော်ဆောင်လာခဲ့သည့် လွန်ခဲ့သည့် ငါးနှစ်ခန့်မှစ၍ ယနေ့အချိန်အထိ ဤခရီးသည် အတော်အသင့် ခရီးပေါက်ခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။ ယနေ့အချိန်အခါသည် နိုင်ငံတစ်ခု၏ဖွံ့ဖြိုးတိုးတက်ရေးလမ်းစကို စတင်တွေ့ရှိကြရသည့်အချိန်အခါတစ်ခုဟု ဆိုလျှင်လည်းမမှားနိုင်ချေ။ လမ်းစတွေ့နေရသည့်အချိန်တွင် နိုင်ငံ့ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပေါင်းစုကာ ညီညီညွတ်ညွတ်ဖြင့် သွားကြရတော့မည့်အချိန်တစ်ခုကို အမှန်တကယ် ကျရောက်လျက်ရှိနေပါသည်။ ယခုတစ်ကြိမ်တွင်မှ တွင်ကျယ်အောင်၊ခရီးပေါက်အောင် မလျှောက်လှမ်းနိုင်ကြလျှင်ဖြင့် အနာဂတ်အရေးရင်လေးဖွယ်ရာဖြစ်နေတော့မည်ဟုလည်း နိုင်ငံ့အရေး လေ့လာဆန်းစစ်နေကြသူများက ဆိုနေကြပါသည်။

ကျွန်ုပ်တို့နိုင်ငံ၏ အတိတ်သမိုင်းကြောင်းများဖြင့် ယှဉ်ထိုးပြီး အခြားနိုင်ငံများ၏ နိုင်ငံရေးလှုပ်ရှားမှုများ၊ ပြုပြင်ပြောင်းလဲခဲ့မှုများအကြောင်း လေ့လာဆန်းစစ်ကြည့်လျှင် လည်းဆန်းစစ် သင်ခန်းစာယူရန်လိုအပ်လာပါသည်။ ထိုခေတ်ချိန်ခါကာလတွင် ကျွန်ုပ်တို့နိုင်ငံနှင့် ပထဝီအနေအထားအရသော်လည်းကောင်း၊ နိုင်ငံရေးဖြတ်သန်းကြရခြင်း တူညီမှုအရသော်လည်းကောင်း၊ ပြည်သူအများစုမှ ခေတ်ဆိုး၊ စနစ်ဆိုးတစ်ခုကို ပြိုင်တူဖယ်ရှားတောင်းဆိုခဲ့ကြသည့် နိုင်ငံတစ်နိုင်ငံအကြောင်းကိုလည်း ဤနေရာတွင် အခါအခွင့်သင့်သဖြင့် ပြောပြချင်ပါသေးသည်။ ထိုနိုင်ငံမှာ ပိုလန်နိုင်ငံပင်ဖြစ်ပါသည်။ ၎င်းနိုင်ငံသည်လည်း ကွန်မြူနစ်စနစ်ကျင့်သုံးသည့် ရုရှားနိုင်ငံနှင့် ဒီမိုကရေစီစနစ်ကျင့်သုံးသော ဂျာမနီနိုင်ငံကြီးနှစ်နိုင်ငံအကြားတွင် ပထဝီနိုင်ငံရေးအရအရေးပါပြီး နှစ်အတော်ကြာ ပြည်သူများ ဆင်းရဲဒုက္ခခံကြရလျက် နိုင်ငံသည်လည်း ဆင်းရဲနေရာမှ ကျွန်ုပ်တို့ နိုင်ငံနည်းတူ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီအရေးတောင်းဆိုခဲ့သောနိုင်ငံဖြစ်ပါသည်။

၎င်းနိုင်ငံတောင်ပိုင်းရှိ မြို့ငယ်လေးတစ်ခုမှ သင်္ဘောကျင်းအလုပ်သမားများက စတင်တောင်းဆိုလာခဲ့ရာမှ တစ်ပြည်လုံး ကူးစက်ပျံ့နှံ့လာပြီး နောက်ပိုင်းတွင်မှ ၎င်းတို့အောင်မြင်မှုရရှိခဲ့ကြလေသည်။ ထိုအချိန်ကမူ သူတို့လည်း ကျွန်ုပ်တို့နည်းတူ ပစ်ခတ်သတ်ဖြတ်ခြင်းများ၊ အကျဉ်းချ

> **လက်ရှိအချိန်ကာလသည် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်အတွက် လမ်းကြောင်းအမှန်အပေါ်သို့ စတင်လျှောက်လှမ်းနေကြသည့်အချိန်ဖြစ်ရာ အချင်းချင်းသွေးကွဲမှု၊ စောင်းမြောင်းမှုတွေမရှိသင့်ကြတော့ဘဲ စည်းလုံးညီညွတ်စွာဖြင့် ရှေ့မှဦးဆောင်ကြစေလိုပါသည်။ ထိုသို့ ဦးဆောင်မှုပေးကြလျှင် ကျန်သည့် ပြည်သူအများမှာလည်း ထိုအရာအပေါ် ဝမ်းသာကြည်နူးစိတ်ဖြစ်ကြရပြီး နတ်လူသာခုခေါ်ကာ နောက်လိုက်ကောင်းများအဖြစ် ကိုယ့်နိုင်ငံအတွက်ဆိုလျှင် အရိုးကြေကြေ အရည်ခန်းခန်း လိုက်ပါတာဝန်ထမ်းဆောင်ကြရန် အသင့်ရှိနေကြသည်မှာ အမှန်ပင်ဖြစ်။**

ယခုအကြိမ် အခွင့်အရေးရရှိလာသည့် အကြိမ်သည် သုံးကြိမ်မြောက်ဟု ဆိုကြရချေမည်။ ပထမတစ်ကြိမ်သည် လွတ်လပ်ရေးရပြီး ခေတ်ကာလ ပါလီမန်ဒီမိုကရေစီအုတ်မြစ်ကို မြေစမ်းခရမ်းပျိုးစတင်ခဲ့ကြရသည့်အချိန်၊ ထိုအချိန်ကာလတွင်လည်း ကျွန်ုပ်တို့နိုင်ငံအတွက် ရေးဆွဲခဲ့ရသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇)၏ အားနည်းချက်ကြောင့်ဟုဆိုဆို၊ ကိုယ့်ပြည်မရှိ နိုင်ငံရေးပါတီများအကြား၊ ခေါင်းဆောင်များအကြား သွေးကွဲကာ အကွဲကွဲအပြဲပြဲဖြစ်ခဲ့ကြသည်ဟုပြောပြော နောက်ဆုံးတွင်မူ လမ်းစပျောက်ခဲ့ရပါသည်။

ဤနေရာတွင် ကျွန်ုပ်တို့နိုင်ငံနှင့် ထိုခေတ်ထိုအခါက နိုင်ငံရေးဖြတ်သန်းမှုချင်းတူသော အိန္ဒိယနိုင်ငံကမူ လွတ်လပ်ရေးဖခင်ကြီး ဂန္ဒီ၏ ဦးဆောင်မှုဖြင့် ဥပဒေများအများအပြားပြုစုကာ တရားဥပဒေစိုးမိုးရေးကို အစပြု၍ ၎င်းနိုင်ငံအတွင်း ခြိုးခြံချွေတာရေးမှုနှင့် ပြည်တွင်းဖြစ်ကို အားပေးပါဟူသောမူဝါဒများဖြင့် ပြည်သူများအရေး ဦးစားပေးပြီး နိုင်ငံ့ခေါင်းဆောင်များအချင်းချင်း ရိုင်းပင်းညီညွတ်ခဲ့ကြသည့်အတွက် ကျွန်ုပ်တို့နိုင်ငံနှင့် မရှေးမနှောင်းဆိုသလို လွတ်လပ်ရေးရပြီးခါစမှ အစပြုကာ ယနေ့အချိန်အထိ ဒီမိုကရေစီလမ်းကြောင်းအမှန်ကို ဖြောင့်ဖြောင့်တန်းတန်း ချီတက်လာနိုင်ခဲ့သည်မှာ ယနေ့အထိပင် ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှုကို အဓိကအခြေခံထားသည့် ဒီမိုကရေစီစနစ်ကြောင့်ပင်လျှင် အဆိုပါနိုင်ငံကြီးသည် ကြီးမားပြီး လူဦးရေများသလောက် နိုင်ငံရေးတည်ငြိမ်ကာ ဖွံ့ဖြိုးတိုးတက်လျက် ကမ္ဘာပေါ်တွင် ဒီမိုကရေစီပြည့်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် ယနေ့လက်ရှိအထိပင် ရှင်သန်ရပ်တည်လျက်ရှိနေသည်ကို အားလုံးသိနေကြပြီး ဖြစ်ပါသည်။

နောက်ထပ်တစ်ဖန် ကျွန်ုပ်တို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၁၉၇၄)၏ အားနည်းချက်များအကြားတွင် ပြည်သူအများ စားဝတ်နေရေးကျပ်တည်းလာရာမှ ဒုတိယခေတ် ဒီမိုကရေစီအရေး တွန်းလှန်တောင်းဆိုခဲ့ကြသည့် ၁၉၈၈ ခုနှစ်မှစတင်ကာ နောက်ပိုင်းကာလကိုလည်း ပြန်

ဖမ်းဆီးခံရခြင်းများ ခံခဲ့ရပါသေးသည်။ ယနေ့အချိန်တွင်မူ ၎င်းတို့ စတင်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည့် မြေအောက်စခန်းများ၊ စတင်လမ်းလျှောက်တောင်းဆိုခဲ့ကြသည့် လမ်းများကို ဒီမိုကရေစီအခြေခံပြတိုက်အဖြစ် ဖွင့်လှစ်ပြသထားဆဲဖြစ်သည်ကို တွေ့ရှိခဲ့ရပါသေးသည်။ ၎င်းတို့နိုင်ငံသည် ကျွန်ုပ်တို့နိုင်ငံနည်းတူ ထို ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ စတင်ကာ တဖြည်းဖြည်းဖြင့် ဒီမိုကရေစီအုတ်မြစ်ကို ချမှတ်ဆောင်ရွက်လာနိုင်ခဲ့၏။ ယနေ့အချိန်အခါတွင် ဥရောပတွင် ဖွံ့ဖြိုးမှုအတော်အတန်ရှိသော၊ နိုင်ငံရေးစနစ်တည်ငြိမ်သောနိုင်ငံအဖြစ် အများက လေးစားခြင်းခံနေရသည့်နိုင်ငံဖြစ်နေပါသည်။

အချုပ်အားဖြင့် ကျွန်ုပ်ဆိုလိုချင်သည်မှာ ကျွန်ုပ်တို့နိုင်ငံ၏ လက်ရှိအနေအထားသည် ဒီမိုကရေစီစနစ်ကို ပုံဖော်နိုင်ရန်အတွက်ဆိုလျှင်မူ ကျွန်ုပ်အထက်တွင် တင်ပြခဲ့သလို တတိယအကြိမ်မြောက် အခွင့်အရေးပြန်လည်ရရှိလာနေသည့် အချိန်အခါဖြစ်နေသည့်အတွက် ယခင်ပထမအကြိမ်၊ ဒုတိယအကြိမ်များဆီက မအောင်မြင်ခဲ့ရသည့်အဖြစ်သနစ်များကို ပြန်လည်သင်ခန်းစာရယူဖော်ထုတ်ကြရမည်ဖြစ်ပါသည်။ ယခင်အကြိမ်များကတည်းက ဒီမိုကရေစီစနစ်လမ်းကြောင်းအမှန်ပေါ်သို့ ချီတက်သွားလာနိုင်ခဲ့သော ကျွန်ုပ်တို့နှင့် နိုင်ငံရေးဖြတ်သန်းမှုချင်းတူခဲ့သော ကျွန်ုပ်အထက်တွင် ဥပမာပေးတင်ပြခဲ့သည့် နိုင်ငံကြီးနှစ်နိုင်ငံ၏ အောင်မြင်ဖွံ့ဖြိုးတိုးတက်နေမှုများကိုလည်း နမူနာယူ ဆင်ခြင်သုံးသပ်ကာ သတိချပ်ကြရတော့မည့်အချိန်အခါလည်း ဖြစ်နေပါသည်။

ကျွန်ုပ်တို့နိုင်ငံအတွင်း နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်းစုံမှ နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တပ်မတော်ခေါင်းဆောင်တို့ တစ်စိတ်တစ်ဝမ်းတည်း ပေါင်းစုမိကြသည့်အချိန်အခါသည် အရှေ့တောင်အာရှတွင်မက ကမ္ဘာ့အလယ်တွင်ပါ အများနိုင်ငံများက သတိထားပြီး စောင့်ကြည့်ကြရသည့် အချိန်အခါလည်း ဖြစ်နေခဲ့ပါသည်။ အင်အားစုများပေါင်းစုမိချိန်သည် အင်အားတောင့်တင်းပြီး အင်အားကောင်းသော နိုင်ငံတစ်ခု ဖြစ်နေတတ်သည့် ရှေးသာဓကများလည်းရှိရာ ၎င်းတို့သတိထား စောင့်ကြည့်ကြရမည်ဆိုလျှင်လည်း စောင့်ကြည့်ကြရသလောက် ကျွန်ုပ်တို့နိုင်ငံသည် တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလာမည့်သဘော ရှိနေပါသည်။ ကျွန်ုပ်တို့ နိုင်ငံသားများ အများစုသည် စိတ်ဓာတ်ပြင်းထန်မာကျောသော လူမျိုးများဖြစ်ကြပြီး ခေါင်းဆောင်များကောင်းပါက ကောင်းသလောက် နောက်လိုက်ကောင်းများ ဖြစ်တတ်ကြပါသည်။

သည့်အတွက် နိဂုံးချုပ်အားဖြင့် ယနေ့လက်ရှိ အစိုးရသစ်မှ နိုင်ငံ့ခေါင်းဆောင်များ၊ အခြားနိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တပ်မတော်ခေါင်းဆောင်များကို ကျွန်ုပ်တင်ပြလိုသည်မှာ လက်ရှိအချိန်ကာလသည် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်အတွက် လမ်းကြောင်းအမှန်အပေါ်သို့ စတင်လျှောက်လှမ်းနေကြသည့်အချိန်ဖြစ်ရာ စည်းလုံးညီညွတ်စွာဖြင့် ရှေ့မှဦးဆောင်ကြစေလိုပါသည်။ ထိုသို့ ဦးဆောင်မှုပေးကြလျှင် ကျန်သည့် ပြည်သူအများမှာလည်း ထိုအရာအပေါ် ဝမ်းသာကြည်နူးစိတ်ဖြစ်ကြရပြီး နတ်လူသာခုခေါ်ကာ နောက်လိုက်ကောင်းများအဖြစ် ကိုယ့်နိုင်ငံအတွက်ဆိုလျှင် အရိုးကြေကြေ အရည်ခန်းခန်းလိုက်ပါတာဝန်ထမ်းဆောင်ကြရန် အသင့်ရှိနေကြသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း အမြဲ ကြံဆစိတ်ကူးလျက် စိတ်ကောင်းစေတနာဖြင့် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။



# သစ်တောကာကွယ်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံမြောက်ပိုင်းတွင် သတ္တုတူးဖော်သည့် အခြေအနေများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အမေရိကန်ပြည်ထောင်စု သစ်တောဌာနနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန် မာရှယ်တို့ ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားပေးနိုင်မည့်အခြေအနေ၊ သစ်တောတက္ကသိုလ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာများ ပို့ချနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများပြုစုရေး၊ ဘွဲ့လွန်သင်တန်းများတက်ရောက်ခွင့်ရရှိရေး လိုအပ်ချက်များ၊ မြေအသုံးချမှုမူဝါဒရေးဆွဲပေးရာတွင် ကူညီပံ့ပိုးခဲ့မှုအခြေအနေများနှင့် နိုင်ငံတော်မြေယာဥပဒေရေးဆွဲရာတွင် ထပ်မံကူညီရေးလိုအပ်ချက်များ၊ အစိမ်းရောင်စီးပွားရေးမူဝါဒရေးဆွဲရေးနှင့် စွန့်ပစ်ပစ္စည်းအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာစီမံကိန်းရေးဆွဲရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် စိုက်ခင်းများတည်ထောင်ရေး၊ သစ်တောကာကွယ် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ၊ ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား စွမ်းဆောင်မြှင့်တင်ရေးတို့တွင် ကူညီဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးကြသည်။



ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းလှိုင်၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်ဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

# ကမ္ဘာပေါ်ရှိ အပူဆုံးနိုင်ငံများနှင့် မြန်မာ့ရာသီဥတုအခြေအနေ

**အောဝမ်းစိုး**

မြန်မာနိုင်ငံ၏ ဥတုရာသီသုံးမျိုးသည် ကမ္ဘာကြီးပိုမိုပူနွေးလာမှုနှင့်အတူ ဖောက်လွဲဖောက်ပြန် ရာသီဥတုအခြေအနေများကြောင့် ယခုကဲ့သို့ နွေရာသီကာလဆိုလျှင် ယခင်ကထက် ပိုမိုပူပြင်းလာခြင်း၊ မိုးရာသီတွင် အချို့ဒေသများ၌ မိုးခေါင်ပြီး အချို့ဒေသများတွင် မိုးသည်းထန်ခြင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခြင်းနှင့် ဆောင်းရာသီတွင် အအေးပေါ့လာခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။

မြန်မာနိုင်ငံရှိ ပြည်သူများအနေဖြင့် ယခုနွေကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူဒဏ်ကို အလူးအလဲခံစားနေကြရရာ ကမ္ဘာပေါ်တွင် အပူဒဏ်ကို အခံရဆုံးနိုင်ငံဟုပင် ထင်မှတ်ရသည်။ သောက်သုံးရေရှားပါးမှုပြဿနာများကိုလည်း ရင်ဆိုင်နေကြရသည်။ မြန်မာနိုင်ငံထက် ပိုမိုပူပြင်းသည့် နိုင်ငံများရှိနေသည်ကို သိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို နှိုင်းယှဉ်သုံးသပ်နိုင်စေရန် ကမ္ဘာ့အပူဆုံး (၁၀)နိုင်ငံကို စုစည်းတင်ပြရလျှင်-



လစ်ဗျားနိုင်ငံရှိ သဲကန္တာရတစ်ခုတွင် အပူရှိန်ပြင်းထန်မှုကြောင့် သတ္တဝါများသေဆုံးနေမှုကို တွေ့ရစဉ်။

(၁) **လစ်ဗျား**

မြောက်အာဖရိကဒေသတွင်တည်ရှိသည့် လစ်ဗျားနိုင်ငံသည် ကမ္ဘာပေါ်တွင် အပူပြင်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံထားရသည်။ နိုင်ငံ၏ ဒေသအတော်များများကို လစ်ဗျားသဲကန္တာရက ဖုံးလွှမ်းထားသည့်အတွက် တစ်နှစ်ပတ်လုံး ပူပြင်းခြောက်သွေ့နေတတ်ပြီး နှစ်စဉ် နွေရာသီကာလဆိုလျှင် အပူရှိန်ပြင်းလွန်းသည့်အတွက် လစ်ဗျားပြည်သူများအနေဖြင့် အရေပြားတွင် အရည်ကြည်ဖုပေါက်ခြင်းနှင့် အခြားသောအရေပြားရောဂါများကို ခံစားကြရသည်။ လစ်ဗျားနိုင်ငံ၏ အပူချိန်မှာ ၅၅ ဒီဂရီစင်တီဂရိတ်ရှိပြီး အပူပြင်းဆုံးနှစ်မှာ ၁၉၂၂ ခုနှစ်ကဖြစ်ပြီး ၅၇ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ဖြင့် စံချိန်တင်ထားသည်။

(၂) **ဆော်ဒီအာရေဗျ**

အရှေ့အလယ်ပိုင်းဒေသတွင်တည်ရှိသည့် ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယမြောက်အပူဆုံးနိုင်ငံဖြစ်သည်။ ပူပြင်းသည့်ရာသီဥတုအခြေအနေနှင့် သဲကန္တာရကို ဖြတ်သန်းလာသည့် လေပူများတိုက်ခတ်ခြင်းနှင့် နိုင်ငံ၏ဒေသအတော်များများသည် ကန္တာရအတွင်းတည်ရှိနေခြင်းကြောင့် ဆော်ဒီအာရေဗျနိုင်ငံတွင် အပူချိန်သည် တစ်နှစ်ပတ်လုံး ၅၀ ဒီဂရီစင်တီဂရိတ်အထက်တွင် အမြဲတမ်းရှိနေသည်။

(၃) **အီရတ်**

အာရှတိုက်အနောက်ပိုင်းတွင် တည်ရှိသည့် အီရတ်နိုင်ငံသည် စစ်ပွဲကြောင့်ဖြစ်ပွားရသည့် ပြဿနာများကို ရင်ဆိုင်နေရသည့်အပြင် နောက်ထပ်အကြီးမားဆုံး ရင်ဆိုင်ရသည့် ပြဿနာမှာ အပူရှိန်ပြင်းလွန်းသည့် ပြဿနာဖြစ်သည်။ အီရတ်နိုင်ငံ၏ နိုင်ငံတစ်ဝန်းပျမ်းမျှအပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး နွေရာသီကာလဆိုလျှင် ၄၈ မှ ၅၄ ဒီဂရီစင်တီဂရိတ်ထိ ရှိသည်။

(၄) **အယ်လ်ဂျီးရီးယား**

အယ်လ်ဂျီးရီးယားနိုင်ငံသည် မြောက်အာဖရိကဒေသတွင် တည်ရှိပြီး ကမ္ဘာ့အပူဆုံးနိုင်ငံဖြစ်သည့် လစ်ဗျားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အယ်လ်ဂျီးရီးယားနိုင်ငံ၏ အစိတ်အပိုင်းအတော်များများသည်လည်း သဲကန္တာရများအဖြစ်တည်ရှိနေပြီး ညအခါတွင် အလွန်အေးကာ နေ့အခါတွင် အလွန်ပူပြင်းသည်။ နွေရာသီကာလ ပျမ်းမျှနေ့အပူချိန်များမှာ ၅၀ နှင့် ၅၃ ဒီဂရီစင်တီဂရိတ်ကြားတွင် ရှိသည်။

(၅) **အီရန်**

ကမ္ဘာပေါ်တွင် ပဉ္စမမြောက်အပူဆုံးနိုင်ငံမှာ အီရန်နိုင်ငံဖြစ်သည်။ အီရန်နိုင်ငံ၏ နွေရာသီကာလများသည် အလွန်ပူပြင်းသကဲ့သို့ ဆောင်းရာသီကာလတွင် အလွန်အေးသည်။ သို့သော် ဆောင်းရာသီကာလသည် တိုတောင်းလှသည်။ အီရန်နိုင်ငံ၏ နွေရာသီကာလ ပျမ်းမျှအပူချိန်များမှာ ၄၀ မှ ၄၅ ဒီဂရီစင်တီဂရိတ်ကြားတွင် ရှိသည်။

(၆) **အိုမန်**

အရှေ့အလယ်ပိုင်းဒေသမှ အာရပ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အိုမန်နိုင်ငံသည် ကမ္ဘာ့အပူဆုံးနိုင်ငံများတွင် အဆင့်(၆)နေရာတွင် ရပ်တည်နေသည်။ အိုမန်နိုင်ငံ၏ ရာသီဥတုအခြေအနေသည် မိုးရွာသွန်းမှုနည်းပါးပြီး အပူချိန်မြင့်မားသည်။ တစ်နှစ်လျှင် ခြောက်လခန့်သည် ပူပြင်းသည့်ကာလများဖြစ်နေတတ်ပြီး အပူချိန်သည် ၅၀ မှ ၅၃ ဒီဂရီစင်တီဂရိတ်ကြားတွင် ရှိသည်။ သို့သော် ရေနံကြွယ်ဝပြီး ချမ်းသာသည့်နိုင်ငံဖြစ်သည့်အတွက် အပူဒဏ်ကို အဲကွန်းခန်းများတွင်နေထိုင်၍ ကာကွယ်ကြသည်။

(၇) **ဆူဒန်**

အာဖရိကတိုက်မှ ဆူဒန်နိုင်ငံသည် တစ်နှစ်ပတ်လုံး အပူချိန်မြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မိုးရွာသွန်းမှုအလွန်နည်းပါးခြင်း၊ ကန္တာရဇရိယာများပြားခြင်း၊ မိုးခေါင်ခြင်းနှင့် အစာရေစာရှားပါးခြင်းပြဿနာများနှင့် ရင်ဆိုင်နေရသည်။ ဆူဒန်နိုင်ငံ၏ ပျမ်းမျှအပူချိန်မှာ ၅၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

(၈) **အိန္ဒိယ**

တောင်အာရှဒေသတွင် တည်ရှိသည့် အိန္ဒိယနိုင်ငံသည် ရာသီဥတုအခြေအနေအမျိုးမျိုးတည်ရှိသည်။ အိန္ဒိယတောင်ပိုင်းသဲကန္တာရဒေသများသည် အပူချိန် ၄၈ ဒီဂရီစင်တီဂရိတ်အထိ ရှိသည်။

(၉) **ဆိုမာလီယာ**

အာဖရိကတိုက်မှ ဆိုမာလီယာနိုင်ငံသည် ကမ္ဘာ့အပူဆုံးနိုင်ငံများတွင် အဆင့်(၉)နေရာတွင် ရပ်တည်နေပြီး တစ်နှစ်ပတ်လုံး အပူချိန်မြင့်မားသည့်နိုင်ငံဖြစ်သည်။ မိုးရွာသွန်းမှုမရှိခြင်းနှင့် အလွန်ပူပြင်းသည့် ရာသီဥတုအခြေအနေတို့သည် မိုးခေါင်ရေရှားခြင်းနှင့် အစာရေစာ ရှားပါးခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ဆိုမာလီယာနိုင်ငံ၏ ပျမ်းမျှအပူချိန်မှာ ၅၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

(၁၀) **မက္ကဆီကို**

ဗဟိုအမေရိကဒေသမှ မက္ကဆီကိုနိုင်ငံသည် ကမ္ဘာ့အပူဆုံးနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မက္ကဆီကိုနိုင်ငံ၏ နွေရာသီကာလပျမ်းမျှအပူချိန်မှာ ၅၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

အထက်ဖော်ပြပါနိုင်ငံများ၏ ပတ်ဝန်းကျင်အနေအထား၊ ရာသီဥတုအခြေအနေနှင့် အပူချိန်တို့ကို ဆက်စပ်သုံးသပ်ရလျှင် သစ်တောဧရိယာမရှိဘဲ သဲကန္တာရထူထပ်များပြားသောနိုင်ငံများဖြစ်ခြင်းနှင့် ရေနံထွက်ရှိရာ အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံများ အများဆုံးပါဝင်သည်ကို တွေ့ရှိရသည်။ အပူချိန်များသည်လည်း ၄၅ ဒီဂရီစင်တီဂရိတ်မှ ၅၅ ဒီဂရီစင်တီဂရိတ်ကြားတွင် ရှိနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရှိ မကွေးမြို့၊ ချောက်မြို့တို့သည်လည်း အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်ရှိပြီး မုံရွာမြို့၊ မြင်းခြံမြို့၊ မင်းဘူးမြို့တို့သည်လည်း အပူချိန် ၄၄ ဒီဂရီစင်တီဂရိတ်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အပူချိန်များသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာနေရာ နောက်နှစ်အနည်းငယ်အတွင်း သဲကန္တာရနိုင်ငံများ၏ အပူချိန်ကို အမှီလိုက်ရန် တာစူနေသည်မှာ ကောင်းသောလက္ခဏာမဟုတ်သကဲ့သို့ သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ထိန်းသိမ်းရန် အဆောတလျင်လိုအပ်နေကြောင်း မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

“ဥတုရာသီ တောကိုမှီ”ဟု မြန်မာဆိုရိုးစကားရှိသော်လည်း မြန်မာနိုင်ငံ၏ ရာသီဥတုအမှီသဟဲပြုစရာ မြန်မာ့သစ်တောကြီးများသည် မဆင်မခြင် ခုတ်ထွင်သုံးစွဲမှုကြောင့် ပြောင်တလင်းခါနေပြီဖြစ်သည်။ ထို့ကြောင့် ပြောင်းလဲဖောက်ပြန်နေသော ရာသီဥတုအခြေအနေကို အချိန်မီထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်သည်။ သစ်ပင်များပြန်လည်စိုက်ပျိုးခြင်း၊ သစ်ပင်ခုတ်ထွင်မှုကို ဥပဒေဖြင့် တင်းတင်းကျပ်ကျပ်တားမြစ်ခြင်း၊ သစ်တောများထိန်းသိမ်းခြင်းတို့ကို အစိုးရ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် မြန်မာပြည်သူအားလုံး အတူလက်တွဲ ဝိုင်းဝန်းလုပ်ဆောင်၍ မြန်မာ့ရာသီဥတုအခြေအနေကို တတ်နိုင်သမျှ ပြန်လည်ထိန်းညှိကြရမည်ဖြစ်သည်။

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(တိုင်းရုံး-မြင်သာ)၌ မေ ၁၃ ရက်တွင် ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကိုပြုလုပ်ကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များဝေငှပြီး တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသိန်းဦးက ယာဉ်မတော်တဆမှုများကြောင့် သေဆုံး၊ ဒဏ်ရာရရှိသောဖြစ်စဉ်များ၊ ယာဉ်မောင်းသူ၊ လမ်းအသုံးပြုသူများ၏ ပေါ့ဆမှုကြောင့်ဖြစ်ပွားရခြင်း၊ မော်တော်ယာဉ်ကြံ့ခိုင်မှုမရှိ၍ ဖြစ်ပွားရခြင်းများအကြောင်းကို ပညာပေးပြောကြားခဲ့ပြီး ဦးကျော်ဆင့် (စစ်ဆေးရေးမှူး-၂)က ယာဉ်မောင်းသူများ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့်စည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လမ်းညွှန်အမှတ်အသားများအကြောင်းကို တက်ရောက်လာသူ ၂၂၅ ဦးတို့အား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်သင်တန်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၁၆**

နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြုရဟန်းတော်များ စဉ်ဆက်မပြတ် ပေါ်ထွန်းစေရန် သာသနာပြုရဟန်းတော်သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်လျက်ရှိရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်းအမှတ်စဉ်(၂၆)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းအမှတ်စဉ်(၁၃) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။



ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဥတ္တမဉာဏာဘိဝံသမဟာထေရ်မြတ်ထံမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသံ့သာရ ဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်က သင်တန်းဖွင့် ဩဝါဒကထာကို မြွက်ကြားကာ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ အဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ်မြတ်ထံမှ အနုမောဒနာ ရေစက်ချတရား နာယူသည်။

အဆိုပါသင်တန်းမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ သံဃာတော် အရှင်သူမြတ် ၃၈ ပါး တက်ရောက်ကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

# လူမှုကူညီရေးပရဟိတကုသိုလ်ပြု အလှူငွေပေးအပ်လှူဒါန်း

**ညောင်တုန်း မေ ၁၆**

ညောင်တုန်းမြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ ကြီးမှူးပြုလုပ်သော ပဥ္စမအကြိမ်မြောက် ညောင်တုန်းမြို့ပေါ်ရှိ ပရဟိတလူမှုကူညီရေးအဖွဲ့အစည်းများအား ကုသိုလ်ပြုအလှူငွေပေးအပ်ပွဲအခမ်းအနားကို မေ ၁၆ ရက် မွန်းလွဲပိုင်းက နိုင်ငံအေးဘုရားကြီးတွင် ကျင်းပသည်။

ယခုနှစ် ပဥ္စမအကြိမ်မြောက် ညောင်တုန်းမြို့ပေါ်ရှိ ပရဟိတလုပ်ကိုင်လျက်ရှိသော နာရေးကူညီမှုအသင်း(ညောင်တုန်းမြို့)သို့ တစ်သိန်းကျပ်၊ ပန်းဧရာရပ်ကွက် အခမဲ့ဆေးခန်းသို့ လှူဒါန်းငွေတစ်သိန်းကျပ်၊ မန္တလေးကျောင်းတိုက် အမှတ်(၆)ရပ်ကွက် အခမဲ့ဆေးခန်းသို့ လှူဒါန်းငွေတစ်သိန်းကျပ်၊ အခမဲ့လူနာတင်ယာဉ်များနှင့် နာရေးကားများ ပြုပြင်ရန်လှူဒါန်းငွေ တစ်သိန်းကျပ်နှင့် ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံလူနာများအတွက် ပန်ကာခြောက်လုံး စုစုပေါင်းလှူဒါန်းငွေကျပ် ခြောက်သိန်းအား အဘိဓမ္မာ ပြန့်ပွားရေးအသင်း (ညောင်တုန်း)မှ ဆရာဦးမြင့်စိုးက ပေးအပ်လှူဒါန်းရာ လူမှုကူညီရေးအသင်းအဖွဲ့များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါအဘိဓမ္မာပြန့်ပွားရေးအသင်းကို ၂၀၀၆ ခုနှစ်က ဆရာတော်ဦးဇဋိလ၊ ဦးဇဝနနှင့် ဆရာဦးမြင့်စိုးတို့က တည်ထောင်ခဲ့ပြီး အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်၊ ပဋ္ဌာန်းဒေသနာတော်စသည်များကို (စနေ၊ တနင်္ဂနွေနေ့) အပတ်စဉ်တိုင်း ဆရာဦးမင်းဂေါင်(ညောင်တုန်း)က ပို့ချပေးလျက်ရှိပြီး လူငယ်တရားပွဲများ ကျင်းပခြင်း၊ ပရဟိတလူမှုကူညီရေးအဖွဲ့ကို ဖွဲ့စည်းပြီး မျက်မမြင်ကျောင်း၊ မိဘမဲ့ပရဟိတသင်တန်းကျောင်း၊ ဘိုးဘွားရိပ်သာများသို့ နှစ်စဉ်သွားရောက်လှူဒါန်းလျက်ရှိသည်။ ပရဟိတလူမှုကူညီရေးအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အဘိဓမ္မာပြန့်ပွားရေးအသင်း(ညောင်တုန်း)ပရဟိတလူမှုကူညီရေးအဖွဲ့သည် ယခုလာမည့် ဇွန် ၅ ရက်တွင် နာရေးကူညီမှုအသင်း(ရန်ကုန်)၊ စိတ်ရောဂါအထူးကုဆေးရုံကြီး (ရွာသာကြီး)၊ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း၊ ဆည်းဆာရိပ်ဘိုးဘွားရိပ်သာ၊ သန္တိသုခ ပရဟိတသီလရှင်စာသင်တိုက်၊ အောင်ဇေယျာမင်း ပရဟိတဘုန်းတော်ကြီးပညာသင်ကျောင်းများသို့ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# မေ ၁၆ ရက် ည ၇ နာရီအချိန် မိုးလေဝသသတင်းထုတ်ပြန်ချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။**

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၊ သီရိလင်္ကာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မန်နာပင်လယ်ကွေ့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပြီး မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မနက်ဖြန်ညနေထိ ခန့်မှန်းချက်။**

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်။ လှိုင်းအသင့်အတင့်ရှိမည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။**

တစ်ပြည်လုံးတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိ ခန့်မှန်းချက်။**


နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေထိ ခန့်မှန်းချက်။**

နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် ညနေထိ ခန့်မှန်းချက်။**

နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။




ယနေ့ညနေ ၆ နာရီအချိန် ကျောက်ဖြူရေဒါမှ ဖမ်းယူရရှိသော မိုးရေချိန်ပြပုံဖြစ်သည်။

မိုးလေဝသဂြိုဟ်တုမှ ဖမ်းယူရရှိသော ဂြိုဟ်တုတိမ်ပုံအရ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။

**(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**သရက် မေ ၁၆**

သရက်မြို့ အမှတ်(၃) အကြီးစားစက်ရုံ၌ မေ ၁၃ ရက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စက်ရုံမှူး ဦးအောင်စိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းက ဦးစီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်(၄)ရပ်ကို ရှင်းလင်းပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားကာ မြို့နယ်ဥပဒေအရာရှိ ဒေါ်နွယ်နီဝင့်သူက ဥပဒေရေးရာများ ပြောကြားခြင်း၊ ခရိုင်ယာဉ်ထိန်းရဲတပ်စုမှူး ဒုရဲမှူးမောင်မောင်သန်းက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ရှင်းလင်းခြင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဌေးက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါ ပုဒ်မများ၏ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသည့် စက်ရုံဝန်ထမ်းများက သိရှိလိုသည်များနှင့် မရှင်းလင်းသည်များကို မေးမြန်းကြရာ တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားပေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များနှင့် ယာဉ်မောင်းသူများ လက်စွဲစာအုပ်များကို ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းများက တက်ရောက်သူများသို့ ဝေငှခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ❖ ကျောဖုံးမှ

လူသားဆန်သည့် စိတ်ဆိုသည်မှာ လူသားအချင်းချင်းအပေါ် စာနာနားလည်ပေးနိုင်သော စိတ်၊ လူသားတစ်ဦးလိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်ကို လေးစားလိုက်နာတန်ဖိုးထားခြင်း၊ ကျင့်ကြံနေထိုင်ခြင်းပင်ဖြစ်သည်။

လူ့အဖွဲ့အစည်းတွင် လူအများစုတို့ စည်းကမ်းမဲ့ကြသည်။ အကြောင်းရင်းတစ်ချက်မှာ စာနာစိတ်နည်းပါးသောကြောင့်ပင်ဖြစ်သည်။ မီးပွိုင့်တွင် ကားများစွာ တန်းစီ၍ စောင့်နေကြ၏။ လူတိုင်း အလျင်လိုနေသူများဖြစ်ကြသည်။ အများနည်းတူ တန်းစီ၍ စောင့်ဆိုင်းရမည်သာဖြစ်သည်။ သို့သော်လည်း ပြောင်းပြန်ကျော်တက်ကာ ရှေ့ဆုံးမှ ခေါင်းတိုးဝင်ရန် ကြိုးစားကြ၏။ ကားများစွာ တန်းစီစောင့်ဆိုင်းနေသည်ကို စာနာစိတ်မရှိသောကြောင့်ပင်ဖြစ်သည်။

အမှိုက်စွန့်ပစ်ကြသူများလည်း ထိုနည်းတူပင်။ အလွယ်တကူ လမ်းပေါ်သို့ ပစ်ချခဲ့ကြသည်။ ကွမ်းတံတွေး ထွေးခဲ့ကြသည်။ နောက်မှ လိုက်လံသိမ်းဆည်းရသူများမှာ မိုးမလင်းခင်က ထကြရ၏။ နေပူမရှောင်၊ မိုးရွာမရှောင် သိမ်းဆည်းပေးရ၏။ တစ်ဦးချင်းစီက မိမိတို့အမှိုက်သရိုက်များကို သိမ်းဆည်း၍ အမှိုက်ပုံးရှိသည့် တစ်နေရာရာတွင် စနစ်တကျ စွန့်ပစ်ခြင်းဖြင့် ကူညီရာရောက်သည်။ ထိုဝန်ထမ်းများအပေါ် စာနာနားလည်ပေးရာလည်း ရောက်ပါသည်။

စင်ကာပူနိုင်ငံသည် သန့်ရှင်းသော မြို့တော်တစ်ခုဖြစ်သည်။ စင်ကာပူ နိုင်ငံသူ နိုင်ငံသားတိုင်း စည်းကမ်းမဲ့ အမှိုက်တစ်ပင်လွှင့်ပစ်ရန် ဆန္ဒမရှိကြပါ။ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းဖြင့် ရရှိမည့် ပြစ်ဒဏ်ကိုလည်း သိကြသည်။ သို့ဖြစ်၍ စင်ကာပူနိုင်ငံအတွင်း နေထိုင်သူအားလုံး အမှိုက်မပစ်ကြ။ တခြားနိုင်ငံခြားသားများ စွန့်ပစ်လျှင်ပင် လိုက်၍ပင် ကောက်သိမ်းကြသည်။ သို့သော် ယင်းနိုင်ငံတွင် နေထိုင်သည့် မြန်မာနိုင်ငံသားများ မိမိနိုင်ငံမြေသို့ ခြေချလိုက်သည်နှင့် မြန်မာနိုင်ငံသားများအတိုင်းပင် အမှိုက်ကို လွယ်လွယ်ကူကူ စွန့်ပစ်တတ်ကြလေသည်။ အဘယ်သို့ပါနည်း။

စင်စစ် ပြစ်မှုပြစ်ဒဏ်ထက် မိမိတို့တစ်ဦးချင်းစီကပင် ကိုယ့်လမ်းကိုယ့်ရပ်ကွက် ကိုယ့်မြို့နယ်စသဖြင့် သန့်ရှင်းလိုသည့်စိတ် ကိန်းဝပ်နေဖို့ လိုခြင်းပင်ဖြစ်သည်။ "မည်သူမပြု မိမိမှု" ဆိုသကဲ့သို့ပင် တစ်ဦးချင်းစီ၏ တာဝန်သိစိတ်၊ နိုင်ငံချစ်စိတ် မြင့်မားနေဖို့လိုခြင်း ဖြစ်သည်။ စင်စစ် နိုင်ငံကြီးသားတိုင်း နိုင်ငံကြီးသားစိတ်ရှိပါသလား။ မရှိနိုင်ပါ။ နည်းမျိုးစုံဖြင့် လိမ်လည်ကာအကျင့်စာရိတ္တပျက်စီးသူများလည်း တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံကြီးသားစိတ်သည် နိုင်ငံနှင့် မဆိုင်ပါ။ လူတစ်ဦးချင်းစီ၏ စိတ်ဓာတ်နှင့်သာ ဆိုင်သည်။

ထို့ကြောင့် နိုင်ငံကြီးသားဖြစ်ပြီး နိုင်ငံကြီးသားစိတ်မရှိခြင်းထက် နိုင်ငံငယ်လေးတွင် နေသော်လည်း နိုင်ငံကြီးသားစိတ်ရှိခြင်းက ပို၍ ဂုဏ်ယူစရာပင်။ သို့ဖြစ်၍ များလှစွာသော ပြုပြင်စရာများရှိသော်လည်း လူတိုင်းလိုက်နာနိုင်သည့် မိမိနှင့် မိမိပတ်ဝန်းကျင်တွင် အမှိုက်ကောက်သူထက် အမှိုက်မချသူများဖြစ်အောင် ကြိုးစားကြပါစို့။ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးသူများ မဖြစ်အောင် ကြိုးစားကြပါစို့။ လူ့အဖွဲ့အစည်းအတွင်း အတုယူမည်ဆိုလျှင် ယူစရာများရှိသကဲ့သို့ ရှက်တတ်မည်ဆိုလျှင်လည်း ရှက်စရာအများကြီးရှိနေပါသည်။

**ခင်မောင်ဌေး(ပညာရေး)**

❒

# ဆန်းသစ်တီထွင်အကနှင့်ဆပ်ကပ်သွင်ပြင်ပွဲ မန္တလေးအမျိုးသားကဇာတ်ရုံတွင် ကျင်းပ

**မန္တလေး မေ ၁၆**
ပြင်သစ်အခြေစိုက်ဆပ်ကပ်အဖွဲ့၏ ဆပ်ကပ်၊ အကနှင့် ပြဇာတ်တို့ ပေါင်းစပ်တင်ဆက်ဖျော်ဖြေသည့် ဆန်းသစ်တီထွင်အကနှင့် ဆပ်ကပ်သွင်ပြင်ပွဲကို မေလ ၄ ရက် ညနေပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပသည်။

ပြင်သစ်အခြေစိုက် National Centre of Circus Arts အမျိုးသားဆပ်ကပ်အနုပညာစင်တာမှ နိုင်ငံတကာကျောင်းသားဆပ်ကပ်အနုပညာရှင် ခုနစ်ဦးတို့က တင်ဆက်ခြင်းဖြစ်ပြီး ဆပ်ကပ်၊ အကနှင့် ပြဇာတ်သရုပ်ဖော် ပေါင်းစပ်ထားသော ထူးခြားဆန်းသစ်မှုများနှင့်အတူ ရင်သက်ရှုမောဖွယ် ကြည့်ရှုရသည့် တင်ဆက်မှုတစ်ခုဖြစ်သည်။ တင်ဆက်မှုမစတင်မီ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဟစ်ဟော့အကများဖြင့် တင်ဆက်ကပြခြင်းဖြင့် ပွဲကိုစတင်သည်။ ထူးခြားသောစိတ်ကူးစိတ်သန်း၊ ဆန်းသစ်သောသရုပ်ဆောင်မှုများ၊ အစီအစဉ်တကျမဟုတ်သောဇာတ်လမ်းများဖြင့် ကပြဖျော်ဖြေသည့်ပွဲဖြစ်သည့်အားလျော်စွာ ပရိသတ်များ၏ အားပေးမှုကိုရရှိကြသည်။

နိုင်ငံတကာကျောင်းသား ဆပ်ကပ်အနုပညာရှင်များ၏ တင်ဆက်မှုများကို ကမ္ဘောဒီးယားနိုင်ငံတွင် တင်ဆက်ခဲ့ပြီး ယခု ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် တင်ဆက်ခြင်းဖြစ်ကာ ဖိလစ်ပိုင်နိုင်ငံတွင် ဆက်လက်တင်ဆက်ကပြကြဦးမည်ဖြစ်သည်။ အဆိုပါအဖွဲ့တွင် ပြင်သစ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ပေါ်တူကီနိုင်ငံတို့မှ ဆပ်ကပ်ပညာရှင်များနှင့် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ပြီး ကမ္ဘာပေါ်ရှိ အကောင်းဆုံးဆပ်ကပ်အဖွဲ့များထဲမှ တစ်ဖွဲ့အပါအဝင်ဖြစ်သည်ဟု သိရသည်။ **(ဘဦး)**



# မုံရွာမြို့တွင် မြို့သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မုံရွာ မေ ၁၆**
မြို့သန့်ရှင်းသာယာလှပပြီး အမှိုက်များ ကင်းစင်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မေ ၁၄ ရက် နံနက် ၆ နာရီမှ စတင်ပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"စုပေါင်းသန့်ရှင်းရေးကို မုံရွာမြို့ ချင်းတွင်းမြစ်ကမ်း တစ်လျှောက် အိုးဘိုတောင်ရပ်ကွက် (၁၀)ပေါက်တဲ့ ရေတံခါးအနီးကနေပြီး မြို့တောင်ဘက်ဖျားက ကူးတို့ကုန်းမီးကင်းအထိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းတွေ၊ မြန်မာနိုင်ငံရဲ့ တပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ရပ်ကွက်အသီးသီးက လူမှုရေးအသင်းအဖွဲ့တွေပါဝင်တဲ့ ပူးပေါင်းအဖွဲ့တွေနဲ့ အပိုင်းအလိုက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေပါတယ်။ ဆည်မြောင်း၊ လမ်းဦးစီး၊ ကုမ္ပဏီအသင်းအဖွဲ့တွေ အလှူရှင်တွေက အမှိုက်သယ်ယာဉ်နှင့် ယန္တရားတွေ ကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်"ဟု မြို့နယ်ထွေအုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စုပေါင်းသန့်ရှင်းရေး လုပ်ရတာ မောပေမယ့် ပျော်ပါတယ်။ အခုလို စုပေါင်းသန့်ရှင်းရေးတွေ ဆောင်ရွက်ကြတဲ့အတွက် မြို့အတွင်း အမှိုက်တွေ ကင်းစင်ပြီး သန့်ရှင်းသာယာလှပကာ မြို့နေလူထုတွေ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မလိုလားအပ်တဲ့ ပြဿနာတွေ လျော့နည်းသွားမယ်။ နောက်တစ်ခုက အများပြည်သူတွေ မြစ်ကမ်းနားတစ်လျှောက်မှာ သန့်ရှင်းတဲ့ လေကောင်းလေသန့်တွေ ရှူရှိုက်ရင်း စိတ်ကြည်နူးလန်းဆန်းစွာ အပန်းဖြေနိုင်မယ်"ဟု စုပေါင်းသန့်ရှင်းရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် နံနက် ၆ နာရီမှ နေ့လည် ၁၁ နာရီ အထိ ချင်းတွင်းမြစ်ကမ်း တစ်လျှောက်သာမကဘဲ မုံရွာပြည်သူ့ဆေးရုံကြီးနှင့် ဆားကျင်း သုဿန်တို့တွင်လည်း ဆောင်ရွက်ခဲ့ကြပြီး လာမည့်အပတ် စနေနေ့တွင်လည်း စုပေါင်းသန့်ရှင်းရေး ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(ဖိုးချမ်း-မုံရွာ)** ■

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်လောကသားများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၁၆**
မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်လောကသားများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ရုပ်ရှင်အစည်းအရုံးခန်းမ၌ မေ ၁၅ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်ဟု တက်ရောက်ခဲ့သူ သရုပ်ဆောင်ဘသာထူးက ပြောသည်။

ကျင်းပပြီးစီးခဲ့သော ၂၀၁၄-၂၀၁၅ နှစ်နှစ်တာအတွက် အကယ်ဒမီရုပ်ရှင်ထူးချွန်ဆုပေးပွဲနှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်မှုများရှိလာသဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ယင်းအစီအစဉ်တွင် ရုပ်ရှင်အလွှာအသီးသီးမှ ၁၀ ဦးဝန်းကျင် ဆွေးနွေးပြောဆိုမှုများရှိခဲ့ပြီး ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ ပြန်လည်ပြောကြားမှုများရှိခဲ့သည်ဟု သိရသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ ရုပ်ရှင်အလွှာအသီးသီးမှ ပုဂ္ဂိုလ် ၁၀၀ ဝန်းကျင်တက်ရောက်ခဲ့သည်။ ရုပ်ရှင်အစည်းအရုံးမှ ဦးဆောင်ကျင်းပခဲ့သော နှစ်နှစ်စာ ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုပေးပွဲနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲတွင် ကိုယ်တိုင်တင်ပြပြောဆိုခြင်းနှင့်အတူ တစ်ဖက်မှ ပြန်လည်ရှင်းလင်းတင်ပြခြင်းများပါ မြင်တွေ့ရရာ ပြောင်းလဲလာသော ခေတ်ကာလအခြေအနေကို ထင်ဟပ်နေသည်။ နှစ်ဦးနှစ်ဖက် လူမှုကွန်ရက်ပေါ်မှသည် မျက်နှာချင်းဆိုင်ပြောဆိုဆွေးနွေးခြင်းများအဆင့်သို့ ရောက်ရှိလာသည့်အတွက် ထူးခြားသောတိုးတက်ပြောင်းလဲမှု အခြေအနေတစ်ရပ်ဖြစ်လာသည်ဟု ယင်းဆွေးနွေးပွဲသို့ တက်ရောက်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

ရုပ်ရှင်ထူးချွန်ဆုသာမက ရုပ်ရှင်လောကသားတို့ တွေ့ကြုံနေရသော ရုပ်ရှင်ရုံများ နည်းပါးလာချိန် ရုပ်ရှင်ကားအများအပြား ထွက်ပေါ်လာသဖြင့် ပြသမှုဆိုင်ရာ အခက်အခဲ၊ ဗီဒီယိုလောကသားများ ကြုံတွေ့နေရသော အခက်အခဲများပါ တင်ပြမှုရှိလာသည်။

ရုပ်ရှင်အစည်းအရုံး၏ သင်းဖွဲ့စည်းမျဉ်းများကို ရုပ်ရှင်လောကသားများ သိရှိမှုအားနည်းခြင်း၊ အသင်းအဖွဲ့တွင် ပါဝင်လုပ်ဆောင်မှု အားနည်းနေကြသဖြင့် အချို့သော ကိစ္စရပ်များတွင် သင်းဖွဲ့စည်းမျဉ်းနှင့် ကိုက်ညီမှုနည်းပါးနေခြင်းအပေါ် ဆွေးနွေးမှုများရှိသည်ကို မြင်တွေ့ရသည်။

ယခု ကျင်းပသော တွေ့ဆုံဆွေးနွေးပွဲသည် အမြင်မတူသူများအကြား သဘောထား ကွဲလွဲယူဆနေမှုများ လျော့နည်းစေရန် ဦးတည်မှုဖြစ်စေသည်။ အသင်းအဖွဲ့များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်မှုများ လိုအပ်နေသည်ကို ယင်းတွေ့ဆုံပွဲတွင် ပြန်လှန်ပြောဆိုမှုများမှ မြင်တွေ့လာရသည်ဟု တက်ရောက်လာသူ တစ်ဦးက ပြောသည်။

တိုင်းပြည်၏အနာဂတ် ပြောင်းလဲရန်အတွက် လူအများအား အသိပညာပေးရာတွင် တစ်တပ်တစ်အားအဖြစ်ရှိနေသည့် ရုပ်ရှင်လောကသားများအတွင်း ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုမျိုး ကျင်းပပေးခြင်းဖြင့် အပြုသဘောဆောင်သော တိုးတက်မှုများ ရရှိလာနိုင်သည်။ စီစဉ်ရေးဆွဲနေသော ရုပ်ရှင်ဥပဒေ အမြန်ဆုံးပြဋ္ဌာန်းနိုင်ရန် တွန်းအားပေးလုပ်ဆောင်သင့်ပြီဟု ကိုဘသာထူးက ဆိုသည်။ **(မောင်စေအောင်)**

# ကွန်ချောင်းဆည်ရေသောက် နွေစပါးစံပြကွက်ရိတ်သိမ်း

**ကြံခင်း မေ ၁၆**
ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ကွန်ချောင်းဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးခဲ့သည့် နွေစပါးစံပြကွက်များ ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ကြံတောကျေးရွာတောင်သူ ဦးသိန်းလှိုင်၏ နွေစပါးစံပြစိုက်ကွက်တွင် ကျင်းပခဲ့သည်။

အဆိုပါစံပြကွက်ရိတ်သိမ်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသော်ဇင်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအဏ္ဏဝါအောင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဦးစီးမှူး ဦးမြတ်သိန်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြူကြူမွှေးနှင့်ဝန်ထမ်းများ၊ ကြံတောကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် နွေစပါးစိုက်တောင်သူများတက်ရောက်ကြပြီးတောင်သူဦးသိန်းလှိုင်၏ကွင်းအမှတ် ၁၇၀၊ ဦးပိုင်အမှတ် ၆၃၊ စံပြကွက် (၂ ဒသမ ၄၇ဧက)အားရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း (၉၅ ဒသမ ၂၃) တင်းထွက်ရှိခဲ့သည်။

ကြံခင်းမြို့နယ်ရှိ ကွန်ချောင်းဆည်ရေသောက်ဧရိယာအတွင်းတွင် ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ပျိုးရာသီတွင် ကျေးရွာအုပ်စုရှစ်အုပ်စုမှ လယ်ဧကပေါင်း ၂၀၈၉ ဧကအား ဆည်ရေလုံလောက်စွာဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် နှိုးဆော်ချက်

"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း"
"ငါးရစ်တစ်ကောင်သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား"

- မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသောငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရှာ၍ ငါးရစ်တက်ကြပါသည်။
- ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရေချိုငါးလုပ်ငန်းဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့်ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပုဗ္ဗသီရိမြို့နယ်တွင် မြေငှားဂရန်များပေးအပ်

**နေပြည်တော် မေ ၁၆**
နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် တောင်သူများအား မြေငှားဂရန်များ ပေးအပ်ခြင်းကို ယမန်နေ့နံနက် ၈ နာရီက ရွာသစ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းတို့က ကျေးရွာနေဒေသခံ ၂၃ ဦးကို မြေငှားဂရန်လက်မှတ်များ ပေးအပ်ခဲ့သည်။

ယခုကဲ့သို့ မြေငှားဂရန် ချထားပေးရာတွင် ကျေးရွာ၌၁၂ နှစ်အထက်အခြေချနေထိုင်သူ နိုင်ငံသားဖြစ်ပြီး အိမ်ထောင်စုဇယားရှိသူ၊ လယ်ယာမြေ တစ်ဆက်တည်း စတုရန်းပေ ၁၂၀၀ရှိသူများကို မြေခွန်ဥပဒေနှင့်အညီ ချထားပေးခြင်းဖြစ်ပြီး ပထမအကြိမ်တွင် တောင်သူ ၃၃ ဦးကို မြေငှားဂရန်လက်မှတ်များ ချထားပေးခဲ့ပြီးဖြစ်ကာ ယနေ့ တောင်သူ ၂၃ ဦးအားမြေငှားဂရန်ချထားပေးခြင်းသည် ဒုတိယအကြိမ် ပေးအပ်ခြင်းဖြစ်ကြောင်းသိရသည်။ **မင်းမင်းလတ်**

## ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်း

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ၉ ဒသမ ၂ | ၁၀ ဒသမ ၈ | ၈ |

# ပဲခူး၌ ယာဉ်/လမ်းစည်းကမ်း လိုက်နာမှုအားနည်း၍ အထူးကြပ်မတ်ရန်လို

**ပဲခူး မေ ၁၆**
ပဲခူးမြို့တွင် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေးနှင့် ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရေးတို့အတွက် ပဲခူးအမှတ်(၃) ယာဉ်ထိန်းတပ်ခွဲမှူးရုံးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ မေ ၁၃ ရက်က လူစည်ကားရာ မြို့မဈေးကြီးဝန်းကျင်တွင် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လိုက်နာမှုအားနည်းမှုများရှိကြောင်း သိရသည်။



စက်တပ်ယာဉ်နှင့် အနေးယာဉ်မောင်းသူတို့မှာ တာဝန်ရှိသူများ စစ်ဆေးချိန်တွင်သာ စည်းကမ်းလိုက်နာပြီး တာဝန်ရှိသူများမရှိချိန်တွင် မြို့မဈေးပိုင်းအဝင်လမ်းနှင့် အထွက်လမ်းကို စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်းများ ပြုလုပ်နေကြသည်။

ယာဉ်တစ်လမ်းမောင်းလမ်း ဈေးပိုင်းသို့သွားသည့် ညွှန့်ရုပ်ရှင်ရုံအဝင်လမ်းနှင့် ဈေးပိုင်းမှ မြို့မကျောင်းအထွက်လမ်းတို့တွင် လမ်းပြောင်းပြန်မောင်းနှင်၍ အဝင်လမ်းသို့ ထွက်ခြင်း၊ အထွက်လမ်းသို့ ဝင်ခြင်းများပြုလုပ်နေ၍ သက်ဆိုင်ရာမှ စက်ဘီး၊ ဆိုက်ကား၊ ပစ္စည်းသယ်ပို့လက်တွန်းလှည်းများ၊ ဆိုင်ကယ်နှင့် ကားများကို ဒဏ်ငွေဖြင့်အရေးယူ ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။

သို့သော် အချို့မှာ လိုက်နာမှုမရှိသဖြင့် ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်တိုက်မှုများ ဖြစ်ပွားနေသည်။ ထိရောက်သော အရေးယူမှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးကို ဆောင်ရွက်သင့်ကြောင်း မြို့ခံလူထုက ဆန္ဒရှိကြောင်း သိရသည်။

**မင်းစစ်သူ(ပဲခူး)**

# Water Tank Truck ယာဉ်မောင်းနှင်ကိုင်တွယ် အသုံးပြုနည်းသင်တန်း လှိုင်ကော်၌ဖွင့်

**လှိုင်ကော် မေ ၁၆**
ကယားပြည်နယ် ရဲတပ်ဖွဲ့ အစီအစဉ်ဖြင့် Water Tank Truck ယာဉ်မောင်းနှင်ကိုင်တွယ် အသုံးပြုနည်း (ဆင့်ပွား)သင်တန်းကို မေ ၁၆ ရက် နံနက် ၈ နာရီက ကယားပြည်နယ် ရဲတပ်ဖွဲ့သင်တန်းခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (ရဲလေ့ကျင့်ရေးဌာနကြီး) ၏ ခွင့်ပြုချက်နှင့်အညီ လုံခြုံရေးဆိုင်ရာ သံချပ်ကာရေအမြောက်ယာဉ်(Water Tank Truck) အား မောင်းနှင်ကိုင်တွယ် အသုံးပြုနည်း(ဆင့်ပွား) သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ရဲလုပ်ငန်းလိုအပ်ချက်အရ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လူစုလူဝေးအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းဖြိုခွဲရာမှာ လိုအပ်သည့် နည်းလမ်းများ အသုံးပြုနိုင်ရန်အတွက် တစ်စိတ်တစ်ပိုင်း ပါဝင်သော လုံခြုံရေးဆိုင်ရာ သံချပ်ကာရေအမြောက်ယာဉ်(Water Tank Truck)ကို အသုံးပြုဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်ရန် လူစုလူဝေးအား ထိခိုက်ပျက်စီးမှုနည်းနိုင်သမျှ နည်းစေရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မိုးမောင်သန်းက ပြောကြားသည်။

ဖွဲ့စည်းပုံမှာ အဖွဲ့ခေါင်းဆောင် ဒုရဲမှူးတစ်ဦး၊ ယာဉ်မောင်း တစ်ဦး၊ ယာဉ်အကူ နှစ်ဦး၊ ယာဉ်တစ်စီးလျှင် စုစုပေါင်းတပ်ဖွဲ့ဝင် ခြောက်ဦးဖြင့် ဖွဲ့စည်းထားပြီး ခရိုင်နှစ်ခုရှိ နှစ်မြို့နယ်စီမှ စုဖွဲ့မှုပုံစံအတိုင်း တစ်မြို့နယ်လျှင် တစ်ဖွဲ့စီ၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ တစ်ဖွဲ့၊ စုစုပေါင်းငါးဖွဲ့တွင် ဒုရဲမှူး ဦးစီး (၅+၂၅) ဦးတို့ကို Water Tank Truck ယာဉ်နှင့်ပတ်သက်သည့် အသုံးပြုနည်းသင်ခန်းစာအား စာတွေ့လက်တွေ့ပါ ပေါင်းစပ်သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းနည်းပြအဖြစ် ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး မြင့်ဝေဦးစီး(၁+၅) ဦးတို့က သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

# မုန်တိုင်းအန္တရာယ်အကြောင်း အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ



**သရက် မေ ၁၆**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပြည်သူဗဟိုပြုပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သရက်ခရိုင် ကံမမြို့နယ်ရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် အယ်နီညိုကာလ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော မုန်တိုင်းဘေးအန္တရာယ်အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့ နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ် ပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

အလားတူ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့် ဌာနဆိုင်ရာများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# အလုံမြို့နယ်ရဲတပ်ဖွဲ့ဝင်များ သောက်သုံးရေ သွားရောက်လှူဒါန်း

**ရန်ကုန် မေ ၁၆**
ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒု-ရဲမှူး တင်လှနှင့် ရဲတပ်ဖွဲ့ဝင်များသည် မတ် ၁၅ ရက်က တွံတေးမြို့နယ် ဂျောင်ဝိုင်းကြီး ကျေးရွာသို့ ၂၀ လီတာဝင် သောက်သုံးရေဘူး ၆၀၀ ကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**



# ကော့မှူးမြို့နယ်အတွင်း မြေသားရေကန်များ ပြန်လည်တူးဖော်

**ရန်ကုန် မေ ၁၆**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသများတွင် နောင်နှစ်များ၌ သောက်သုံးရေရှားပါးမှုမရှိစေရေး၊ သောက်သုံးရေဖူလုံစေရေးအတွက် တိမ်ကောနေသော မြေသားရေကန်များအား တူးဖော်လျက်ရှိရာ မေ ၁၅ ရက်တွင် ပျားမွတ်ကျေးရွာ မြေသားရေကန်အပါအဝင် စုစုပေါင်း မြေသားရေကန် ခုနစ်ကန်အား ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်း မိုးကုတ်မြို့တွင်ဖွင့်

**မိုးကုတ် မေ ၁၆**
မိုးကုတ်မြို့တွင် ပြည်သူများ၏ အခြေခံလိုအပ်ချက်များအား အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို မိုးကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မိုးကုတ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းတင်က အမှာစကားပြောကြားခဲ့ပြီးနောက် လွှတ်တော်အသီးသီးမှ ဆောင်ရွက်ဖော်ဆောင်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာ သိကောင်းစရာများကို ဆက်လက်ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် ဌာနဆိုင်ရာအသီးသီးတို့မှ ၎င်းတို့နှင့် ဆက်စပ်လုပ်ကိုင်ရမည့်လုပ်ငန်းများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် စာရေးသင်တန်းသား ၅၉ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းအား မေ ၁၆ ရက်မှ ဇွန် ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**





## ဂျေဂျူးကျွန်းသို့ အပန်းဖြေခရီးသွားရောက်လျက်ရှိသည့် ရိန်းနှင့် ကင်မ်တေဟီး

ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိထားပြီး လူသိများကျော်ကြားလှသည့် သရုပ်ဆောင် ရိန်းနှင့် ကင်မ်တေဟီးတို့စုံတွဲသည် ၎င်းတို့၏မိသားစုဝင်များ ပါဝင်ကာ ဂျေဂျူးကျွန်းသို့ မေ ၁၅ ရက်က အပန်းဖြေခရီးထွက်ခွာသွားကြောင်း သရုပ်ဆောင် ရိန်း၏အေဂျင်စီက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

"ရိန်းနဲ့ ကင်မ်တေဟီးတို့ဟာ သူတို့ရဲ့ မိဘဆွေမျိုးတွေ၊ သူငယ်ချင်းတွေနဲ့ ဂျေဂျူးကျွန်းကို နှစ်ညအိပ်သုံးရက်ခရီး ထွက်ခွာသွားခဲ့ပါတယ်။ ခရီးစဉ်နဲ့ ပတ်သက်ပြီး အခြားထွေထွေထူးထူးမရှိပါဘူး"ဟု အဆိုပါအေဂျင်စီက ထုတ်ပြန်သည်။

အဆိုပါခရီးမှအပြန်တွင် သရုပ်ဆောင် ရိန်းအနေဖြင့် မလေးရှားနိုင်ငံတွင် မေ ၁၉ ရက်၌ ကျင်းပမည့်ဖျော်ဖြေပွဲတစ်ခုတွင် ပါဝင်ဖျော်ဖြေရန် သွားရောက်မည်ဖြစ်ပြီး ယခု အပန်းဖြေခရီးစဉ်သည် ၎င်းတို့ နှစ်ဦး၏ လက်ထပ်ရန်ကိစ္စနှင့်မည်သို့မျှမသက်ဆိုင်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

ကနဦးထွက်ပေါ်လာသည့်သတင်းများအရ ရိန်းနှင့် ကင်မ်တေဟီးတို့သည် မေ ၁၅ ရက်က ဂျေဂျူးကျွန်းသို့ သူငယ်ချင်းများ၊ မိသားစုများနှင့်အတူ ထွက်ခွာခဲ့ပြီး လူထူထပ်သည့် လေ့လာစရာနေရာများထက် သက်သောင့်သက်သာ အနားယူနိုင်မည့် နေရာများကို ရွေးချယ်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ရိန်းနှင့် ကင်မ်တေဟီးတို့သည် ၎င်းတို့နှစ်ဦး၏ ချစ်ရေးချစ်ရာကိစ္စရပ်များကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလက စတင်ခဲ့ကြောင်း တရားဝင်အတည်ပြုပေးခဲ့သည်။ ၎င်းတို့နှစ်ဦး၏ လက်ထပ်မည့်သတင်းများ အဆက်မပြတ်ထွက်ပေါ်လာခဲ့ပြီးနောက် ရိန်းက ၎င်းလက်ထပ်မည်ဆိုပါက ပရိသတ်များကို တိုက်ရိုက်အသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

## ဒုတိယပတ်အထိ နံပါတ်တစ်နေရာတွင် ရပ်တည်နေသည့် ကာပ္ပတိန်အမေရိကဇာတ်ကား

စူပါဟီးရိုးဇာတ်ကားကြိုက်ပရိသတ်များ အထူးနှစ်သက်အားပေးကြသည့် Captain America: Civil War ဇာတ်ကားသည် ပြသပြီး ဒုတိယပတ်ရောက်သည့်တိုင်အောင် မြောက်အမေရိကရှိ ရုပ်ရှင်ရုံများ၌ ရုံဝင်ငွေအားကောင်းလျက်ရှိပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၆ သန်းကျော်ရရှိခဲ့ကြောင်း BoxOfficeMojo.com မှ ယမန်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

ယင်းဇာတ်ကားတွင် စူပါဟီးရိုးများအဖြစ် ခရစ္စအယ်ဗန်၊ ရောဘတ်ဒေါ်နေးဂျူနီယာ၊ စကားလက်ဂျိုဟန်ဆန်တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြသည်။

ထို့ပြင် ဒုတိယနေရာတွင်မူ တောတွင်းဇာတ်ကား The Jungle Book က ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈ သန်းဖြင့်လည်းကောင်း၊ Money Monste ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅ သန်းဖြင့် တတိယနေရာတွင်လည်းကောင်း၊ သဘာဝလွန်သည်းထိတ်ရင်ဖိုဇာတ်ကား The Darkness က ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ သန်းကျော်ဖြင့် စတုတ္ထနေရာတွင်လည်းကောင်း၊ မင်းသမီး ဂျူလီယာရောဘတ် ခေါင်းဆောင်ပါဝင်ထားပြီး အမေများနေ့ကို ဂုဏ်ပြုထားသည့် Mother's Day ဟာသဇာတ်မြူးကားက ဝင်ငွေ အမေရိကန်ဒေါ်လာ သုံးသန်းကျော်ဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေကြောင်း နိုင်ငံတကာဇာတ်ကားများ၏ ရပ်တည်မှုများကို တင်ပြလိုက်ရပါသည်။






## ကေပေါ့ပ်လောကမှလင်းလက်နေဆဲကြယ်တစ်ပွင့် (သို့မဟုတ်) G-Dragon

အမည်အရင်းမှာ ကွမ်ဂျီယောင်းဖြစ်ကာ ကေပေါ့ပ်လောကတွင် အနုပညာအမည် G-Dragon ဖြင့် ထင်ရှားကျော်ကြားလာခဲ့ပြီး ရက်ပ်ပါ အဆိုတော်၊ တေးရေးဆရာ၊ တေးထုတ်လုပ်သူနှင့် ဖက်ရှင်ကဏ္ဍများတွင်ပါ တွင်ကျယ်စွာနေရာယူလာခဲ့သည်။

G-Dragon သည် ဝိုင်ဂျီအင်န်တာတိန်းမန့်အေဂျင်စီတွင် ခြောက်နှစ်တာမျှ လေ့လာသင်ယူခဲ့ပြီး အနုပညာလောကအတွင်းသို့ Big Bang တေးဂီတအဖွဲ့၏ အဖွဲ့ခေါင်းဆောင်တစ်ဦးအဖြစ် ဝင်ရောက်လာခဲ့သည်။

ကေပေါ့ပ်လောက၏ အထင်ကရကျော်ကြားလှသူတစ်ဦးအဖြစ် ရပ်တည်နေသည့် ကေပေါ့ပ်အမျိုးသားအဖွဲ့ Big Bang မှ G-Dragon က ၎င်း၏ Instagram အကောင့်တွင် followers ကိုးသန်းကျော်ရရှိနေပြီဖြစ်သည်။

၂၀၀၉ ခုနှစ်က ထွက်ရှိခဲ့သည့် G-Dragon ၏ Heartbreaker တစ်ကိုယ်တော်အယ်လ်ဘမ်သည် အချပ်ရေပေါင်း နှစ်သိန်းကျော်ရောင်းချခဲ့ရပြီး တစ်နှစ်တာလုံးတွင် အအောင်မြင်ဆုံးသောတေးအယ်လ်ဘမ်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ထို့ပြင် အဆိုပါအယ်လ်ဘမ်ဖြင့် Mnet Asian Music Awards မှ ချီးမြှင့်သည့် Album of the Year ဆုကိုလည်း ဆွတ်ခူးရရှိခဲ့သည်။

G-Dragon ၏ လက်ရှိအနုပညာလှုပ်ရှားမှုအနေဖြင့် ၂၀၁၆ BIGBANG MADE [V.I.P] TOUR အမည်ရှိ ဂီတဖျော်ဖြေပွဲကို ကျင်းပရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

**မျိုးစန္ဒာမောင်-စုစည်းရေးသားသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၇- ၅ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား New Channel

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၈း၃၅ "ပြည်သူ့အတွက် ပထမရက်(၁၀၀)" (ဆောက်လုပ်ရေးဝန်ကြီးဌာန)
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
- ၁၁း၃၅ "၂၀၁၆ခုနှစ်၊ မေလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ
- ၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၂၁)
- ၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၂၁)
- ၂း၂၀ "သွေးမတိုးအောင် သတိဆောင်ကိုယ်လက်လှုပ်ရှားမှုအောင်စား"
- ၂း၄၀ "ရှင်နှောင်းကျောင်းရောက်ပြီ"

**ညပိုင်း**

- ၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၄း၃၅ Football Magazine (ရောဝတီယူနိုက် တက်အသင်း)
- ၅း၃၅ မြန်မာ့ငွေကြေးဈေး ကွက်ဆိုင်ရာ စကားဝိုင်း (လက်လီလုပ်ငန်းဖြင့်ကိုယ်ပိုင်စီးပွားရေးတစ်ခုစတင်ခြင်း) (အပိုင်း-၄)
- ၆း၂၀ "ထိန်းသိမ်းထားရှိသင့်သည့် ထုံးကျောက်တောင်နှင့် ထုံးကျောက်လိုဏ်ဂူများ"
- ၆း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ မင်္ဂလာပါ ဂင်ချီ"(အပိုင်း-၂၂)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၂၂)
  - -Yes or No Talk Show (ဆွေးနွေးငြင်း ခုံမှုစကားစုများ) (အပိုင်း-၁)
  - -တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ (အပိုင်း -၉)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -ပြည်သူ့နီတိ "ပြောလိုက်ပါ့မယ်"
- ၆း၂၀ ကာတွန်းအစီအစဉ် "Cars" (အပိုင်း-၂)
- ၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၄၆)
- ၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၄၆)
- ၈း၃၀ တေးဂီတအစီအစဉ်
- ၈း၅၀ ဆရာမကြီးဒေါ်စောမုံညင်း အစီအစဉ်
- ၉း၂၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
- ၉း၃၀ တေးဂီတအစီအစဉ်
- ၉း၅၀ အလောင်းတော်ကဿပ အစီအစဉ်
- ၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "လမင်းကိုစိန်ခေါ်ကြသူများ"
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### MRTV- 4


- ၅း၀၀ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၄၀ "ဂေါတမီထေရီ" တရားတော် [ဆရာတော်အရှင်ပညာသီဟာဘိဝံသ (တရားဦးဓမ္မစကြာ)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၄)
- ၈း၀၀ "မင်္ဂလာပါ"The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မ တို့ချစ်စကား" (အပိုင်း-၁၁၂)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ အနုပညာမိုးကောင်းကင်
- ၁၁း၂၅ သွားမယ်စားမယ် (Manpuku)
- ၁၁း၄၅ Forever Music Tribute အဝေးတစ်နေရာ(အပိုင်း-၃ (ဒုတိယပိုင်း)
- ၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင် ကုန်သည်"(အပိုင်း-၇၇)
- ၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (The First - Ever BMW Expro ; 2016)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၄)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၆၄)
- ၆း၁၅ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၅)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၅)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၁၃)
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၇၈)
- ၉း၅၀ အနုပညာမိုးကောင်းကင်
- ၁၀း၁၀ MRTV-4 Stage
- ၁၀း၄၅ World of Knowledge (Seconds from Disaster: Norway Massacre)

### mitv

- 07:26 "Continuation In Rural Tradition
- 08:26 "A Bike Ride in pursuit of Mural Art (Episode-2)
- 08:43 "A Lucky Boy
- 09:26 "The Strokes of Myanmar
- 09:51 "Today Myanmar: Earthquake Awareness
- 10:26 "Ngapali Beach: Fishing Villages
- 10:33 "Mesmerizing Scenes or Image of Japan (Part-2)
- 07:26 "A Day Out With Sarah (EP-6)
- 08:26 "A Visit to Kyauk Kyi
- 08:43 "Chef Life: Avi Bitton (Israeli Chef)

ကြေးမုံ







# ယူရို ၂၀၁၆ အတွက် ကစားသမား ၂၆ ဦး ရှိုင်းဟော့ဂ်ဆန်ရွေးချယ် တိုက်စစ်မှူးရက်ရှ်ဖို့နှင့် ကွင်းလယ်ကစားသမားဝီရှိုင်းယားတို့ ပါဝင်လာ

အင်္ဂလန်အသင်းနည်းပြ ရှိုင်းဟော့ဂ်ဆန်သည် ပြင်သစ်နိုင်ငံတွင် ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ကနဦး ကစားသမား ၂၆ ဦးစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ အဆိုပါကစားသမား ၂၆ ဦးစာရင်းတွင် မန်ယူအသင်းမှ အသက်(၁၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ရက်ရှ်ဖို့ပါဝင်လာခဲ့ကြောင်း သိရသည်။

ထို့အတူ နည်းပြရှိုင်းဟော့ဂ်ဆန်သည် ဇွန် ၁၀ ရက်တွင် စတင်ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် နယူးကာဆယ်တောင်ပံကစားသမား တောင်ဆန်နှင့် အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်ဝီရှိုင်းယားတို့ကိုလည်း ခေါ်ယူထားခဲ့ကြောင်း သိရသည်။

အဆိုပါကစားသမားများကို အင်္ဂလန်အသင်းအတွက် ခေါ်ယူခဲ့သော်လည်း အာဆင်နယ်ကစားသမား သီယိုဝဲလ်ကော့၊ အဲဗာတန်ကစားသမား ဖီးလ်ဂျာဂီအယ်ကာနှင့် ဝက်စ်ဟမ်းကစားသမား မာ့ခ်နိုဘယ်တို့ကိုမူ နည်းပြ ရှိုင်းဟော့ဂ်ဆန်က ခေါ်ယူခဲ့ခြင်းမရှိပေ။

ယူရို ၂၀၁၆ ပြိုင်ပွဲကို ဇွန် ၁၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲဝင် အသင်း ၂၄ သင်း၏ ကစားသမား ၂၃ ဦးစာရင်းကိုမူ မေ ၃၁ ရက်နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ရက်ရှ်ဖို့သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူပထမအသင်းနှင့်အတူ ဒုတိယရာသီဝက်ရောက်မှသာ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ၎င်းပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက်ပိုင်း ခြေစွမ်းတောက်ပသည့် လူငယ်ကစားသမားတစ်ဦးအဖြစ်လည်း နာမည်ရလာခဲ့သည်။

တိုက်စစ်မှူး ရက်ရှ်ဖို့သည် မန်ယူအသင်းနှင့်အတူ ပထမပွဲထွက်ကစားခွင့်ရရှိခဲ့သည့် နှစ်ပွဲတွင် လေးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် မန်ယူပထမအသင်း၌ ကစားခဲ့ချိန်မှစတင်ကာ ပွဲပေါင်း ၁၆ ပွဲတွင် ခုနစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

အင်္ဂလန်အသင်း၏ နောက်ဆုံးဆန်ခါတင် ၂၃ ဦးစာရင်းတွင် တိုက်စစ်မှူး ရက်ရှ်ဖို့ပါဝင်လာမည်လားဆိုသည့်မေးခွန်းကိုမူ နည်းပြရှိုင်းဟော့ဂ်ဆန်က "ပြိုင်ပွဲက အတော်လေးပြင်းထန်ပါတယ်။ အဲဒါကို ရက်ရှ်ဖို့အနေနဲ့ သိရှိနားလည်မှာပါ"ဟုသာ ဖြေကြားခဲ့သည်။

နည်းပြရှိုင်းဟော့ဂ်ဆန်သည် အင်္ဂလန်အသင်း၏ ကစားသမား ၂၆ ဦးတွင် ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့သည့် လက်စတာစီးတီးအသင်းမှ ဗာဒီနှင့် ဒရင့်ဝါးတားတို့နှစ်ဦးကို ခေါ်ယူထားခဲ့ပြီး စပါးအသင်းနှင့် လီဗာပူးအသင်းတို့မှ ကစားသမားငါးဦးစီအထိ ခေါ်ယူထားခဲ့သည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များအဖြစ် ဝေလအသင်း၊ ရုရှားအသင်း၊ ဆလိုဗက်ကီးယားအသင်း စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အင်္ဂလန်အသင်း၏ အုပ်စု(B)၏ အုပ်စုတွင်းပွဲစဉ်များမှာ ဇွန် ၁၁ ရက်တွင် ရုရှားအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၆ ရက်တွင် ဝေလအသင်းနှင့်လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ဆလိုဗက်ကီးယားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အင်္ဂလန်အသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များအဖြစ် မေ ၂၂ ရက်တွင် တူရကီအသင်းနှင့် လည်းကောင်း၊ မေ ၂၇ ရက်တွင် သြစတြေးလျအသင်းနှင့်လည်းကောင်း၊ ဇွန် ၂ ရက်တွင် ပေါ်တူဂီအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအင်္ဂလန်အသင်းအတွက် ကနဦးရွေးချယ်ထားသည့် ကစားသမားများမှာ ဂိုး- ဂျိုးဟတ်(မန်စီးတီး)၊ ဖော်စတာ(ဆောက်သမ်တန်)၊ တွမ်ဟိတန်(ဘန်လေ)၊ နောက်တန်း- ကာဟေးလ်(ချယ်လ်ဆီး)၊ စမောလင်း(မန်ယူ)၊ ဂျွန်စတုန်း(အဲဗာတန်)၊ ကီလီဝေါ်ကာ(စပါး)၊ ဘထရန်(ဆောက်သမ်တန်)၊ ဒန်နီရို့စ်(စပါး)၊ ကလိုင်း(လီဗာပူး)၊ ကွင်းလယ်- ဒီလီအယ်လ်လီ(စပါး)၊ ဘာကလေ(အဲဗာတန်)၊ ဖာဘီယန်ဒဲလ်(မန်စီးတီး)၊ အဲရစ်ဒိုင်ယာ(စပါး)၊ ဒရင့်ဝါးတား(လက်စတာစီးတီး)၊ ဟန်ဒါဆန်(လီဗာပူး)၊ လယ်လာနာ(လီဗာပူး)၊ ဂျိမ်းမီနာ(လီဗာပူး)၊ စတာလင် (မန်စီးတီး)၊တောင်ဆန်(နယူးကာဆယ်)၊ ဝီရှိုင်းယား(အာဆင်နယ်)၊ တိုက်စစ်-ရွန်းနီ(မန်ယူ)၊ ဟယ်ရီကိန်း(စပါး)၊ ဗာဒီ(လက်စတာစီးတီး)၊ စတားရစ်(လီဗာပူး)၊ ရက်ရှ်ဖို့(မန်ယူ)တို့ဖြစ်ကြသည်။

## လာမည့်ရာသီတွင် လီဗာပူး၌ ဘန်တီကီဆက်ရှိမည်မဟုတ်ဟုဆို

ဘယ်လ်ဂျီယံတိုက်စစ်မှူး ဘန်တီကီသည် လာမည့်ဘောလုံးရာသီတွင် လီဗာပူးအသင်း၌ ဆက်ရှိလိမ့်မည်မဟုတ်ကြောင်း လီဗာပူးအသင်းကစားဖော် ဒန်နီယယ်စတားရစ်က ပြောကြားသည်။

တိုက်စစ်မှူး ဘန်တီကီသည် အက်စတွန်ဗီလာအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၂ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့စီစဥ်ထားသည့် လာမည့်ဘောလုံးရာသီကစားသမားစာရင်းတွင် ဘန်တီကီပါဝင်လာမည့်အနေအထားမရှိကြောင်းလည်း သိရသည်။

ထို့ကြောင့် တိုက်စစ်မှူးဘန်တီကီသည် လာမည့်ရာသီတွင် အခြားကလပ်အသင်းသို့ ပြောင်းရွှေ့ကစားရန် လပိုင်းအတွင်း အပြောင်းအရွှေ့ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။

လီဗာပူးအသင်းတွင် ဒန်နီအင့်ပြန်လည်ပါဝင်လာမည်ဖြစ်သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင် အေစီမီလန်အသင်းသို့ အငှားချထားခြင်းခံရသည့် အီတလီတိုက်စစ်မှူး ဘာလော့တယ်လီသည်လည်း အန်ဖီးလ်သို့ ပြန်လာဖွယ်ရှိနေကြောင်းသိရသည်။



## လာမည့်ရာသီတွင်လည်း ချယ်လ်ဆီး၌ဆက်ရှိလိုကြောင်း တယ်ရီဖွင့်ဟ

ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီသည် လာမည့်ဘောလုံးရာသီတွင်လည်း ချယ်လ်ဆီးအသင်း၌ဆက်ရှိလိုကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းအနေဖြင့် တစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ထပ်တိုးချုပ်ဆိုမည်လားဆိုသည်မှာ မပြောနိုင်သေးကြောင်းလည်း ပြောကြားခဲ့သည်။

ဗဟိုနောက်တန်းကစားသမား တယ်ရီ၏ လက်ရှိချယ်လ်ဆီးအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သည် လာမည့်လတွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ သို့သော် နောက်တန်းကစားသမား တယ်ရီအနေဖြင့် ချယ်လ်ဆီးအသင်း၌ ဆက်ကစားရန်ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

နောက်တန်းကစားသမား ဂျွန်တယ်ရီသည် ချယ်လ်ဆီးပထမအသင်းတွင် ၁၉၉၈ ခုနှစ်ကတည်းက ပါဝင်ကစားခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ပွဲပေါင်း ၄၈၃ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၄၀ အထိသွင်းယူပေးနိုင်ခဲ့သည်။



## ချယ်လ်ဆီးတွင် အငှားချထားသည့် ဖယ်ကာအို မိုနာကို၌ ပြန်ကစားမည်

ကိုလံဘီယာတိုက်စစ်မှူး ဖယ်ကာအိုသည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ ပြင်သစ်ပထမတန်းပြိုင်ပွဲစတင်ချိန်တွင် မိုနာကိုအသင်းသို့ ပြန်လည်သွားရောက်ကစားမည်ဖြစ်ကြောင်း မိုနာကိုအသင်း ဒုတိယဥက္ကဋ္ဌ ဗာဆီးလ်ယက်ဗ်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဖယ်ကာအိုသည် ၂၀၁၃ ခုနှစ်အတွင်းက စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မိုနာကိုသို့ ရောက်ရှိလာခဲ့သည့် ပထမရာသီတွင် ဒဏ်ရာပြဿနာကြောင့် ပုံမှန်ပွဲထွက်မကစားနိုင်ခဲ့ပေ။

ထို့ကြောင့် မိုနာကိုအသင်းက တိုက်စစ်မှူး ဖယ်ကာအိုအား ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသို့ အငှားချထားခဲ့သည့်အပြင် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင်လည်း ချယ်လ်ဆီးအသင်းသို့ ထပ်မံအငှားချထားခံခဲ့ရသည်။

တိုက်စစ်မှူး ဖယ်ကာအိုသည် ပရီမီယာလိဂ်တွင် နှစ်နှစ်ကြာကစားခဲ့ရာတွင် ပုံမှန်ခြေစွမ်း ပျောက်ဆုံးခဲ့ရခြင်းကြောင့် လာမည့်ဘောလုံးရာသီတွင် မိုနာကိုအသင်း၌ ပြန်လည်ကစားမည်ဖြစ်ကြောင်း သိရသည်။ တိုက်စစ်မှူး ဖယ်ကာအိုသည် မိုနာကိုအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သည် ၂၀၁၈ ခုနှစ်ရောက်မှ ကုန်ဆုံးမည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းတွင် အငှားဖြင့်လာရောက်ကစားခဲ့ချိန်တွင် လိဂ်ပွဲ ၁၀ ပွဲတွင် တစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့သည်။

ငွေကြယ် - စုဆည်းသည်

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ရက်(၁၀၀)ကာလအတွင်း တံတားကြီးလေးစင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ မေ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ တံတားကြီးလေးစင်းအား ရက်(၁၀၀) ကာလအတွင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တံတားအထူး အဖွဲ့(၂) (မုံရွာ)ထံမှ သိရသည်။

"ရက် (၁၀၀) ကာလအတွင်းမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ချင်းတွင်းတံတား(မုံရွာ)၊ မြစ်သာတံတား(ကလေးဝ)နှင့် ချင်းပြည်နယ်က ဗားရ်တံတား၊ မံဆောင်းတံတားတွေကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းတွင်းတံတား (မုံရွာ)က ပျက်စီးနေတဲ့ တံတားမီးတွေ ပြန်တပ်တယ်။ ချဉ်းကပ်တံတား၊ ပင်မတံတား ပလက်ဖောင်းလက်ရန်းတွေ ဆေးသုတ်ခြင်း၊ ချဉ်းကပ်တံတားက Expension joint ပြုပြင်ခြင်း လုပ်ငန်းတွေ ၅၀ ရာနှုန်းကျော် ပြီးစီးပြီဖြစ်ပါတယ်။ မြစ်သာတံတား(ကလေးဝ)ကိုလည်း အလားတူ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိရာမှာ ၅၀ ရာနှုန်းကျော် ပြီးစီးပြီဖြစ်ပါတယ်။

ဒ့ါအပြင် ချင်းပြည်နယ်က မံဆောင်းတံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားဆေးသုတ်တယ်။ ကွဲအက်နေတဲ့ နေရာတွေကို ဂဟေဆက်တယ်။ တချို့နေရာတွေက မူလီတွေ ပြုတ်နေတာတွေပြန်ကျပ်တယ်။ အသစ်လဲလှယ်တပ်ခြင်းတွေကို ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ ထို့အပြင် ဗားရ်တံတားကိုလည်း ဆေးသုတ်ခြင်းလုပ်ငန်း၊ တောင်ကျရေလာစဉ်က တံတားတိုင်တွေ၊ သစ်တုံးတွေ တိုက်မိလို့ ပဲ့ထွက်တဲ့ နေရာတွေကို ပြန်လည် ပြုပြင်ခြင်း၊ တံတားအပေါက်တွေ ပြုပြင်ခြင်းလုပ်ငန်းတွေ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ တံတားတွေပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းတွေကို သတ်မှတ် စံချိန်စံညွှန်းနဲ့အမီဖြစ်ရေး သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟု တံတားအထူးအဖွဲ့(၂) (မုံရွာ)မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း (မုံရွာ)**




# ပုဂ္ဂလိကစက်မှုကဏ္ဍ ရက်(၁၀၀)အတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး

**တပ်ကုန်း မေ ၁၆**
နေပြည်တော်ကောင်စီနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ပုဂ္ဂလိကစက်မှုကဏ္ဍ ရက်(၁၀၀)အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်ကုန်းမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအခမ်းအနားကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ဥတ္တရခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေတို့က လာရောက်၍ မိတ်ဆက်အမှာစကားပြောကြားခဲ့ပြီးနောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က စီးပွားရေးလုပ်ငန်းရှင်များအား ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးဟိန်းဇော်က စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေးတင်ပြ၍ လည်းကောင်း၊ နေပြည်တော် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုဝင်းက SME လုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြ၍လည်းကောင်း၊ ဥတ္တရခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှငွေးက ဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့်ဌာနဆိုင်ရာများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ရှင်းလင်းပေးခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်က ဆွေးနွေးတင်ပြချက်အားလုံးကို ပြန်လည်သုံးသပ် ဆွေးနွေးရှင်းလင်းခဲ့သည်။

နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်းတို့သည် မြို့နယ်အဆင့်ဌာနဆိုင်ရာများလိုက်ပါ၍ ဗျိုင်းအင်းကျေးရွာအုပ်စု ဗျိုင်းအင်းကျေးရွာရှိ ဗျိုင်းအင်းကန် ဖော်ထုတ်ပြီးစီးမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် သပြေကုန်းကျေးရွာအုပ်စု သပြေကုန်းကျေးရွာရှိ ဦးဇော်ဇော်ပိုင်ဆိုင်သည့် ဂျင်းအခြောက်ခံ စက်ရုံသို့ ဝင်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# သူငယ်တန်း(KG)သင်ဆရာ၊ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

**ပုလဲ မေ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်သာကြည်ခန်းမ၌ သူငယ်တန်း (KG) သင် ဆရာ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဆင်းပွဲကို မေ ၁၀ ရက် ညနေ ၃ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို သင်တန်းသား သင်တန်းသူများက စနစ်သစ် KG တက်လှမ်းချီ သီချင်းသီဆို၍ ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုလဲမြို့နယ်ပညာရေးမှူး ဒေါ်လှမြင့်က "အသက် ငါးနှစ်ပြည့်ပြီး ကလေးအားလုံး သင်ယူမှု အခွင့်အလမ်း တစ်ပြေးညီရရှိပြီး မူလတန်းပညာရေးကို လွယ်ကူချောမွေ့စွာ ကူးပြောင်းတက်ရောက် သင်ယူနိုင်ရန်၊ သူငယ်တန်း (KG)တက်နိုင်မယ့် ကလေးငယ်တွေက အသက်ငါးနှစ်အရွယ်ဖြစ်တာကြောင့် သူတို့ကို ကဗျာ၊ သီချင်း စတာတွေနဲ့ ပညာပေး လေ့ကျင့်သင်ကြားပေးမှုနဲ့ ပုံပြင်တွေ၊ တေးကဗျာတွေ အပါအဝင် လေ့ကျင့်ခန်းများကို ပုံစက္ကူကတ်ပြားတွေ၊ လက်ထိုးရုပ်တွေပါဝင်တဲ့ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်း (KG Kit) များနဲ့ ကလေးဗဟိုပြု သင်ကြားပေးနိုင်စေရေးကို သင်တန်းက ပို့ချခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် သင်တန်းမှရရှိလာသည့် အတွေ့အကြုံတွေနဲ့ စေတနာထားပြီး ကလေးတွေကို ပြန်လည်သင်ကြားကြရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသား သင်တန်းသူများ ကိုယ်စား လဲကန်ကျေးရွာ အလက(ခွဲ)ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းကလက်ခံရယူခဲ့သည်။

ထို့နောက် ပုလဲမြို့နယ် ဒုတိယပညာရေးမှူးဦးဇော်ဇော်မြင့်က သင်တန်းအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား ၅၅ မိုင်၊ အမကကျောင်းအုပ် ဦးကျော်ရှိန်ဦးက ကျေးဇူးတင်စကားပြောကြား၍ သင်တန်းသူ သင်တန်းသားများက နှုတ်ဆက်ခဲ့ပြီ သီချင်းသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ပုလဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၈၉ ကျောင်းမှ ဆရာ ဆရာမ ၃၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၄ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



# ရက်(၁၀၀)စီမံကိန်းအဖြစ် ယခင်ငှားရမ်းထားသော ဥဿာမြို့သစ်ခန်းမရှိ ဖျော်ဖြေရေးလုပ်ငန်းအား ပိတ်သိမ်းပြီး မြို့နယ်ထွေ/အုပ် ရုံးအဖြစ်ထားမည်

**ပဲခူး မေ ၁၆**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရက် (၁၀၀) စီမံချက်တွင် ဖျော်ဖြေရေးလုပ်ငန်းများဖြစ်သော KTV နှင့်အနှိပ်ခန်းများအား ပိတ်သိမ်းရန်ထည့်သွင်းထားပြီးဖြစ်ကြောင်း အစိုးရအဖွဲ့ရုံးနှင့်နီးစပ်သော အသိုင်းအဝိုင်းမှ သိရသည်။

ပဲခူးမြို့ဥဿာမြို့သစ်ရှိ မြို့သစ်ခန်းမအား KTV လုပ်ငန်းနှင့်အနှိပ်ခန်းအဖြစ် ငှားရမ်းထားပြီး ယခုအခါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှပြန်လည်ပိတ်သိမ်းရန်စီစဉ်နေပြီး ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးအဖြစ် ပြောင်းလဲအသုံးပြုသွားရန်ရှိသည်ဟုဆိုသည်။

"အနှိပ်ခန်းနဲ့ KTV တွေကို အစိုးရအဖွဲ့က ရက်ပိုင်းမှာ ပိတ်သိမ်းတော့မယ်လို့ သိရတယ်။ ဥဿာမြို့သစ်က မြို့နယ်ခန်းမကို KTV နဲ့ အနှိပ်ခန်းငှားထားတာကနေ မြို့နယ်ထွေအုပ်ရုံးပြောင်းဖွင့်ဖို့ စီစဉ်တဲ့ထဲမှာပါတယ်" ဟု အစိုးရရုံးအသိုင်းအဝိုင်းကပြောသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရက် (၁၀၀) စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖျော်ဖြေရေးလုပ်ငန်းများအားလုံးကိုပိတ်သိမ်းရန် ထည့်သွင်းထားခြင်းဖြစ်သည်။

"ဒီစီမံချက်ကို ရက် (၁၀၀) ထဲထည့်ပြီး အကောင်အထည်ဖော်တာ ကောင်းပါတယ်။ ကြိုဆိုတယ်။ ဒီ KTV မှာပဲ လူသတ်မှုကျူးလွန်တာတွေရှိတယ်။ ဓားထိုးမှုဖြစ်တယ်။ ဒါတွေက ရာဇဝတ်မှုတွေနဲ့ ဆက်စပ်နေတယ်။ မြို့သစ်ဘက်မှာ အများဆုံးရှိနေကြတယ်။ မြန်လေကောင်းလေပါပဲ" ဟု မြို့သစ်နေဝန်ထမ်းတစ်ဦးက ပြောသည်။

ပဲခူးမြို့ ပြည်သူများက တရားဥပဒေစိုးမိုးရေးကိုလိုလားလျက်ရှိရာ တရားရုံးတွင် သက်သေခံလာသူအား KTV ပိုင်ရှင်တစ်ဦးမှ တရားရုံးအတွင်း ဓားဖြင့်ထိုးသောအမှုကရက်ပိုင်းအတွင်းဖြစ်ပွားခြင်းကြောင့် ပြည်သူများကြားစိုးရိမ်ထိတ်လန့်လျက်ရှိနေသည်။

ပြီးခဲ့သည့် ဧပြီ ၂၉ ရက်က ထုတ်ဝေသော ကြေးမုံသတင်းစာတွင် ပဲခူးတိုင်းအတွင်း စားသောက်ကုန်လုပ်ငန်းနှင့် ဖျော်ဖြေရေးလုပ်ငန်းများမှ အခွန်ပေးဆောင်ရာ နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုများရှိနေကြောင်း ရေးသားဖော်ပြပါရှိသည်။ ယင်းသတင်းနှင့် ဆက်စပ်သတင်းများအရ တချို့ KTV ဆိုင်ပိုင်ရှင်များက မြို့ရှောင်လမ်းဘက်တွင် မြေနေရာများကြည့်ရှု ရှာဖွေနေပြီဖြစ်ကြောင်း သိရသည်။

"ဒီလုပ်ငန်းကဝင်ငွေကောင်းတော့လုပ်ငန်းရှင်ဘက်က လွယ်လွယ်နဲ့မစွန့်လွှတ်နိုင်ဘူးလေ။ နောက်တစ်နေရာပြောင်းလုပ်မှာပဲ" ဟု မြို့ခံအသိုင်းအဝိုင်းကြား ပြောဆိုလျက်ရှိကြောင်း သိရသည်။

**(၄၂၈)**

ကြေးမုံ
မေ ၁၇၊ ၂၀၁၆ (အင်္ဂါနေ့)

ပြည်သူ့အတွက် ပထမ ရက် ၁၀၀ ၁၇

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမွမ်းမံခြင်းနှင့် တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ခြင်းတို့ပါဝင်မည့် ရက် ၁၀၀ စီမံကိန်း

တွေ့ဆုံမေးမြန်း – နိုင်လင်းကြည်၊ဖြိုးစန္ဒာမြင့်
ဓာတ်ပုံ – ဇာဂနီ၊ ငွေကြယ်

**ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လက်ရှိတွင် ဝန်ကြီးဌာန၏ ပင်မလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိသည်။**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အဓိကတာဝန်သည် မြန်မာနိုင်ငံ၌ရှိသည့် လမ်း၊ တံတား၊ အစိုးရနှင့်ဆိုင်သည့် အဆောက်အအုံ၊ အိမ်ရာဆောက်လုပ်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်ရသည့် ဌာနဖြစ်သည်။ အစိုးရသစ်၏ စွမ်းဆောင်ရည်ကိုပြသသည့်အနေဖြင့် အခြားဝန်ကြီးဌာနများနည်းတူ ရက် ၁၀၀ စီမံချက် တစ်ရပ်ရေးဆွဲကာ လုပ်ဆောင်နေမှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားသည်။**

**ဦးဝင်းခိုင်**
**ပြည်ထောင်စုဝန်ကြီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မေး။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ရက် ၁၀၀ အတွင်းမှာ ဘာတွေဆောင်ရွက်သွားမလဲဆိုတာ သိပါရစေ။**

**ဖြေ။** ပထမဆုံးအနေနဲ့ လမ်းကိစ္စကို အရင်ပြောချင်ပါတယ်။ လက်ရှိအစိုးရ တက်လာပြီးနောက်ပိုင်း အရင်ရှိခဲ့တဲ့ လမ်းတွေကို ပိုပြီးအဆင့်မြှင့်ဖို့ပါ။ ပြည်သူလူထု သုံးတဲ့အခါမှာလည်း ပိုပြီးတော့အဆင်ပြေဖို့ပါ။ လုံခြုံဖို့၊ စိတ်ချရဖို့၊ လမ်းပန်းဆက်သွယ်ရေး ကောင်းဖို့ပါ။ ပထမအနေနဲ့ အဆင့်မြှင့်မယ်။ ဒီလိုလုပ်တဲ့အခါမှာ မူလလမ်းတွေကိုလည်း တိုးချဲ့တဲ့ကိစ္စတွေလည်း ပါပါတယ်။

နောက်တစ်ခုက ပြည်သူလူထုစိတ်ဝင်စားတဲ့ လမ်းတစ်ခုအနေနဲ့ ပြောရမယ်ဆိုရင် ရန်ကုန်-မန္တလေးအမြန်လမ်းပါ။ ဒီလမ်းကြီးက စုစုပေါင်း ၃၆၆ မိုင်ရှည်တယ်။ ဒီလမ်းကြီးကို စိစစ်လိုက်တဲ့အခါမှာ ခြောက်ရာခိုင်နှုန်းလောက်ကတော့ အင်ဂျင်နီယာသဘောအရ အထူးပြုပြင်ဖို့လိုတယ်လို့ ကျွန်တော်တို့ ကောက်ချက်ချတဲ့အတွက် အဲဒီ ခြောက်ရာခိုင်နှုန်းကို ရက် ၁၀၀ အတွင်းမှာ ဦးစားပေးပြီးပြင်ပါမယ်။

ဒီလိုပြင်တဲ့အခါမှာ ရန်ကုန်ဘက်မှာ ၁၀ မိုင်နဲ့ နေပြည်တော်ဘက်မှာ ၁၀ မိုင် လောက်ပါပါတယ်။ ဒီလမ်းတွေကို ပဏာမအဆင့်အနေနဲ့ ငါးပေလောက်ချဲ့ဖို့ ဆောင်ရွက်မယ်။ နောက်ပြီး အင်ဂျင်နီယာသဘောတရားအရ ပြုပြင်သင့်တဲ့နေရာတွေ ကျွန်တော်တို့ ပြုပြင်သွားပါမယ်။

ဒီလမ်းပေါ်မှာရှိတဲ့ တံတားပေါင်း ၁၃၈ စင်းကိုလည်း အဆင်းအတက်ပိုပြီး ချောမွေ့အောင် ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒါ့အပြင် လမ်းပေါ်မှာသွားတဲ့အခါ မြန်နှုန်းကိုထိန်းချုပ်ဖို့က အရေးကြီးတယ်။ လမ်းအင်ဂျင်နီယာပိုင်းတစ်ခုတည်း ဆောင်ရွက်လို့မရပါဘူး။ ယာဉ်မောင်းတွေအနေနဲ့လည်း ပူးပေါင်းပါဝင်ဖို့လိုပါတယ်။ အဲဒီအတွက်လည်း ဧပြီလ ၁ ရက်နေ့က စပြီးတော့ Sifting လို့ခေါ်တဲ့ Campaign တွေကို ယာဉ်တွေအတွက်ပါ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ပြီးတဲ့နောက်ပိုင်း Quality Control ပိုင်းအနေနဲ့ သွားတာပါ။ လမ်းကိုလည်း နိုင်ငံတကာအဆင့်အတန်းမီတဲ့ လမ်းတစ်လမ်းဖြစ်အောင်၊ စံချိန်စံညွှန်းမီတဲ့ လမ်းတစ်လမ်းဖြစ်အောင် ဒီလိုနည်းနဲ့လည်း သွားဖို့ဆောင်ရွက်မှာဖြစ်ပါတယ်။

ပြီးတော့ အရင်တုန်းကမလုပ်ခဲ့တဲ့ လမ်းမပေါ်မှာ ဌာနဆိုင်ရာယာဉ်တွေက လှည့်ပတ်ကင်းလှည့်တဲ့ပုံစံမျိုးနဲ့ ယာဉ်တွေကို အရှိန်လျှော့ဖို့၊ ယာဉ်မတော်တဆဖြစ်နိုင်တဲ့နေရာတွေမှာ သူတို့က စောင့်ပြီးလုပ်ဆောင်ပေးဖို့ ဆောင်ရွက်ထားတာရှိပါတယ်။ လမ်းပိုင်း ပြောမယ်ဆိုရင် နိုင်လွန်ကတ္တရာခင်းဖို့ကတော့ ကျွန်တော်တို့ရဲ့ ဒီလမ်းမကြီးအတွက် ရည်ရွယ်ချက်ပါ။ ကျွန်တော့် အိပ်မက်ကတော့ ကျွန်တော် ဆောက်လုပ်ရေးဝန်ကြီးဖြစ်နေတဲ့အချိန်မှာတော့ ၃၆၆ မိုင်လုံး နိုင်လွန်ကတ္တရာခင်းဖို့ ကြိုးစားမှာပါ။

**မေး။ လမ်းနဲ့ပတ်သက်ပြီး ရန်ကုန်-မန္တလေးအမြန်လမ်းကိုပဲ ပြင်မှာလား။ အခြားဘယ်နေရာတွေ ရက် ၁၀၀ အတွင်းမှာ အကောင်အထည်ဖော်ဖို့ရှိပါသေးသလဲ။**

**ဖြေ။** လောလောဆယ် လမ်းပိုင်းအနေနဲ့ ကျွန်တော်တို့လုပ်ပေးနိုင်တာကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ နိုင်လွန်ကတ္တရာခင်းတဲ့လုပ်ငန်းတွေ လုပ်ပေးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုကို နိုင်လွန်ကတ္တရာခင်းတဲ့စက် ၁၄ စုံပို့ပြီး မြို့တွေရဲ့ အဆင့်အတန်းကိုမြှင့်ဖို့ ရက် ၁၀၀ အတွင်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

**မေး။ အခုအစိုးရသစ် တက်လာပြီးနောက်ပိုင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပထမဆုံးဆောင်ရွက်ခဲ့တဲ့လုပ်ငန်းက ဘာဖြစ်မလဲ။**

**ဖြေ။** ကျွန်တော်ပထမဆုံးလုပ်တာကတော့ တိုးဂိတ်တွေပါ။ ၁၀၂ ဂိတ်ရှိတဲ့အထဲက ကျွန်တော်စတာဝန်ယူတဲ့အချိန်မှာ ၁၆၁ ဂိတ်ကို အသုံးပြုခ မကောက်ခံတော့ပါဘူး။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်။

ပြည်သူတွေ သွားရေးလာရေးအဆင်ပြေအောင် ရည်ရွယ်တာပါ။ သွားတဲ့လာတဲ့နေရာမှာလည်း ပိုပြီးချောမွေ့အောင်၊ မလိုလားအပ်တဲ့ ကုန်ကျစရိတ်တွေလည်း မရှိအောင်၊ အဲလို ရည်ရွယ်ချက်တွေနဲ့လည်း ဆောင်ရွက်ခဲ့ပါတယ်။

နောက်တစ်ခု ကျွန်တော်တို့လုပ်တဲ့အထဲမှာ နာမည်ကြီးခဲ့တဲ့ နာရီ ၁၀၀ ပိတ်ဆို့မှုကြီးပါ။ ဂုတ်တွင်းတို့ ဂုတ်ထိပ်တို့မှာ။ ဒီကိစ္စကြီးကိုလည်း ဖြေရှင်းလိုက်ပါတယ်။ နောက်ပိုင်းအချိန်ကြာမြင့်စွာ မော်တော်ယာဉ်တွေ မပိတ်အောင် သက်ဆိုင်ရာမော်တော်ယာဉ်လိုင်းတွေနဲ့ရော အားလုံးနဲ့ ညှိနှိုင်းပြီးတော့လုပ်ပါတယ်။ အထူးသဖြင့် ကားကြီးတွေ ပိတ်တာများတယ်။ ကားကြီးတွေကို သတ်မှတ်တဲ့အချိန်မှာ လွှတ်ဖို့လည်း အများသဘောနဲ့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဂုတ်တွင်းထဲဝင်တဲ့အခါမှာ ဝင်လိုက်ပြီးတော့ ပြန်ထွက်လို့မရတဲ့ အနေအထားတွေရှိခဲ့တယ်။ အဲလိုမဖြစ်ရအောင် နောင်ချိုလို၊ ကျောက်မဲလိုနေရာတွေမှာ LED နဲ့ ဂုတ်တွင်းမှာဖြစ်နေတဲ့ အနေအထားကို Information တွေ တောက်လျှောက်ပေးနေမှာပါ။ ချိန်ဆပြီးတော့ မဝင်သင့်ရင်လည်း ခဏရပ်ပြီးစောင့်နေပြီး အထဲမှာ လမ်းတွေရှင်းမှ ဝင်လို့ထွက်လို့ရအောင် ဒီလို သတင်းအချက်အလက်တွေ မျှဝေတဲ့နည်းတွေလည်း ကျွန်တော်တို့ သုံးမှာဖြစ်ပါတယ်။

တံတားနဲ့ပတ်သက်လို့ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ မြစ်ကြီးလေးသွယ် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းပါ။ အဲဒီမြစ်တွေပေါ်မှာ တံတားကြီးတွေ ဆောက်ထားပါတယ်။ ရက် ၁၀၀ အတွင်းမှာ တံတားကြီးအားလုံးကို ပြန်ပြီးစိစစ်ပါမယ်။ စိစစ်တဲ့အခါမှာလည်း ပုံမှန်စိစစ်နည်းတွေလည်း သုံးသလို၊ ခေတ်မီတဲ့နည်းစနစ်တွေလည်း သုံးမယ်။

အခုတံတားတွေစစ်ဖို့အတွက် ခေတ်မီယန္တရားတွေ ဝယ်ထားတာရှိပါတယ်။ တံတားအောက်ခြေတွေပါ ပိုမိုပြီးတော့ စနစ်တကျစစ်လို့ရမယ်။ တံတားအနေနဲ့ တံတားကြီးခြောက်မျိုးရှိတယ်။ ဒီတံတားတွေ အားလုံးစစ်ဆေးမယ့်အထဲမှာ ပါပါတယ်။ တံတားကိုသုံးတဲ့ ပြည်သူလူထုအတွက်လည်း ပိုပြီးအဆင်ပြေသွားမှာပါ။ တချို့တံတားတွေကျတော့လည်း မော်တော်ဆိုင်ကယ်တွေ သွားရတာခက်ပါတယ်။ ဘီးတွေဘာတွေ ညပ်နိုင်တယ်။ အဲဒီလိုနေရာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ ရှိပါတယ်။ အရေးကြီးဆုံးကတော့ ဒီထဲမှာ လုပ်နိုင်တာကတော့ မြန်မာပြည်တံတားတွေ နာမည်ကြီးတာပါ။ ဆောက်လုပ်ရေးတံတားရောက်ရင် ကားလေးက ခုန်ခုန်သွားတယ်ပေါ့။ အဲဒီလိုနေရာပေါင်း ၂၄၀၀ လောက်ရှိတယ်။ ရက် ၁၀၀ အတွင်းမှာ နေရာ ၂၄၀၀ လောက်ကို အကုန်လုံးပြင်လိုက်မယ်။ နောက်ဆိုရင် တံတားအတက်အဆင်းကို အဆင်းလို့မသိဘဲနဲ့တောင် တံတားကိုကျော်ဖြတ်သွားအောင် ရက် ၁၀၀ အတွင်း ဆောင်ရွက်ဖို့ မျှော်လင့်ထားပါတယ်။

**မေး။ အဆောက်အအုံပိုင်းအနေနဲ့ရော အခုရက် ၁၀၀ အတွင်း အိမ်ရာဆောက်လုပ်မှု ဘယ်လောက်အထိ ပြီးစီးနိုင်မလဲ။ နောက်ပိုင်းမှာရော ဘာတွေလုပ်မလဲဆိုတာ သိချင်ပါတယ်။**

**ဖြေ။** အဆောက်အအုံပိုင်းနဲ့ ပြောရရင်တော့ ကျွန်တော်တို့ဌာနက အစိုးရအဆောက်အအုံတွေ ဆောက်တာများပါတယ်။ ရုံးအဆောက်အအုံတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ တရားရုံးတွေစတဲ့ နိုင်ငံတော်နဲ့ဆိုင်တဲ့ အဆောက်အအုံတွေ ဆောက်တာများပါတယ်။ နောက်ပိုင်းကျရင်တော့ တိုးချဲ့ပြီး ဆောက်မယ်။ ရက် ၁၀၀ အတွင်းမှာ အဆောက်အအုံဌာနကို တာဝန်ပေးထားတာကတော့ အားလုံးစိတ်ဝင်စားနေတဲ့ တန်ဖိုးနည်းအိမ်ရာဆောက်ဖို့ပဲ။

တန်ဖိုးနည်းအိမ်ရာ တကယ်ဆောက်ကြည့်တော့ မနည်းဘူးဖြစ်နေတယ်။ သိန်း ၃၀၀ တို့ ၆၀၀ တို့လည်း ဖြစ်နေတယ်။ ကျွန်တော်တို့မှာ ဘယ်လောက်ကုန်ကျသလဲဆိုတာ သေသေချာချာမသိဘူး။ ရက် ၁၀၀ စီမံကိန်းထဲမှာ အဆောက်အအုံဌာနကနေပြီးတော့ ဆောက်ကြည့်မယ်။ ငါးထပ်အဆောက်အအုံတစ်လုံး အခန်း ၄၀ လောက်ပါတယ်။ တစ်ခန်းကို ပေ ၄၀၀ လောက်ရှိတဲ့အခန်း ဆောက်ကြည့်မယ်။ အဲဒီမှာ သုံးရတဲ့ပစ္စည်းတွေ၊ စံချိန်စံညွှန်းတွေ၊ ဆောက်ရတဲ့အချိန်ကာလတွေ၊ ကုန်ကျစရိတ်တွေအားလုံးကို တွက်ချက်ပြီးတော့ လုပ်သွားမှာပါ။

ကျွန်တော့်ရည်ရွယ်ချက်ကတော့ တတ်နိုင်သလောက် သိန်း ၁၀၀ အောက်ကို ရနိုင်သမျှ ဆောက်ပေးသွားမှာပါ။ ကျွန်တော်တို့ ဆောက်ပြီးရင်တော့ စံချိန်စံညွှန်း၊ စံနှုန်းတွေ ရမယ်။ နောက်ပိုင်း သိန်း ၁၀၀ နဲ့ရအောင် မဆောက်ပေးနိုင်ဘူးဆိုတဲ့ကိစ္စကို ချေဖျက်ပေးလို့ရမှာပါ။ အဲဒီလိုဆောက်လို့ရတယ်ဆိုတာကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ဖို့ရှိပါတယ်။

အောင်မြင်ဖို့လည်း အရေးကြီးပါတယ်။ အောင်မြင်မယ်ဆိုရင် နောက်ပိုင်းလုပ်ချင်တဲ့ ပြည်သူ့အိမ်ရာစီမံကိန်းတွေက ပိုပြီး သွက်သွက်လက်လက်ဆောင်ရွက်လို့ရမှာ ဖြစ်ပါတယ်။ ပြည်သူလူထုအတွက်လည်း ကုန်ကျစရိတ်နည်းတဲ့ အဆောက်အအုံလေးတွေ ဖြစ်လာမှာပါ။

မြို့ပြအိမ်ရာစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးကိုတော့ ရန်ကုန်နဲ့ မန္တလေးကို ဦးစားပေးဆောင်ရွက်မှာပါ။ အဲဒီမှာ တန်ဖိုးနည်းအိမ်ရာတွေဆောက်ဖို့ အများကြီးလိုနေတယ်။ လက်ရှိလည်း ကျွန်တော်တို့ဆောက်နေတယ်။ ရက် ၁၀၀ စီမံကိန်းထဲမှာတော့ တန်ဖိုးနည်းအိမ်ရာကနေ အခန်းပေါင်း ၂၂၀၀ ရှိတယ်။ ဘယ်လိုပုဂ္ဂိုလ်တွေ နေခွင့်ရှိမလဲ။ ဘယ်လိုစနစ်နဲ့ ရောင်းမလဲ။ အားလုံးကျေနပ်တဲ့ စနစ်တစ်ခုတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။ တခြားနေရာတွေမှာလည်း ဧက ၂၂၀ လောက်ရှိတယ်။ တိုးချဲ့ပြီးဆောက်ဖို့လည်းရှိပါတယ်။ ဆိုလိုတာက ပြည်သူ့အိမ်ရာစီမံကိန်း၊ တန်ဖိုးနည်း အိမ်ရာစီမံကိန်းတွေကို ဦးစားပေးဆောင်ရွက်မယ်ဆိုတဲ့ အနေအထားလေးရှိပါတယ်။

ရက် ၁၀၀ ထဲမှာ လမ်းတွေ၊ တံတားတွေ၊ အဆောက်အအုံတွေ အထူးသဖြင့်တော့ တန်ဖိုးနည်းအိမ်ရာပေါ့။ ဒါတွေကို ကျွန်တော်တို့ စီမံကိန်းချ၊ စီမံချက်ချ၊ အရည်အသွေးကောင်းကောင်း၊ အဆင့်အတန်းရှိရှိ၊ စံချိန်စံညွှန်းညီတဲ့ လမ်းမျိုး၊ တံတားမျိုး၊ အဆောက်အအုံမျိုးပါ။ တန်ဖိုးနည်းဆိုတိုင်း ညံ့ဖို့မဟုတ်ပါဘူး။ အရည်အသွေးရှိတဲ့ တန်ဖိုးနည်းအိမ်ရာတွေ ဖြစ်မှာပါ။ ပထမစပြီးဆောင်ရွက်တဲ့အတွက်တော့ အရမ်းကျယ်တဲ့အခန်းတွေတော့ ရချင်မှ ရဦးမယ်။ ပေ ၄၀၀ လောက်ရှိတဲ့ အခန်းလေးတွေနဲ့စဖို့ စီစဉ်ထားပါတယ်။

**မေး။ တန်ဖိုးနည်းအိမ်ရာဆိုတာက လူတွေစိတ်ဝင်စားတဲ့ အကြောင်းအရာတစ်ခုပါ။ အဲဒီမှာ ဘယ်လိုလူမျိုးတွေက ဝယ်ယူနိုင်မလဲ၊ ဘယ်လိုစနစ်တွေနဲ့ ဝယ်ယူလို့ရနိုင်မလဲဆိုတာ သိချင်ပါတယ်။ ဝန်ကြီးတို့ ရောင်းချပေးမယ့်အချိန်ကိုလည်း သိချင်ပါတယ်။**

**ဖြေ။** တန်ဖိုးနည်းအိမ်ရာကတော့ အခု အခန်းပေါင်း ၂၂၀၀ ကနေ စထွက်မယ်။ ပြီးရင် တန်ဖိုးနည်းအိမ်ရာတွေ ထပ်ထပ်ပြီး ဖြည့်ပေးရမှာပေ့ါ။ တန်ဖိုးနည်းလို့ပြောတိုင်း လူထုကလည်း အင်မတန်စိတ်ဝင်စားပါတယ်။ လိုချင်တဲ့သူလည်း များမှာပါ။ နိုင်ငံတကာမှာ တန်ဖိုးနည်းအိမ်ရာ အောင်မြင်တဲ့တိုင်းပြည်တွေ ရှိပါတယ်။ စင်ကာပူတို့၊ ကိုရီးယားတို့၊ အိန္ဒိယတို့ပေ့ါ။ လေ့လာလိုက်တဲ့အခါ ခွဲတမ်းလေးတွေတော့ ပေးရတယ်။ တန်ဖိုးနည်းဆိုတော့ အစိုးရဝန်ထမ်းတွေအတွက်လည်း ခွဲတမ်းလေးတော့ တစ်ခုရှိရမယ်။ အငြိမ်းစားတွေအတွက်လည်း ခွဲတမ်းလေးတစ်ခုရှိရမယ်။ အမှန်တကယ် မိမိဘဝတစ်သက်တာမှာ ဘာအိမ်ခန်းမှမရှိတဲ့ လူတွေဆိုတာလည်းရှိတယ်။ ဒီလိုလူတွေလည်း ဦးစားပေးရမယ်။ လူငယ်တွေ အလုပ်အကိုင်လည်းရှိတယ်။ မိသားစုလေး ထူထောင်ချင်တယ်။ အလုပ်အကိုင်လေးလည်း ခိုင်ခိုင်မာမာရှိတယ်။ ဒီလိုလူတွေကိုလည်း ဒီနေရာမှာထည့်ရပါတယ်။ လူမှုရေးအရ ပေးရမယ့်ကဏ္ဍတွေလည်းရှိသေးတယ်။ ဒီလိုကဏ္ဍတွေလည်း ထည့်စဉ်းစားပေးရမယ်။ ဒီတစ်ခေါက်ရရှိတဲ့ယူနစ်က လျှောက်တဲ့လူဦးရေထက် နည်းတယ်ဆိုရင် မဲနှိုက်တဲ့စနစ်နဲ့ ဆောင်ရွက်ရမယ့် အနေအထားတွေရှိပါတယ်။

**မေး။ ဝန်ကြီးတို့အနေနဲ့ သတ်မှတ်ထားတာက သိန်း ၁၀၀ ဆိုပေမယ့် အဲဒီသိန်း ၁၀၀ ကိုပဲ မတတ်နိုင်တဲ့သူက ရှိသေးတယ်။ ဒီလူတွေအတွက်ရော ငွေကြေးပိုင်းဆိုင်ရာတွေမှာ ဘယ်လိုမျိုးကူညီမှုတွေ ပေးသွားဖို့ရှိလဲ။**

**ဖြေ။** တကယ်တော့ Low cost Housing လုပ်တဲ့အခါမှာ နှစ်ပိုင်းရှိတယ်။ အငှားစနစ်ရှိတယ်။ အရောင်းစနစ်ရှိတယ်။ အရောင်းစနစ်ရော အငှားစနစ်ရော စဉ်းစားရတယ်။ ရန်ကင်းတို့၊ သုဝဏ္ဏတို့ ဒါတွေဟာ အားလုံး အငှားစနစ်တွေပါပဲ။ အခုလက်ရှိပြည်သူ့အိမ်ရာ စီမံကိန်းတော်တော်များများက အငှားစနစ်တွေပါ။ နောက်တစ်ပိုင်းကတော့ အရောင်းစနစ်ပါ။ ရောင်းတော့ တချို့တတ်နိုင်တဲ့သူရှိတယ်။ တချို့ကျတော့ အလုပ်အကိုင်ရှိတယ်။ deposit ပေးထားနိုင်တယ်။ ပြီးရင်တော့ လပေးစနစ်နဲ့ ရောင်းပေးပါဆိုပြီး ဒီလိုစနစ်တွေလည်းရှိတယ်။ ဒီစနစ်တွေ အကုန်လုံးကိုလည်း လေ့လာထားပါတယ်။ ဒါလေးတွေ အကုန်ဆောင်ရွက်ပေးမှာပါ။ ဒီမှာအရေးကြီးတာကတော့ ဘဏ်တွေက ပါလာတယ်။ ဘဏ်တွေပါလာတဲ့အတွက် ဘဏ်ရဲ့ပါဝင်ပတ်သက်မှုက ရှိမှုဖြစ်မယ်။ ဘဏ်ကသာ ငွေချေးတာတို့၊ ငွေကြေးထုတ်ပေးတာတို့ ဒါတွေဆောင်ရွက်ပေးလို့ရတယ်။ ကျွန်တော်တို့ စဉ်းစားထားတာကတော့ ကျွန်တော်တို့ဆီမှာ CHD ဆိုတဲ့ ဘဏ်တစ်ခုရှိတယ်။ အဲဒီဘဏ်ကနေပြီးတော့ ဒီပုဂ္ဂိုလ်တွေကို ကူညီပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်က အစကတည်းကရှိပြီးသားပါ။ ပထမအဆင့်က ဒီလူတွေက ဒီဘဏ်မှာ ငွေစာရင်းဖွင့်ပြီး ငွေစုတဲ့စနစ်ကိုစပြီး ဆောင်ရွက်ဖို့လိုပါတယ်။ ဒီဘဏ်ရဲ့ member ဖြစ်ဖို့တော့လိုတယ်။ အဲဒါဆို ဘဏ်က သူတို့နဲ့ လုပ်ငန်းလုပ်လို့ရတာပေ့ါ။ အဲဒါမျိုးစနစ်လေးတော့ စဉ်းစားထားပါတယ်။

**မေး။ တစ်ခုသိထားတာက ရက် ၁၀၀ အတွင်းမှာ မြေဂရန်ကိစ္စတွေလည်း ပါလာတယ်လို့ သိရပါတယ်။ အဲဒါလေးလည်း ပြောပြပေးပါဦး။**

**ဖြေ။** အရင်က လူထုက အတော်လေးကို စိတ်ညစ်တဲ့အရာပေ့ါ။ သွားလျှောက်လိုက်ရင် ငွေကုန်ကြေးကျလည်းများတယ်။ အချိန်လည်း အများကြီးပေးရတယ်။ အခေါက်ခေါက်အခါခါလည်း သွားရတယ်။ လက်ရှိအစိုးရကတော့ လူထုဖို့ အမြဲကြည့်နေတာ။ လူထုဘာလိုအပ်ချက်ရှိလဲ၊ ဘာတွေအဆင်မပြေဘူးလဲ၊ အဆင်မပြေတဲ့အထဲမှာ အဲဒီတစ်ခုလည်းပါတယ်။ အဲဒီ အဆင်မပြေတဲ့ကိစ္စတစ်ခုက ကျွန်တော်တို့ ဌာနရဲ့ လုပ်ငန်းတစ်ခုထဲမှာ ပါလာတာပေ့ါ။ ကျွန်တော့်အနေနဲ့ ပြောလိုက်တယ်။ အလွန်ခက်တဲ့ အရာတောင် ၄၅ ရက်မကြာသင့်ဘူး။ ဒါကလည်း သတင်းစာထဲမှာ ကြော်ငြာတာလည်းပါတယ်။ ကန့်ကွက်တာတွေ ဘာတွေတောင် ၄၅ ရက်အထိမကြာနဲ့လို့ ပြောထားတဲ့အတွက်ကြောင့် အခုတော့ မူဝါဒတွေ ထွက်လာပါပြီ။ ကြာစရာလည်း အကြောင်းမရှိတော့ပါဘူး။ ခက်ခဲတယ်ဆိုတဲ့ ကိစ္စကတော့ ၄၅ ရက်ပေ့ါ။ လူတိုင်းလုပ်တာကတော့ မြေပုံကူးတာလေးတို့၊ နာမည်ပြောင်းတာလေးတို့တောင် ၁၀ ရက်၊ ၁၅ ရက်၊ ရက် ၂၀ သတ်မှတ်ထားပြီး စာရွက်စုံရင် ဒီထက်တော့မကြာသင့်ဘူး။ အရင်တုန်းကတော့ကြာတယ်။

**ဦးအောင်မြတ်ဦး**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**
**တံတားဦးစီးဌာန**

ကျွန်တော်တို့ တံတားဦးစီးဌာနအနေနဲ့ မြစ်ကူး၊ ချောင်းကူးတံတားတွေ၊ လမ်းမကြီးတွေမှာရှိတဲ့ တံတားတွေအနက် ပေ ၁၈၀ နဲ့ အထက် တံတား ၁၃၈ စင်းကို အဓိကထား ပြုပြင်သွားမှာဖြစ်ပါတယ်။

တံတားတွေပေါ် ပြည်သူတွေ ဖြတ်သန်းသွားလာတဲ့အခါမှာ သက်သောင့်သက်သာရှိမှု၊ ဘေးအန္တရာယ်ကင်းမှု စတဲ့ကောင်းခြင်းမင်္ဂလာအဖြာဖြာနဲ့ပြည့်စုံအောင် ရက်ပေါင်း ၁၀၀ အတွင်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၈ သို့ »»



လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းကို တွေ့ရစဉ်။



ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ရက် ၁၀၀ စီမံချက်တွင်ပါရှိသည့် မိုင်တိုင်အမှတ် (၁၇၃) တစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ရန်ကုန်-မန္တလေး အမြန်လမ်းရှိ တိုးဂိတ်တွင် လမ်းအသုံးပြုခပေးဆောင်နေကြသောယာဉ်များအား တွေ့ရစဉ်။

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀






အိမ်ရာနှင့် အိမ်ခန်းဝယ်ယူသူများအတွက် ချေးငွေထုတ်ချေးပေးရေးအကူအညီပေးနိုင်မည့် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်။



ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင်ရှိသည့် တံတား ၁၃၈ စင်းကို အဆင်း၊ အတက် ချောမွေ့အောင် ရက် ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည်။

**စာမျက်နှာ ၁၇ မှ »»**

တံတားဦးစီးဌာနအနေနဲ့ လုပ်ငန်းစဉ် ခုနစ်ခုစီစဉ်ထားပါတယ်။ တံတားအဝင်၊ အထွက် လမ်းအနေအထားနိမ့်ကျနေတဲ့ နေရာအားလုံးကို ကတ္တရာတွေကို အနိမ့်အမြင့်ဖြေညှိခြင်း၊ နောက် လျှပ်စစ်မီးတပ်ဆင်ထားတဲ့ တံတားတွေမှာ လျှပ်စစ်မီးတွေ ပြည့်ပြည့်စုံစုံ လင်းအောင်ဆောင်ရွက်ခြင်း၊ တံတားအဝင်၊ အထွက်တွေမှာရှိတဲ့ ပလက်ဖောင်းတွေ၊ တံတားပေါ်မှာရှိတဲ့ လက်ရန်းတွေကိုလည်း ပြုပြင်စရာရှိတာ ပြုပြင်ပြီးတော့ ဆေးသုတ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခြင်း၊ တံတားတွေရဲ့ အခန်းတစ်ခုနဲ့ တစ်ခုကြားမှာရှိတဲ့ သံပြားတွေပြုတ်ထွက်နေတာတွေကိုလည်း စစ်ဆေးပြီးတော့ လိုအပ်တဲ့နေရာတွေအားလုံးကို ပြန်လည်ပြုပြင်ခြင်း၊ တံတားပေါ် ဖြတ်သန်းသွားတဲ့အခါ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုတွေမဖြစ်အောင် မြန်နှုန်းဘယ်လောက်ပဲမောင်းရမယ်ဆိုတာ သတ်မှတ်ရေးသားခြင်းတွေ လုပ်နေပါတယ်။ နောက် တံတားအဝင်၊ အထွက်ချိုးနွယ်ပိတ်ပေါင်းတွေရှိနေတာတွေကိုလည်း ဖယ်ရှားရှင်းလင်းဆောင်ရွက်နေပါတယ်။ သံပေါင်နဲ့ လူသွားလမ်းကြားမှာ ကျောက်ပြားနဲ့ပိတ်ထားတာရှိပါတယ်။ အဲဒီကျောက်ပြားတွေက တချို့တံတားတွေမှာဆို နှစ်ကာလကြာမြင့်သွားတဲ့အတွက် ကျောက်ပြားတွေ တချို့နေရာတွေမှာ ပေါက်နေတာတွေ၊ ကျောက်ပြားတွေမရှိတဲ့နေရာတွေတောင်ရှိတယ်။ လူတွေပြုတ်ကျနိုင်တဲ့ အန္တရာယ်ရှိတဲ့အတွက် စစ်ဆေးပြုပြင်တဲ့ အချက်ထဲမှာ ထည့်ထားပါတယ်။

တံတားကြမ်းခင်းတွေပေါက်နေတာတွေကိုလည်း အလေးထားပြုပြင်နေပါတယ်။ အဲဒီဟာတွေအပြင် တချို့တံတားတွေက အထူးပြုပြင်ရန်လိုအပ်တဲ့တံတားတွေ၊ ကြိုးတံတားတွေမှာ ကြိုးတွေရဲ့ကြံ့ခိုင်မှုကို ခေတ်မီစက်တွေသုံးပြီးတော့ စစ်ဆေးဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ်မှာဆိုရင်လည်း ပင်လယ်ဆားငန်ရေကြောင့် ကွန်ကရစ်တွေပျက်စီးတဲ့တံတားတွေကိုလည်း စစ်ဆေးပြုပြင်ဖို့ ဆောင်ရွက်နေပါတယ်။

ဖြည့်စွက်တင်ပြလိုတဲ့ အချက်ကတော့ ဘေလီတံတားတွေအပေါ်မှာ သစ်သားခင်းထားတဲ့နေရာမှာ အလယ်ကလွတ်နေတဲ့အတွက် မော်တော်ဆိုင်ကယ်တွေ၊ သုံးဘီးဆိုင်ကယ်တွေသွားဖို့ခက်တာတွေကို အလယ်မှာဖြည့်ခင်းဖို့ ရက် ၁၀၀ အတွင်းမှာ ဆောင်ရွက်နေပါတယ်။

**ဦးဝင်းဖေ**
**ညွှန်ကြားရေးမှူးချုပ်**
**လမ်းဦးစီးဌာန**

ကျွန်တော်တို့ ရက် ၁၀၀ အတွင်းမှာ တိုင်းဒေသကြီးနဲ့ပြည်နယ်အတွင်းမှာပြီးနိုင်တဲ့ တံတားအစင်းပေါင်း ခန့်မှန်းခြေ ၂၄၉၀ လောက်ရှိတယ်။ အဲဒါတွေကိုကျွန်တော်တို့က အတက်အဆင်းပြေပြစ်အောင်လို့ ဆောင်ရွက်ပါမယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အထူးသဖြင့် ကရင်နဲ့ မကွေးကို နိုင်လွန်ကတ္တရာခင်းစက်တွေပို့ပြီးတော့ ဘားအံနဲ့ မကွေးမှာ နိုင်လွန်ကတ္တရာလမ်းကို ဆောင်ရွက်ပေးမယ်။ မူလရှိပြီးသား စက်ယန္တရားအပြင် အစင်း ၈၀ လောက်အထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အကုန်လုံးကို ပို့ပေးထားတယ်။ အခုရက်အတွင်းမှာပဲ ရခိုင်နဲ့ မကွေးမှာ ရေပြတ်လပ်မှုရှိလို့ ကားတွေနဲ့ ရေပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ ရေဂါလန်စုစုပေါင်း ခြောက်သိန်းလောက်အထိ ရေပြတ်လပ်တဲ့ နေရာတွေကို ပို့ပေးပြီးပါပြီ။

နောက်ပြီး ချင်းပြည်နယ်ကို ဝင်တဲ့လမ်းနှစ်လမ်းရှိတယ်။ ကလေး-ဟားခါးလမ်းနဲ့ ဂန့်ဂေါ-ဟားခါးလမ်း။ ကလေး-ဟားခါးလမ်းကတော့ လက်ရှိဆောင်ရွက်နေပါတယ်။ တစ်ပတ်အတွင်းသွားလို့ရအောင် ဆောင်ရွက်ပြီးပါပြီ။ လမ်းတွေချဲ့တဲ့လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဂန့်ဂေါ-ဟားခါးလမ်းကတော့ ပိုမိုပျက်စီးမှုလည်းများတယ်။ ယာဉ်သွားမှု မပြတ်လပ်အောင်ရယ် အဲဒီမှာရှိတဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပထမအဆင့်အနေဖြင့် အဲဒီမှာရှိတဲ့ လုပ်ငန်းတွေကို မိုးတွင်းအပြီး ကတ္တရာလမ်းဖြစ်အောင် စီမံချက်ချ ဆောင်ရွက်နေပါတယ်။

အဲဒီအပြင် ကမ္ဘာ့ဘဏ်တို့၊ အေဒီဘီတို့၊ ဂျိုက်ကာတို့လိုအဖွဲ့တွေနဲ့ ကွင်းဆင်းစစ်ဆေးမှုလုပ်ပြီးတော့ လာမယ့်နှစ်တွေမှာလည်း ချေးငွေတွေနဲ့ နိုင်ငံတကာအကူအညီယူပြီးတော့ လမ်းတွေတိုးတက်အောင်ဆောင်ရွက်ဖို့လည်း စီမံဆောင်ရွက်နေတာရှိပါတယ်။ အဲဒီလမ်းမကြီးတွေအပြင် အတွင်းလမ်းတွေကိုလည်း တတ်နိုင်သမျှ လာမယ့်နှစ်တွေမှာ တိုးမြှင့်ဆောင်ရွက်သွားဖို့ အစီအစဉ်လည်းရှိပါတယ်။

**ဦးမင်းထိန်**
**ညွှန်ကြားရေးမှူးချုပ်**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ အဓိကဆောင်ရွက်တဲ့ ကဏ္ဍကြီးနှစ်ခုရှိပါတယ်။ ဒီကဏ္ဍနှစ်ခုကတော့ မြို့ပြကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ အဲဒီထဲမှာမှ ရက် ၁၀၀ စီမံကိန်းအနေနဲ့က ပြည်သူတွေအတွက်လိုအပ်နေတဲ့နေရေးအတွက် အိမ်ရာစီမံကိန်းတွေကို ဆောင်ရွက်နေပါတယ်။

ရန်ကုန်မြို့မှာ အဓိကအိမ်ရာစီမံကိန်းသုံးခုကို အဓိကရည်မှန်းချက်ထားဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်းတွေကတော့ လှိုင်သာယာမြို့နယ်မှာရှိတဲ့ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှာရှိတဲ့ ကနောင်အိမ်ရာစီမံကိန်းနဲ့ ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်းတို့ ဖြစ်ပါတယ်။ ဒီအိမ်ရာစီမံကိန်းတွေကို ရက် ၁၀၀ အတွင်းမှာ ပြီးစီးအောင် ရည်မှန်းချက်ထားဆောင်ရွက်နေပြီးတော့ ဒီရက် ၁၀၀ အတွင်းမှာပဲ အိမ်ရာအမှန်တကယ်လိုအပ်နေတဲ့အခြေခံပြည်သူတွေကို တိုင်းဒေသကြီးအစိုးရနဲ့ ညှိနှိုင်းပြီး နေရာချထားဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်မှာလည်း ရွှေနံ့သာရပ်ကွက်မှာ နမူနာအဖြစ် စတုရန်း ၄၀၀ ပေကျယ်ဝန်းတဲ့ စံနမူနာပြအိမ်ရာစီမံကိန်းကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီဆောင်ရွက်မှုအပေါ်မှာ လိုအပ်တဲ့လမ်းညွှန်မှုတွေပြုလုပ်ပြီး အမှန်တကယ် နေရေးလိုအပ်နေတဲ့ ပြည်သူတွေအတွက် အိမ်ရာတွေအမြောက်အမြား ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်။

ကျွန်တော်တို့အနေနဲ့ မြေစီမံခန့်ခွဲမှုကိစ္စရပ်တွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူတွေအတွက် အိမ်ရာတွေကို ထုတ်လုပ်ပြီး နေရေးစီမံပေးသလိုပဲ ယခင်ကာလများက မြေများချထားပေးပြီး နေရေးအဆင်ပြေအောင်ဆောင်ရွက်ပေးခဲ့တာတွေလည်း ရှိပါတယ်။ ဒီလိုမြေရရှိတဲ့ ပြည်သူတွေအနေနဲ့လည်း မူလစတင်ထုတ်ပေးစဉ်တုန်းက ပါမစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို ပါမစ်ဆောင်ရွက်ပြီးတဲ့အခါ သတ်မှတ်ကာလအတွင်းမှာ နေအိမ်တွေကို ဆောက်လုပ်ရပါတယ်။ နေအိမ်တွေဆောက်ပြီးရင် သူတို့အတွက် ပိုင်ဆိုင်မှုအဖြစ် မြေငှားစာချုပ်တွေကို ထုတ်ပေးပါတယ်။ အဲဒီလို မြေငှားစာချုပ်ထုတ်ပေးခြင်းတွေကို ရက် ၁၀၀ အတွင်းမှာ ပြည်သူတွေ လာရောက်ဆောင်ရွက်တဲ့အခါ ၄၅ ရက်အတွင်း ပြီးပြတ်အောင် အလေးပေးပြီး မြေစီမံခန့်ခွဲမှုဝန်ဆောင်မှုအဖြစ် ဆောင်ရွက်ပေးနေပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှာ ပြည်သူ့ဝန်ဆောင်မှုဌာနစိတ် ဖွင့်လှစ်ပြီး ပြည်သူတွေလိုအပ်နေတဲ့ ပါမစ်ဆောင်ရွက်ခြင်း၊ မြေငှားစာချုပ်ဆောင်ရွက်ခြင်း၊ အကြောင်းကြောင်းကြောင့် မြေငှားစာချုပ်များပျောက်ဆုံးသွားတဲ့အခါ မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးခြင်း၊ ပြည်သူတွေ နေအိမ်ဆောက်တဲ့အခါလိုအပ်နေတဲ့ မြေတိုင်းတာခြင်း၊ မြေရာဇဝင်ကူးရေးဆွဲခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ။



ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ယုဇနတန်ဖိုးနည်းအိမ်ရာ စီမံကိန်းကိုတွေ့ရစဉ်။



အတ္တရံတံတားကြမ်းခင်းကို ဆိုင်ကယ်များသွားနိုင်ရန် ပြုပြင်ထားပုံ။

# မင်းဘူးမြို့ အပူရှောင်စခန်းတွင် သက်ကြီးဘိုးဘွား ၂၀၀ ခန့် နားနေနိုင်ရန် စီစဉ်ထား

**မင်းဘူး မေ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၃) ရပ်ကွက် နဂါးနီပုဂ္ဂလိကဆေးရုံဝင်းအတွင်း၌ သက်ကြီးရွယ်အိုများအပေါ် အယ်နီညိုရာသီဒဏ်သက်ရောက်မှုလျော့ပါးစေရေးနှင့် အပူဒဏ်ကြောင့် ကျန်းမာရေးချို့ယွင်းမှုများကို ကာကွယ်နိုင်ရေးအတွက် အပူရှောင်စခန်း တစ်ခု ဖွင့်လှစ်ထားရှိပြီး သက်ကြီးဘိုးဘွား ၂၀၀ ခန့် နားနေနိုင်ရန် စီစဉ်ထားရှိသော်လည်း လတ်တလောတွင် လာရောက်နားနေသူ ဘိုးဘွား ၄၀ ကျော်သာ ရှိသေးကြောင်း ကုသိုလ်ဖြစ်အပူရှောင်စခန်းဖွင့်လှစ်သူ ဒေါက်တာသန်းထိုက်ရှိန်ထံမှ သိရသည်။

"အယ်နီညိုက တစ်လလောက်ကျန်နေသေးတယ်။ အပူရှိန်ကလည်း အလွန်ပြင်းနေတော့ ကျွန်တော့်ဆေးရုံဝင်းထဲမှာပဲ အဆောက်အအုံဆောက်ပြီး မြို့ပေါ်က ဘိုးဘွားတွေအတွက် အပူရှောင်နေရာတစ်ခု စီစဉ်ဖြစ်တာပါ။ မြို့နယ်နဲ့ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ အစည်းတွေအကူအညီနဲ့ ရပ်ကွက်တွေထဲက ဓမ္မာရုံလိုနေရာမျိုးမှာ စုရပ်တွေလုပ်ပြီး ဘိုးဘွားတွေကို နံနက် ၉ နာရီမှာ ကားနဲ့သွားကြိုတယ်။ နေ့ခင်းစာနဲ့ အအေးဖျော်ရည် ဒါနပြုတယ်။ တရားနာဖို့အတွက် TV တွေစီစဉ်ပေးထားပါတယ်။ ညနေ ၆ နာရီထိုးမှ စုရပ်တွေကို ပြန်ပို့ပေးပါတယ်" ဟု ဒေါက်တာသန်းထိုက်ရှိန်က ပြောသည်။

မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သော အပူရှောင်စခန်းပထမရက်တွင် ဘိုးဘွား ၃၀ ခန့် လာရောက်နားနေခဲ့ကြပြီး လူသိများလာ၍ ဘိုးဘွား ၄၀ ကျော်ထိ လာရောက်နားနေမှုများရှိကာ အနားယူနိုင်သည့်ဦးရေမှာ ၂၀၀ ခန့်ဖြစ်သည့်အတွက် အသက်(၆၀)နှစ်အထက်ဘိုးဘွားများ အယုတ်၊ အလတ်၊ အမြတ်မရွေး လာရောက်နားခိုစေချင်ကြောင်း၊ တချို့လာချင်သော်လည်း စာရင်းပေးမထားရလို့ မလာရဲလို့ ဆိုသည့်အသံများပြန်ကြားရ၍ စိတ်မကောင်းဖြစ်ရပြီး စာရင်းပေးမထားလည်း လာရောက်နားနေနိုင်ပြီး လာရောက်သည့် ဘိုးဘွားတိုင်းကို ကုသိုလ်ခွင့်ပြုပေးသည်ဟုသာ ယူဆကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အိမ်မှာနေတာနဲ့တော့ အများကြီးကွာတာပေါ့သားရယ်။ အိမ်ကပူတာပေါ့။ ဒီမှာက အမိုးကလည်းအမြင့်ကြီး၊ ကွပ်ပျစ်ပေါ်မှာ ဖျာကြမ်းလေးတွေခင်းလို့၊ မိုးထားတဲ့ ထန်းလက်အနံ့လေးကသင်းပြီး ရေတွေဖျန်းထားတာလည်း အေးစိမ့်နေတာပဲ။ တရားနာချင်လည်းနာလို့ရတယ်။ အစားအသောက်လည်း ကျွေးတယ်။ ကျန်းမာရေးစောင့်ရှောက်ဖို့ သူနာပြုတွေလည်းခေါ်ထားပေးတယ်။ အိမ်သာသွားတာကအစ ထိန်းမိုးပြီးလိုက်ပို့ပေးတယ်။ အမေ့အနေနဲ့ကတော့ ကျေးဇူးလည်းတင်တယ်၊ သာဓုလည်းခေါ်ပါတယ်" ဟု အပူရှောင်လာသည့် အသက်(၈၆)နှစ်အရွယ် အဘွားဒေါ်ပုစိန် ကပြောသည်။



အပူရှောင်နားနေစခန်းအား အဆောက်အအုံကုန်ကျစရိတ်မပါ ကျပ်သိန်း ၅၀ မတည်၍ ဒါနပြုပေးလျက်ရှိပြီး ထမင်းတစ်နပ်စာ ကျပ်ငါးသောင်းကို ဒါနပြုလိုသူများက ကမ်းလှမ်းလာ၍ လက်ခံစီစဉ်ပေးမှုများရှိကြောင်း၊ လတ်တလော မင်းဘူးမြို့ နေ့အပူချိန်သည် ၄၆ ဒီဂရီထိ မြင့်တက်နေပြီး သက်ကြီးဘိုးဘွားများ လာရောက်နားနေရန် တစ်လခန့်လျာထားသော်လည်း လိုအပ်ချက်ရှိပါက ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ အခြားကြားပေါက်အလှူရှင်များရှိလာ၍ မတည်ငွေပိုနေပါက သက်ကြီးဘိုးဘွားများအတွက် မျက်စိအခမဲ့စမ်းသပ်ကုသခြင်း၊ မျက်မှန်လှူဒါန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နဂါးနီဆေးရုံအလှူရှင်မိသားစုထံမှ သိရသည်။

**စိန်မင်း(မကွေး)**

# သံဖြူဇရပ်-မုဒုံ-မြဝတီ ကြက်မောက်သီးများ ဈေးကောင်းရရှိ



**ရေး မေ ၁၆**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းများအနက် ရေးဒူးရင်းသီးနှင့် ကြက်မောက်သီး၊ မင်းကွတ်သီးမှာ ရာသီဥတုပူပြင်းခြောက်သွေ့ကာ အသီးအနှံထွက်ရှိမှုအခြေအနေမှာ နှေးကွေးကြန့်ကြာလာ၍ အသီးအနှံဈေးကွက်တွင် မြဝတီ- သံဖြူဇရပ်-မုဒုံ ဒေသများက အသီးဝင်ရောက်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

ရေးဈေးကွက်တွင် ရေးဒူးရင်းသီးနှင့် ကြက်မောက်သီးများမှာမူ အသီးအနှံကနောက်ကျ၍ လက်ရှိမှာ မြဝတီ- သံဖြူဇရပ်-မုဒုံက ကြက်မောက်သီးများကိုသာ ရောင်းချနေရပါတယ်။ တစ်ပိဿာကိုငွေကျပ် ၆၀၀၀ လောက်အထိ ရောင်းရကာ စားသုံးသူများက ဈေးကြီးပေးဝယ်စားရတဲ့အတွက် အရောင်းအဝယ်က အရင်လို အသီးအနှံပေါပြီး ဈေးနှုန်းနည်းတဲ့ကာလနဲ့တော့ မတူဘူး။ အရောင်းအဝယ်က အေးနေတယ်" ဟု သစ်သီးဝလံရောင်းချနေသူ ဒေါ်စန္ဒာက ပြောသည်။

ရေးမြို့နယ်တွင် အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်ကြပြီး ပူပြင်းခြောက်သွေ့သော အပူချိန်မြင့်တက်လာသည်နှင့်အမျှ အသီးအနှံများမှာ ရာသီဥတုဒဏ်ကိုခံစားရ၍ အသီးအနှံများဖြစ်သော ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက် စသောရာသီပေါ်အသီးအနှံထွက်ရှိမှုမှာ နောက်ကျကာ တောင်သူများအနေဖြင့် ဝင်ငွေထိခိုက်နေကြကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

# အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)တွင် နည်းပြများ သင်ကြားမှုအရည်အသွေးမြှင့်တင်ရေး နည်းပညာသင်တန်းဆင်းပွဲပြုလုပ်

**မကွေး မေ ၁၆**

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်သောလုပ်သားများ မွေးထုတ်ပေးရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စက်မှုသင်တန်းကျောင်းခြောက်ခုကို တည်ထောင်ပြီး စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ရေးအတွက် နှစ်စဉ်ပုံမှန်တစ်နှစ်သင်တန်းများ၊ ကာလတိုသင်တန်းများနှင့် ကျေးလက်ဒေသအရောက် ရွေ့လျားသင်တန်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

မေ ၁၄ ရက် ညနေ ၃ နာရီက အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး) တွင် နည်းပြများ၏ သင်ကြားမှုအရည်အသွေးမြှင့်တင်ရေးအတွက် နည်းပညာသင်တန်းဆင်းပွဲကို သင်တန်းကျောင်း Auditorium ခန်းမ၌ ပြုလုပ်ခဲ့သည်။ သင်တန်းဆင်းပွဲတွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန နည်းပညာဖွံ့ဖြိုးရေးဌာနက ညွှန်ကြားရေးမှူး ဦးသန်းဆက်က အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး သင်တန်းနည်းပြဆရာများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ နည်းပညာဖွံ့ဖြိုးရေးဌာနက ညွှန်ကြားရေးမှူး ဦးသန်းဆက်က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းတက်ရောက်ပြီးစီးသည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို နည်းပြအဆင့် Gasoline Engine Management ခေါင်းစဉ်ဖြင့် Progress Automotive Technical Training & Car Service မှ နည်းပြများက စာတွေ့လက်တွေ့ ဆွေးနွေးပို့ချခဲ့ပြီး စက်မှုသင်တန်းကျောင်း မကွေး၊ ဆင်တဲ၊ မန္တလေးနှင့် ပခုက္ကူတို့မှ နည်းပြဆရာ၊ ဆရာမများတက်ရောက်ခဲ့သည်။**ညီညီမောင်(မကွေး)**

# ဓာတ်မှန်ဆောင် ဖဒိုကျန်းမာရေးဌာနသို့လှူဒါန်းရန်စီစဉ်

**ကျောက်တံခါး မေ ၁၆**

ကျောက်တံခါးမြို့နယ် ဖဒိုဒေသတွင် ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ရန် တိုက်နယ်ဆေးရုံသာရှိပြီး ဓာတ်မှန်ဆောင်မရှိသဖြင့် ဓာတ်မှန်ရိုက်ရန်လိုအပ်သော လူနာများသည် ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်လေးပင်မြို့ဆေးရုံများသို့ အခက်အခဲမျိုးစုံဖြင့် သွားရောက်ကြရသည်။

၎င်းအခက်အခဲများအား ဖြေရှင်းပေးနိုင်ရန် သာသနာပြုကိုရင်ကြီး ရှင်ဝိဇ္ဇာဗလအမှူးထား၍ မြင်းခြံမြို့နေ ရွှေဆေးပေ့ါလိပ်မိသားစုနှင့် ၅ ဧကကျောင်းတိုက်ဝေယျာဝစ္စမိသားစု ဖဒိုမြို့မှလှူဒါန်းသော လေးပင်ပတ်လည် RC တစ်ထပ်ဓာတ်မှန်ဆောင်အား ကျန်းမာရေးဝန်ကြီးဌာနသို့ မေလနောက်ဆုံးပတ်တွင် ပေးအပ်လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေဘ်ကူးမ**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မုဒုံ မေ ၁၆**

မော်လမြိုင်ခရိုင် မုဒုံမြို့နယ် အခွန်ကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်က မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဝင်းက လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုနှင့် ဦးစီးအရာရှိ ဦးမင်းသန်းဇော်ထွန်းက ငွေစာရင်းထိန်းသိမ်းထားရှိမှုမှတ်တမ်းအား ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါအခွန်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ခြောက်ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၃၈ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၃၅ ဦးဖြင့် လှည့်ပတ်ရန်ပုံငွေ အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်။ **မင်းသန့်(ကျေးလက်)**

# ချောက်တွင် အသည်းရောင်အသားဝါ (B) ပိုးကာကွယ်ဆေး အခမဲ့ထိုးနှံပေးနေ

**ချောက် မေ ၁၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းမှပံ့ပိုးသည့် အသည်းရောင်အသားဝါ (B)ပိုးကာကွယ်ဆေးကို ဒုတိယအသုတ် (ပထမကြိမ်) အဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်း (ချောက်မြို့နယ်) ရွှေပါရမီကျန်းမာရေးအလှူမေတ္တာဆေးခန်း (ချောက်)၊ သွေးမေတ္တာပရဟိတအသင်း (ချောက်ရုံးခွဲ)၊ မိခင်မေတ္တာမိဘမဲ့ကလေးဂေဟာနှင့် အမေ့အိမ်ပညာဒါနကျောင်း (ချောက်မြို့နယ်)တို့ပူးပေါင်း၍ ရွှေပါရမီမေတ္တာဆေးခန်း၌ မေ ၁၄ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ထိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါအသည်းရောင်အသားဝါ (B) ပိုးကာကွယ်ဆေးထိုးပေးရခြင်းမှာ လူထုတစ်ရပ်လုံးထိုးပေးရန်ဖြစ်ပြီး လူငယ်များကြားတွင် ၎င်းပိုးသည်ကူးစက်မှုနှုန်းမြန်လျက်ရှိသောကြောင့် ဆယ်ကျော်သက်လူငယ်လူရွယ်များဖြစ်သော ကျောင်းသား၊ ကျောင်းသူလူငယ်များ၊ မိဘမဲ့ကလေးများ၊ သွေးလှူရှင်များကို ဦးစားပေး၍ လူဦးရေ ၅၀၀ ကို ထိုးပေးနိုင်ခဲ့သည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

ကြေးမုံ



## စံပယ်ပန်းစိုက်ပျိုးရေးမှာ တစ်နှစ်ပတ်လုံးနီးပါးဝင်ငွေရရှိ

**မန္တလေး မေ ၁၆**

မန္တလေးမြို့အနီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် စံပယ်ပန်းစိုက်ပျိုးသည့်လုပ်ငန်း လုပ်ကိုင်သူအများအပြားရှိသည်။ စံပယ်ပန်းစိုက်ပျိုးသည့်လုပ်ငန်းမှာ ပြုစုယုယမှုပေါ်မူတည်ကာ ပုံမှန်ဝင်ငွေကိုဖော်ဆောင်ပေးလျက်ရှိသည်။ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အများအားဖြင့် စံပယ်လေးမျိုးကို စိုက်ပျိုးပြီး နှစ်ပတ်လည် စံပယ်ပန်းခူးကာ ရောင်းချလျက်ရှိသည်။ အိုးမကွာအိမ်မကွာ ဝင်ငွေဖော်ဆောင်ပေးသည့်အတွက် အိမ်ဘေးပတ်ဝန်းကျင်တွင် စံပယ်ပန်းရုံများ စိုက်ပျိုးလေ့ရှိသည်။

ပုသိမ်ကြီးမြို့နယ်အတွင်းတွင် ကြက်ရုံး၊ ဘိတ်စံပယ်၊ စံပယ်ကြီး၊ ဆောင်းစံပယ်များကို အားထားစိုက်ပျိုးကြသည်။ စံပယ်ပင်ကို ဇွန်၊ ဇူလိုင်လများတွင် ပျိုးပင်များကို ဝယ်ယူစိုက်ပျိုးလေ့ရှိသည်။ တစ်ပင်နှင့်တစ်ပင် သုံးပေကျော်ခွာ၍ စိုက်ပျိုးရသည်။ ပြုစုယုယမှုပေါ်မူတည်ကာ သုံးလကြာသည့်အခါ စံပယ်ဖူးများစတင်ဖူးပွင့်လေ့ရှိသည်။ ကြားကာလတွင် မိုးလေဝသအခြေအနေ၊ ရာသီဥတုအခြေအနေပေါ်မူတည်ကာ မြေသြဇာကျွေးခြင်း၊ ပေါင်းရှင်းပေးခြင်း၊ ဆေးဖျန်းပေးခြင်းများကို ဂရုတစိုက် ပြုလုပ်ပေးရသည်။ ပန်းအများဆုံးပွင့်သည့်လ ဈေးကွက်အတွင်း အများဆုံးရောင်းချနိုင်သည့်ကာလမှာ ဇန်နဝါရီလတွင် ပိုမိုများပြားသည်။

စံပယ်ကြီးမျိုးပွင့်ပြီဆိုပါက ည ၁၂ နာရီကျော်တွင် ပန်းခူးကာ မန္တလေးမြို့ရှိဈေးသို့ သွားရောက်ရောင်းချကြသည်။ ဘိတ်စံပယ်များကိုမူ ညနေပိုင်းအဖူးဖူးသည့်အချိန်မှစခူးပြီး ရေစိုအဝတ်ပါးကလေးဖြင့် ဖုံးအုပ်ပေးထားသည်။ ညပိုင်းတွင် မိသားစုအလိုက် စုပေါင်းကာ စံပယ်ပန်းသီကာ ဈေးကွက်အတွင်းရောင်းချကြရသည်။ စံပယ်ပန်းစိုက်ပျိုးမှုတွင် သုံးနှစ်သားအရွယ်၌ ပန်းရုံကြီးမားပြီး တစ်ရုံလျှင် တစ်ခါခူး စံပယ်ပွင့်လေးရာကျော်ခူးကြရသည်။ ဘိတ်စံပယ်၊ စံပယ်ကြီး၊ ဆောင်းစံပယ်များစိုက်ပျိုးထားပါက ရာသီအလိုက်ပွင့်သည့်အတွက် တစ်နှစ်ပတ်လုံးနီးနီး စံပယ်ပန်းခူးနေရသည်။ ဆောင်းစံပယ်မှာ မွှေးကြိုင်မှုနည်းပြီး ကျန်စံပယ်များမှာ မွှေးကြိုင်သင်းပျံ့မှုများသည်။ နွေရာသီတွင် ရေကိုတင်ပေးရပြီး ပိုးဝင်တတ်သည့်အတွက် ဆေးပါးပါးဖျန်းပေးကြရသည်။ ဆေးများပါက ပန်းပွင့်ကျွမ်းလောင်တတ်သည့်အတွက် ဂရုပြုကာဆေးဖျန်းကြရသည်။ လက်ရှိကာလ နွေရာသီတွင် ဘိတ်စံပယ်နှင့် စံပယ်ကြီးများပွင့်လျက်ရှိသည်။ ဘိတ်စံပယ်မှာ အပွင့်သေးပြီး စံပယ်ကြီးမှာ အပွင့်ကြီးသည်။ စံပယ်ရုံတစ်ရာခန့်ရှိပါက မိသားစုသုံးဦးနှင့် မနိုင်သည့်အတွက် လူငှားနှင့်ပန်းခူးရသည်လည်းရှိသည်။ လက်ရှိကာလတွင် လေမိုးအနေအထား၊ ပန်းရှားခြင်း၊ ပန်းပေါခြင်းများပေါ်မူတည်ကာ ပန်းဈေးကွက်အတက်အကျရှိသည်။ စံပယ်ပန်းငါးပွင့်ပါ စံပယ်ကုံး ၁၀ ကုံးတွဲတစ်တွဲလျှင် ဖောက်သည်ပေးသည့်ဈေးနှုန်းမှာ ငွေကျပ် ၁၃၀ မှ ၁၅၀ ထိရောင်းချပြီး တစ်ဆင့်ဝယ်ရောင်းသူများမှာ စံပယ်ပန်း ၁၀ ကုံးတစ်တွဲလျှင် ငွေကျပ်နှစ်ရာဖြင့် ရောင်းချကြသည်။ စံပယ်ပန်းများစိုက်ပျိုးခြင်းမှာ မိသားစုအိုးမကွာအိမ်မကွာ ပုံမှန်ဝင်ငွေဖော်ဆောင်ပေးသည့်အတွက် မန္တလေးမြို့နှင့် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အများအပြားစိုက်ပျိုးကြကြောင်း သိရသည်။

**တိမ်တမန်**

# ဒေသခံပြည်သူများအသုံးပြုနေသည့် မေတ္တာကန် စုပေါင်းတူးဖော်



**မလှိုင် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဖက်တောကျေးရွာ ဖောင်တော်ဦးဘုန်းကြီးကျောင်းဝင်းအတွင်းရှိ မေတ္တာကန်ကို မေ ၁၀ ရက်မှစတင်၍ ဒေသခံပြည်သူအများ စုပေါင်းပြီး ပြန်လည်ဆယ်ဖို့ခဲ့ကြကြောင်း သိရသည်။

အဆိုပါကန်မှာ ဘုရားပုရဝုဏ်အတွင်းမှ ကျရောက်သောရေများကိုသာ သိုလှောင်ထားသည့်ကန်ဖြစ်ပြီး ဒေသခံပြည်သူအများ အသုံးပြုနေသောကန်ဖြစ်သည်။ ယခုအခါ အဆိုပါကန်မှာ ရေများခန်းခြောက်နေသဖြင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လယ်ကြီး၊ ဖောင်ရိုး တော၊ ဖက်တော၊ ကြာကန်၊ ရွာတန်း၊ တဲတိုက်ကြီး စသည့်ကျေးရွာများမှ တစ်ရွာလျှင် ၁၀ ဦးနှုန်းဖြင့် ဆရာတော်ဦးဆောင်ပြီး မေ ၁၀ ရက်မှ ၁၂ ရက်ထိ မိုးမကျမီပြီးစီးအောင် ပြန်လည်ဆယ်ယူနေခြင်းဖြစ်သည်။

"ဒီကန်က ဒီနှစ်မှရေခန်းတာပါ။ အရင်နှစ်တွေက နွေနဲ့မိုး ဆက်နေပြီးရေပြတ်တယ်မရှိပါဘူး။ ပတ်ဝန်းကျင်ကျေးရွာက ဒေသခံတွေအမြဲ အသုံးပြုနေတဲ့ကန်ဖြစ်ပါတယ်။ တချို့ မိုးရေကို ရေနွေးကြိုသောက်ဖို့ ဒီကန်ရေကိုပဲ တကူးတကလာယူသုံးကြပါတယ်။ အများသုံးနေတဲ့ကန်ဖြစ်လို့ရေပြတ်ချိန် အခုလို စုပေါင်းဆယ်ယူရခြင်းဖြစ်ပါတယ်။ ဆရာတော်ဦးဆောင်ပြီးငွေကြေးပြည့်စုံရင် ကန်ပေါင် ကျောက်စီဖို့လည်း စီစဉ်ထားပါသေးတယ်"ဟု လယ်ကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦးက ပြောသည်။

**အောင်မွှေး(မလှိုင်)**

## ငလျင်ဒဏ်ကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရွှေမြင်းဖြူဘုရား ပြုပြင်ပြီးစီး

**ကနီ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ကနီမြို့ အမှတ်(၂)ရပ်ကွက်ရှိ ရွှေမြင်းဖြူစေတီတော်တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် တံတားအထူးအဖွဲ့(၂)မှ ပြန်လည်ပြုပြင်ခဲ့ရာ လုပ်ငန်းများပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငလျင်ဒဏ်ကြောင့် ရွှေမြင်းဖြူစေတီတော်ကြီးက ခေါင်းလောင်းတော်သုံးနေရာနဲ့ အခြားလေးနေရာမှာ အက်ကြောင်းများဖြစ်ပေါ်ခြင်းနှင့် စေတီတော်မှာ ဒေါင်လိုက်အက်ကြောင်းကြီးများဖြစ်ပေါ်ကာ ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ယင်းမာပင်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က ရွှေမြင်းဖြူစေတီတော်ကြီးကို ပြန်လည်ပြုပြင်ဖို့ ကျွန်တော်တို့ တံတားအထူးအဖွဲ့(၂၊ မုံရွာ)ကို လမ်းညွှန်ခဲ့လို့ တံတားအထူးအဖွဲ့(၂)မှ အဖွဲ့ဝင်တွေ စုပေါင်းထည့်ဝင်ငွေဖြင့် ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ အဲဒီလိုပြင်ဆင်တဲ့နေရာမှာ စေတီတော်က အက်ကြောင်းဖြစ်တဲ့နေရာတွေမှာ သံကူကွန်ကရစ်ရက်မတွေနဲ့ချုပ်ပြီး ပြင်ဆင်ခဲ့ပါတယ်။ အဲဒီလို သံကူကွန်ကရစ် ရက်မတွေနဲ့ ချုပ်ထားတဲ့အချိန်မှာ ငလျင် နောက်ထပ်လှုပ်ခတ်ခဲ့သော်လည်း ထပ်မံပျက်စီးမှုမဖြစ်ပေါ်ခဲ့ပါဘူး။ အချောပြန်ကိုင်ပြီး မြန်မာမှုများ အသစ်ပြင်ခဲ့ပါတယ်။ အခု မေလဆန်းပိုင်းမှာ စေတီတော် ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်လို့ ကြည်နူးချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ပြီဖြစ်ပါတယ်" ဟု တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

**ဖိုးချမ်း(မုံရွာ)**

## သဘာဝဘေးကြောင့် ပျက်စီးခဲ့သောနေအိမ်များသို့ အိမ်မိုးသွပ်များထောက်ပံ့

**ခင်ဦး မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် လေဘေးသင့်ကျေးရွာအုပ်စု ၂၇ စုရှိ ထိခိုက်ပျက်စီးသည့်အိမ် ၃၃၁၇ လုံးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အိမ်မိုးသွပ်များကို မေဒုတိယပတ်ကစတင်ပြီး ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ အိမ်မိုးသွပ်များထောက်ပံ့ရာတွင် ၁၀ ချပ်မှ ၂၀ ချပ်ထိပျက်စီးသောအိမ် ၁၂၄၆ အိမ်အတွက် သွပ်ချပ်ရေငါးချပ်နှုန်းဖြင့်လည်းကောင်း၊ ၂၀ ချပ်အထက်ပျက်စီးသော အိမ် ၁၅၀၄ အိမ်အတွက် သွပ်ချပ်ရေ ၁၀ ချပ်နှုန်းဖြင့်လည်းကောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျေးရွာများကို ထုတ်ပေးလျက်ရှိရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လာရောက်ထုတ်ယူပြီး ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ ယခုလို မြို့နယ်က ပျက်စီးစာရင်းကောက်ယူပြီး ပြည်သူများကို မျှမျှတတထောက်ပံ့တာ ကျေးဇူးတင်ကြောင်း၊ တချို့ပါတီတွေက လာရောက်ထောက်ပံ့တဲ့အခါမှာ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ တာဝန်ရှိသူတွေဆီက ပျက်စီးမှုများတဲ့အိမ်စာရင်းမတောင်းဘဲ သူတို့ထောက်ပံ့ချင်တဲ့သူကို ထောက်ပံ့တာဟာ ပြည်သူအချင်းချင်း ပါတီစွဲထောက်ပံ့သွားသလိုခံစားရကြောင်း ရှင်မင်းတွေကျေးရွာမှ ဦးသိန်းကျော်သူက ပြောသည်။

**ခင်ဦးစိုးဝေ**




## မင်းဘူး/စကုမြို့နယ် မကျီးစု(ကမ်းနား)ကျေးရွာအတွက် သောက်သုံးရေများလှူဒါန်း

**မင်းဘူး မေ ၁၆**

အိမ်ခြေ ၁၂၀ ရှိ မင်းဘူး၊ စကုမြို့နယ် ဖလံရုံကျေးရွာအုပ်စု မကျီးစု (ကမ်းနား) ကျေးရွာတွင် ရေရှားပါးမှုများ ကြုံတွေ့နေရသဖြင့် မြို့နယ်စည်ပင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးလက်ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဂါလန် ၁၆၀၀ ဆံ့ ရေကားတစ်စီး၊ ငါးဂါလန်သောက်ရေပုံး ၁၂၀ ပုံး တို့အား ကျေးရွာအရောက် သွားရောက်လှူဒါန်းမှုကို မေ ၁၄ ရက် နံနက် ၈ နာရီခန့်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မီးသတ်က ဂါလန် ၁၆၀၀ ရေကားတစ်စီးကို မနေ့ည ၉ နာရီလောက်ကတည်းက ကျောက်တန်းစည်ပင်ရေစက်မှာ ရေဖြည့်ပါတယ်။ ရဲတပ်ဖွဲ့က ဖောကားတစ်စီးပေါ်မှာ သောက်ရေအတွက် ကျေးလက်ဦးစီးက ငါးဂါလန်ပုံးပြာ ၁၂၀ ပုံးတင်ပြီး မနက် ၆ နာရီခွဲလောက်ကတည်းက ရွာကိုသွားပါတယ်။ ရေလာယူတဲ့ပြည်သူတွေ နေမပူအောင် စောစောသွားလှူဖြစ်ခဲ့ပါတယ်။ တပ်မ(၈၈) ကလည်း လာလှူဦးမယ်လို့ သိရပါတယ်။ ကျွန်တော်တို့ရေလှူတာ ဒါဒုတိယအကြိမ်ပါ။ ပထမအကြိမ်တုန်းက ပျော်ဘွယ်ရွာကို သွားလှူခဲ့ပါတယ်" ဟု မင်းဘူးခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းက ပြောသည်။

မင်းဘူးမြို့မစခန်းမှူးဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၁၅ ဦး၊ မီးသတ်ခရိုင်ဦးစီးမှူးဦးဆောင်သည့် တပ်ဖွဲ့ဝင်ရှစ်ဦးနှင့် ကျေးလက်ဦးစီးဌာနတာဝန်ရှိသူများက ရေလုံးဝပြတ်လပ်မှုမရှိသေးသော်လည်း ရေရှားပါးမှုများ စတင်ကြုံတွေ့နေရသည့် အဆိုပါဒေသသို့ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ကျေးရွာရှိ ရေတွင်းများ ရေခန်းခြောက်လာသောကြောင့် ထောက်ရှာပင်ရေနံမြေမှ ရေထောက်ပံ့ဆောင်ရွက်ပေးမှုများရှိသော်လည်း ရေလိုအပ်မှုပမာဏ များပြားနေခြင်းကြောင့် ယခုကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လစဉ် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအစည်းအဝေးများတွင် ရေရှားပါးမှုကြုံတွေ့ရနိုင်သည့် ကျေးရွာများ၏အခြေအနေကို အမြဲတမ်းစောင့်ကြည့်သတင်းပို့ရန်နှင့် လိုအပ်ချက်အပေါ် ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ရန် အစီအစဉ်များချမှတ်ထားကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျာတု(မကွေး)**

# အယ်နီညိုရာသီ၏ အပူရှိန်မြင့်တက်မှုကြောင့် ယခုနှစ် ချောင်းသာပင်လယ်ကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပမှခရီးသွားဧည့်သည်များနှင့် လာရောက်အပန်းဖြေအနားယူသူများပြားနေ

**ချောင်းသာ မေ ၁၆**

ယခုနှစ် အယ်နီညိုရာသီ၏ အပူရှိန်မြင့်တက်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ချောင်းသာပင်လယ်ကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပမှခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေအနားယူသူများပြားလျက်ရှိရာ အထူးပင်စည်ကားနေကြောင်း သိရသည်။

ယခုနှစ် အယ်နီညိုရာသီ၏ အပူရှိန်ကြောင့် ချောင်းသာကမ်းခြေသို့ လာရောက်အပန်းဖြေသည့်ဧည့်သည်များမှာ ချောင်းသာကမ်းခြေတွင် ပင်လယ်ရေကိုချိုးရင်း စိတ်အေးသက်သာစွာ အပန်းဖြေခြင်း၊ အမှတ်တရမှတ်တမ်းဓာတ်ပုံများရိုက်ကူးကြခြင်း၊ ပင်လယ်ကမ်းစပ်တစ်လျှောက် စက်ဘီးနှင့် မြင်းများငှားရမ်း၍ အပျော်စီးခြင်း၊ တချို့မှာ ရေပေါ်ရှပ်ပြေး (မော်တော်ဘုတ်) များငှား၍ ပင်လယ်အတွင်း အပျော်စီးခြင်းများဖြင့် စိတ်အပန်းဖြေလေ့ရှိကြောင်း သိရသည်။

ယင်းသို့ စိတ်အပန်းဖြေလိုသူများအနေဖြင့် စက်ဘီး၊ မြင်းနှင့် မော်တော်ဘုတ်များကို အချိန်ဖြင့်ငှားရမ်းရပြီး စက်ဘီးတစ်စီးငှားရမ်းခ တစ်နာရီလျှင် ငွေကျပ် ၁၀၀၀ မှ ၃၀၀၀ ခန့်၊ မြင်းစီးလျှင် တစ်နာရီ ငွေကျပ် ၃၀၀၀ ခန့်နှင့် မော်တော်ဘုတ်များမှာ တစ်နာရီ ငွေကျပ် ၁၅၀၀ မှ ၃၀၀၀ ကျပ်ခန့်အထိ ပေးဆောင်ငှားရမ်းအသုံးပြုရကြောင်း သိရသည်။

ယင်းအပြင် စိတ်အပန်းဖြေဧည့်သည်များ ပင်လယ်ကမ်းစပ်အနီး ရောင်းချပေးလျက်ရှိသည့် ဈေးဆိုင်များတွင် ထိုင်မည်ဆိုပါက အစားအစာများ မှာယူစားသောက်မှသာ နေရာထိုင်ခွင့်များပေးကြောင်း၊ မည်သည့်အစားအစာမှ မှာယူခြင်းမပြုပါက ထိုင်ခုံနေရာငှားရမ်းခ တစ်နာရီလျှင် ငွေကျပ် ၃၀၀၀ ခန့် ပေးဆောင်ရကြောင်းနှင့် ယခုငှားရမ်းခဈေးနှုန်းများမှာ ဧည့်အရမ်းများသည့်အချိန်ဖြစ်ပါက ယခုထက်ပိုပြီး ဈေးနှုန်းများမြင့်တက်ကြောင်း အဆိုပါကမ်းခြေအနီးရောင်းချနေသည့် ဈေးသည်တစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ရပ်ကွက်ပြည်သူများသို့ သောက်သုံးရေလှူဒါန်း



**ကော့သောင်း မေ ၁၆**

ကော့သောင်းခရိုင် ကမ်းနီးပရဟိတအဖွဲ့မှ သောက်သုံးရေအခက်တွေ့လျက်ရှိသည့် မြို့ပေါ်ရပ်ကွက်များသို့ မေ ၁၂ ရက်က လှူဒါန်းမှု ၁၉ ရက်မြောက်နေ့အဖြစ် သောက်သုံးရေများ လိုက်လံဝေငှလှူဒါန်းကြကြောင်း သိရသည်။

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် နိုင်ငံနှင့်အဝှမ်း မြို့ပြနှင့် ကျေးလက်ဒေသပြည်သူများ သောက်သုံးရေအခက်တွေ့လျက်ရှိရာ ကမ်းနီးပရဟိတလူငယ်များအဖွဲ့က ရေဂါလန် ၂၄၀၀ ဆံ့ ရေသယ်ယာဉ်ကြီးဖြင့် ကော့သောင်းမြို့ ကုန်းအမြင့်ပိုင်းရပ်ကွက်များနှင့် ရေတွင်းများခန်းခြောက်လျက် သောက်သုံးရေအခက်တွေ့နေသော ရပ်ကွက်များဖြစ်သည့် အောင်သုခရပ်ကွက်နှင့် အင်္ဂဏဝါရပ်ကွက်ပြည်သူများသို့ ရေဂါလန် ၂၄၀၀ ဆံ့ ရေသယ်ယာဉ်ကြီးဖြင့် အိမ်သုံးရေလေးစီးနှင့် သောက်ရေသန့် လီတာ ၂၀ ဝင်ဘူးကြီး ၂၀၀ တို့အား လိုက်လံဝေငှ ပေးအပ်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ်းနီးပရဟိတအဖွဲ့မှ မြို့ပေါ်အခြားရပ်ကွက်များသို့ အလှည့်ကျ သောက်သုံးရေများ ဆက်လက်ဝေငှ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# လေဘေးဒဏ်သင့်ကျေးရွာများ အိမ်မိုးသွပ်ထောက်ပံ့ပေးအပ်

**ကျွန်းလှ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော ကျွန်းလှမြို့နယ်တွင် မိုးသီးနှင့် လေဘေးဒဏ်သင့်ကျေးရွာများအား အိမ်မိုးသွပ် ပေးအပ်ပွဲကို မေ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က ထောက်ပံ့ပစ္စည်းများပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းကာ အိမ်မိုးသွပ်များကို ကျေးရွာတာဝန်ရှိသူတို့အား ပေးအပ်ခဲ့ကြကြောင်း သိရသည်။ ကျွန်းလှမြို့နယ်တွင် မိုးသီးနှင့် လေဒဏ်သင့်ကျေးရွာများဖြစ်သည့် ရေရှင်၊ ကုန်းကြီး၊ အောင်းပင်၊ မျက်နီကျင်း၊ ဟဲကင်း၊ သရက်ပင်၊ ဖာလော၊ လိပ်ဆင်းတောင်၊ ခပေါင်းရုံ စုစုပေါင်းကျေးရွာကိုးရွာ အိမ်ခြေ ၇၁၄ အိမ်အတွက် အိမ်မိုးသွပ်ချပ် ၄၆၉၅ ချပ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# စစ်ကိုင်းတောင်ရိုး ဗုဒ္ဓဘာသာပညာရေးစင်တာ၌ သတ္တမအကြိမ်မြောက် ဗုဒ္ဓနည်းကျ စီမံခန့်ခွဲမှုနည်းပညာ သင်တန်းဆင်းပွဲကျင်းပ

**စစ်ကိုင်း မေ ၁၆**

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး IBEC ဗုဒ္ဓဘာသာပညာရေးစင်တာတွင် သတ္တမအကြိမ်မြောက် ဗုဒ္ဓနည်းကျစီမံခန့်ခွဲမှုနည်းပညာ (Buddhist Civil Society Management) သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၄ ရက် ညနေ ၃ နာရီက အဆိုပါပညာရေးစင်တာ စာသင်ဆောင် ဒုတိယထပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး သင်တန်းသားဆရာတော် ဦးပညာဝံထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဗုဒ္ဓဘာသာပညာရေးစင်တာမှ နာယကဆရာတော်များဖြစ်သည့် အရှင်ဥတ္တမ၊ အရှင်သုန္ဒရ ၊အရှင် စန္ဒာဝရတို့ထံမှလည်းကောင်း ဩဝါဒခံယူကြကာ ဗုဒ္ဓဘာသာပညာရေးစင်တာကျောင်း ပဓာနနာယကကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသောဘိတနှင့် တာဝန်ရှိဆရာတော်များက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းက ကျေးဇူးတင်စကား လျှောက်ထားသည်။

ယင်းနောက် သင်တန်းသားဆရာတော်များကိုယ်စား ဦးနန္ဒောဘာသကလည်းကောင်း၊ သင်တန်းသားသီလရှင်ဆရာကြီး၊ ဆရာလေးများကိုယ်စား ဆရာကြီးဒေါ်ကုန္ဒာရီကလည်းကောင်း၊ လူပုဂ္ဂိုလ်သင်တန်းသားများကိုယ်စား ဦးစိုးပိုင်ကလည်းကောင်း၊ သင်တန်းသူများကိုယ်စား မမူမူမြင့်ကလည်းကောင်း၊ သင်တန်း၌ လုပ်အားဒါနပြုသူတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကိုယ်စား မသွယ်သွယ်နူးကလည်းကောင်း၊ ဗုဒ္ဓဘာသာပညာရေးစင်တာမှ ပဓာနနာယက ကျောင်းအုပ်ဆရာတော်တို့က သင်တန်းဆင်းအသိအမှတ်ပြု ကျေးဇူးတင်စကားနှင့် သင်တန်းသား၊ သင်တန်းသူများအား မိမိတို့ရပ်ရွာဒေသ၌ တာဝန်ထမ်းဆောင်ရမည့် ခေါင်းဆောင်မှုတာဝန်များအကြောင်း ဂုဏ်ပြုစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ သင်တန်းသားဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် လူပုဂ္ဂိုလ်များ စုစုပေါင်း ၁၀၆ ဦးတက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ မေ ၈ ရက်မှ မေ ၁၄ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

# ကနီတွင် အပြည်ပြည်ဆိုင်ရာ သူနာပြုနှင့် သားဖွားဆရာမများနေ့ အခမ်းအနားကျင်းပ

**ကနီ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အပြည်ပြည်ဆိုင်ရာ သူနာပြုနှင့် သားဖွားဆရာမများနေ့အခမ်းအနားကို ကနီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမဆောင်၌ မေ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားဖွင့်ပွဲတွင် သူနာပြုဆရာ၊ ဆရာမများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ အခမ်းအနားအားဖွင့်လှစ်ပေးပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌထံမှပေးပို့သော သဝဏ်လွှာအား တိုင်းဒေသကြီးကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်မူမူဝင်းက ဖတ်ကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး သူနာပြု၊ သားဖွားအသင်းနှင့်ပတ်သက်၍ မုံရွာအထွေထွေရောဂါကုဆေးရုံကြီးမှ သူနာပြုအုပ်ဒေါ်ကြူကြူက ရှင်းလင်းပြောကြားပြီး မွေးကင်းစကလေးများအတွက် Importance of Thounsand Day အကြောင်းများနှင့်ပတ်သက်၍ ဒေါက်တာဝင်းဝင်းမြင့်က အကျယ်တဝင့်ရှင်းလင်းအကြံပြု ဆွေးနွေးပြောကြားကာ ကနီမြို့နယ် မြို့နယ်သူနာပြုအဆင့်(၁)ဆရာမကြီး ဒေါ်ခင်မာရီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းအခမ်းအနားသို့ မုံရွာ၊ ချောင်းဦး၊ အရာတော်၊ ဘုတလင်၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲမြို့နယ်နှင့် ကနီမြို့နယ်များမှ သူနာပြုနှင့် သားဖွားဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအသိပညာပေးမြေစိုက်ပိုစတာများစိုက်ထူ

**တောင်တွင်းကြီး မေ ၁၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး မြို့နယ်ယာဉ်ကြီးကြပ်မှုကော်မတီမှကြီးမှူး၍ အသိပညာပေးမြေစိုက်ပိုစတာများစိုက်ထူခြင်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်မော်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးမြင့်ထွန်းနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မေ ၁၅ ရက် နံနက် ၈ နာရီခွဲက မြို့လယ်လေးလမ်းဆုံနှင့် လူစည်ကားရာနေရာများတွင် စိုက်ထူခဲ့ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်မော်က “အများအားဖြင့် ဆိုင်ကယ်စီးသူတွေ ယာဉ်တိုက်မှုဖြစ်တာများတယ်။ ရက် (၁၀၀) စီမံချက်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ပြည်သူများသိရှိလိုက်နာနိုင်အောင် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့တယ်။ မလိုက်နာရင် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့်အညီ ဆောင်ရွက်သွားမယ်။ ပြစ်မှုပြစ်ဒဏ်တွေကိုလည်း လက်ကမ်းစာစောင်များထုတ်ဝေပြီး အများပြည်သူသိရှိအောင် ဖြန့်ဝေပေးနေတယ်။ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံတွင်လည်း ပေးပို့ကြေညာထားတယ်” ဟုပြောသည်။ **(၅၈၀)**

# နွေရာသီအခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**ရေး မေ ၁၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ် နွေရာသီအခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၅ ရက်က ရေးအ. ထ. က(၁) ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပအိုဝ့်တိုင်းရင်းသားဝန်ကြီး ဒေါ်စံဝင့်ခိုင်က မွန်ပြည်နယ်ဝန်ကြီးချုပ်မှပေးပို့လာသော သဝဏ်လွှာကို ဖတ်ကြားပေးပြီး မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချိုက စာတတ်မြောက်ရေးလှုပ်ရှားမှုများအား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး လူမှုရေးပြည်နယ်ဝန်ကြီး ဒေါက်တာထိန်လင်းက ရေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်ထံသို့ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့သည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ကာ ဒေါ်စံဝင့်ခိုင်ကကြီးကြပ်သူများနှင့် လုပ်အားပေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကို လည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက စာသင်သားများအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ လုပ်အားပေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကြီးကြပ်သူများအားအမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဇွန်လ၊ ၄၊၅ (၆၂)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇွန်လ (၄-၅)ရက်များတွင် ၆၂-ကြိမ်မြောက် ဦးရေ (၇၇၃၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရွှေတောင်။ (ကျိုက္ကဆံစေတီ မြောက်ဘက်၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒာသီရိလင်္ကာ၏ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



# "မွေးနေ့မင်္ဂလာဆုတောင်း"

တတ်သိလိမ္မာ၊ ပညာပြည့်ဝနလုံးလှသည့် ချစ်သမီးကြီး

**Dr. Sandy Tun Min, MBBS (Sydney)**

**Medical Registrar**

**Hunter New England Health, Newcastle**

၏ (၁၇.၅.၂၀၁၆) နေ့တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နှစ်တစ်ရာနှစ်ဆယ်တိုင်အောင် ကျန်းမာပျော်ရွှင်စွာဖြင့် ရည်မှန်းချက်များပြည့်စုံအောင်မြင်သော ဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း

ဆန္ဒပြုတောင်းဆုခြွေလျက် - - - - -

ချစ်ဖခင် - Captain ဦးထွန်းမင်း
ချစ်မာမီ - ဒေါ်နှင်းနှင်းဝေ (တော်ဝင်ရတနာရွှေဆိုင်)
ချစ်မောင်လေး - Dr. Randy Aung, MD; MSc Candidate
Resident, Bronx - Lebanon Hospital ( New York )



# ကံ့ကော်ရိပ် အင်္ဂမတန်း [၃၄]စုံ

**၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်ဆေးခဲ့သော မေးခွန်းဟောင်းနှင့်စံပြအဖြေများ**

စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများဖြင့် အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr.TW(Maths.) |
| ပထဝီ | ဒေါက်တာမမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

ကောရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။



# အောင်ကောင်းစုံ 2016-2017

**အထွေထွေသိစရာ မှတ်စရာ ဗဟုသုတမှတ်စု**

မဟာဘွဲ့ရတစ်ဦး

ဗိုလ်လောင်းဝင်ခွင့်၊ တပ်မတော်သူနာပြုတက္ကသိုလ်ဝင်ခွင့်၊တပ်မတော်ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဒုရဲအုပ်လောင်းစာမေးပွဲဝင်ခွင့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဝင်ခွင့်၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု(DTEC)ဝင်ခွင့်၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်၊ သူနာပြု၊ သားဖွား၊ ကုမ္ပဏီ INTERVIEW ဖြေဆိုမည့်သူများနှင့်၊ ဗဟုသုတရှာဖွေလေ့လာလိုသူများအတွက်...

ဒသမအကြိမ်ထပ်မံဖြည့်စွက်သည်

နောက်ဆုံးရသတင်းအချက်အလက်များ ပါဝင်ပါသည်

ထွက်ပြီ

ကောရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။



**YCTC Business Institute**

# Seminar in Key Challenges in Logistics & Supply Chain Management

ကုန်ပစ္စည်းသယ်ယူပို့ဆောင်၊ သိုလှောင်ရေးကဏ္ဍတွင် ဖြစ်ပေါ်နေသော အရေးကြီးအကြောင်းအရာများအား ဆွေးနွေးဟောပြောမည့် Seminar ဖြစ်ပါသည်။

Speaker : Mr. Syed Ali, Senior Regional Director
Purchasing And Supply Association Singapore (PASAS)

သင်တန်းနေရာ - Seminar Room, YCTC Business Institute
ရက်/အချိန် - May 21 (Sat) : 9:00 am to 5:00 pm
May 22 (Sun) : 9:00 am to 5:00 pm

PASAS (S'pore) မှ Certificate ပေးအပ်ချီးမြှင့်ပါမည်။

အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊
( Park Royal Hotel အနီး)

Enroll Now! 01-393076
09-420118100, 09-250640429



# BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် **Laminate Flooring** ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပညာဒလလမ်း။
Ph : 09-5425251, 09-73225484
အရောင်းခန်းမ(၃)၊ အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဘေး၊တာမွေမြို့နယ်၊ရန်ကုန်။
Ph : 09-5076661, 09-5076662,09-5076663



100% သံချေးမတက်သည့် Stainless Steel ဘလိတ်မားသွားဆုံကြိုးများကို


**စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ** ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘီးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph :01-545531,01-8603141,09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်းမ၊ (၉)မိုင်၊ မရမ်းကုန်း။
Ph :01-656521, 09-421024731, 09-421024741
အရောင်းခန်းမ(၃) - အဆောင်(၁၁၇)၊ အခန်း(၅)၊ ကျောက်စိမ်း(၆)လမ်း၊ ကမ္ဘာ့ရတနာဘဏ်ဘေးစော်ဘွားကြီးကုန်းကားဝင်း၊ အင်းစိန်မြို့နယ်။
Ph:01-642748, 09-5069101,09-73152381



ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော


**MECHINICAL CAR PARKING**











TPW ideas coming true

No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။


SAMSUNG
Smart Service
မြန်မာပြည်ရဲ့နေရာများစွာ
SAMSUNG SERVICE ရှိနေမှာ...
မြန်မာနိုင်ငံအဝှမ်း
ဝန်ဆောင်မှုနေရာ
၁၈
ခုကျော်
SAMSUNG
Premium Care
for
SAMSUNG Galaxy S7 edge | S7
Samsung Service Network
Call Center
01 2399 888
(Mon-Sun)
8AM to 6PM


SWEETY HOME
Living Mall (Hlaing)
စပရင်မွေ့ရာ၊ ပရိဘောဂ၊
မဂ်လာခန်းဝင် ပစ္စည်းအမျိုးမျိုးနှင့်
မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး
တို့ကို တစ်နေရာတည်းတွင်
စုံလင်စွာဝယ်ယူရရှိနိုင်ပါသည်။
အမှတ် (၈၂)၊ ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်
Hot Line - 09 9779 19555
NOW
OPEN
15-5-2016 (SUN)
UP TO 10% OFF
Promotion Date - 15th~31st May

## ကရုဏာစင်တာ ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှု ပညာဒါန၊ ဇီဝိတဒါန အလှူငွေပါဝင်လှူဒါန်းနိုင်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကဝါသကျောင်းတိုက်ဆရာတော် အရှင်တိက္ခ ဦးဆောင်သော ကရုဏာစင်တာမှ လူမျိုးဘာသာမရွေး ၂၀၀၇ ခုနှစ်ကစ၍ ပညာ၊ ကျန်းမာ ထောက်ပံ့ စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ (၁၀)တန်း ကျောင်းသူ/သား (၄၁)ယောက်၊ တက္ကသိုလ်ကျောင်းသူ/သား (၂၅)ယောက်တို့နှင့် တောင်စွန်းတိုက်နယ်ဆေးရုံ၊ ဘီးလင်းပြည်သူ့ ဆေးရုံတို့၌ ဆင်းရဲလူနာများအား လှူဒါန်းရေငွေကြေးသတ်မှတ်ကာ လစဉ်ထောက်ပံ့စောင့်ရှောက်လျက်ရှိပါသည်။ ပညာရေးပဒေသာပင်တစ်ပင် (၁၀၀၀၀) ကျပ်၊ ဆေးပဒေသာပင်တစ်ပင် (၂၀၀၀၀) ကျပ် စသည်ဖြင့် အချိန်အခါမရွေး ကုသိုလ်ပါဝင် စိုက်ထူလှူဒါန်းနိုင်ပါသည်။ (၁)ဦးဆောင်ဆရာတော်- 098626998 (၂)မင်းလှမွေ့ရိပ်သာကျောင်း၊ မဟာန်းဈေးအနီး၊ ရန်ကုန်မြို့။ ဖုန်း-0943116580, 0945006254 (၃) ကေဇဝင်း ပုံနှိပ်တိုက်၊ (စိန်ပေါ်လ်မှတ်တိုင်အနီး) ဖုန်း 398440, 09448000520 (၄) ကမ္ဘောဇဘဏ်၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ အရှင်တိက္ခ(Account No. 00730100702498201) (၅) ကမ္ဘောဇဘဏ်၊ ကျိုက်ထိုဘဏ်ခွဲ၊ အရှင်တိက္ခ(Account No. 0731210012429)

SUN FAR
TRAVELS & TOURS CO., LTD.

Singapore Airlines
Myanmar Travel Fair 2016

SINGAPORE AIRLINES
A great way to fly

2016 Singapore Airlines Travels Fair တွင် ဝယ်ယူအားပေးသော customer များအတွက်

- Singapore Airlines မှ Bali (သွား+ပြန်) လေယာဉ်လက်မှတ်(၂)စောင် အခြင်
- Sun Far မှ ဧည့်သည်များအတွက် ရန်ကုန်-မန္တလေး/ ညောင်ဦး-ရန်ကုန် (မန်းရတနာပုံ Airline ဖြင့်) လေယာဉ်လက်မှတ်(၁)စောင် က်စမ်းမဲဖောက်ပေးပါမည်။

| Singapore | Denpasar (Bali) | Japan |
|---|---|---|
| From USD 185 All-in, return | From USD 370 All-in, return | From USD 670 All-in, return |

| Australia | Europe | USA |
|---|---|---|
| From USD 770 All-in, return | From USD 870 All-in, return | From USD 1,170 All-in, return |

အခြားသောအဖိုးတန် lucky draw များ။ လက်ဆောင်ပစ္စည်းများနှင့် ရင်ခုန်လှုပ်ရှားဖွယ် အစီအစဉ်များပါရှိပါမည်။

၂၀-၂၁ မေလ ၂၀၁၆ Park Royal Hotel Time 9:00am to 5:30pm (Yadana Ballroom) Sun Far Counter နှင့် Sun Far Travels & Tours Tel:243 993 (Hunt Lines) တို့တွင် ဝယ်ယူနိုင်ပါသည်။

ပါမောက္ခ လက်ထပ်မင်္ဂလာပြုလိုသူတို့၊ ကြိုတင်ပြီး သတိကြီးကြီးထား ဖတ်ရှုရမည့်စာအုပ်
သိပ္ပံနည်းကျအိမ်ထောင်သည်ဘဝ၊ ယောက်ျားမိန်းမ၊ ကလေးစာအုပ်များရေး၍ စာဖတ်သူများအား ပေးဆောင်ခဲ့သူ ...

# အရေပြားတစ်ထောက်၊ ပဋ္ဌာနမြားငမောက်
## ဒေါက်တာမောင်မောင်ညို

M.B.,B.S., Ph.D(London), M.A, M.D, FOMERAD(USA) ၏ စာအုပ်သစ်

ယောက်ျား မိန်းမ မရွေး၊ ပျိုပျိုအိုအိုမရွေး၊ လူကြီးလူငယ်မရွေး ဖတ်သင့်သောစာအုပ်

ခန္ဓာကိုယ်တွင်ရှိနေသော အရေပြားတစ်ထောက်မှအစ၊ ခန္ဓာတစ်ကိုယ်လုံးရှိ(၃၂)ကောဋ္ဌာသ ...

ထွက်ပြီ

ဂုဏ်ထူးစာပေ

အမှတ်(၁၉၂)၊ (၃၃)လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၆၅၅၀၊ ၀၁ ၃၈၆၅၅၅၊ ၀၉၇၃၀၃၅၆၇၀၄

Powertona® 3G
Ginseng Garlic Ginkgo
60 Soft Caps

- အသက်ကြီးလာတာနဲ့ အမျှ မှတ်ဉာဏ်လျော့ပါးတာ၊ သွေးကြောတွေကျဉ်းပြီး မာလာတာ၊ သွေးတွင်းအဆီများလာတာ၊ အစာခြေစနစ်ယိုယွင်းလာတာတွေဖြစ်တတ်ပါတယ်။
- နောက်ဆက်တွဲအနေနဲ့ မှတ်ဉာဏ်ပျောက်ဆုံးတာ၊ နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကင်ဆာစတဲ့ လူကြီးရောဂါဆိုးတွေ ဖြစ်လာတတ်ပါတယ်။
- Ginseng, Garlic, Ginkgo သုံးမျိုးရဲ့ ထူးခြားတဲ့ ပေါင်းစည်းမှုကြောင့် ပါဝါတိုနာ(3G) သည်ခွန်အားတိုးပွားစေပြီး လူကြီးရောဂါများကို တားဆီးနိုင်ပါသည်။

လူကြီးရောဂါတွေ မဖြစ်စေဖို့...!

နှလုံးသွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကင်ဆာ စတဲ့လူကြီးရောဂါများ မဖြစ်အောင် တားဆီးနိုင်ရန်။

KOREA UNITED PHARM. INT'L JSC
• YANGON TEL : 01 203103, 0973083319, 09 977111546
• MANDALAY TEL : 09 2037314, 09 91012541

ဆေးလုံး (၆၀) ပါသည်၊
အလုံး (၃၀) ပါ ဆေးထုပ် (၂) ထုပ် ပါဝင်သည်၊

ပါဝါတိုနာ 3G

## တိုက်ခန်းရောင်းမည်

(၁၂နံပေ×၅၀ပေ×၉ပေ) မြေညီထပ် ပြင်ဆင်ပြီး၊ အလင်းရောင်လမ်း၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။
ဖုန်း-၀၉ ၄၂၅၀ ၂၅၂၈၁

## ဒဂုံမြို့သစ်

အရှေ့ပိုင်း
သိမ်တပ်မြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ပုလုတ်တုတ်®

ဒိုဒိုရှန်ရဲ့ ကဏ္ဍပြင်ထောင့်နတ်၊ တောပျော်လေး ဘော်ဘော်ရဲ့ မှန်းမစ်လိုက်၊ ဂရင်ညီနောင်ရဲ့ ငမဲ၊ ထူးထူးခြားခြား၊ ဈေးဝယ်လမ်းညွှန်၊ နိုင်ငံတကာနည်းပညာသတင်း၊ Encyclopedia၊ ဆေးရောင်လှလှခြယ်ရအောင်၊ ဝတ်ပါ စသည့်ကဏ္ဍပေါင်းများစွာနှင့်

တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့ မဖြန့်မီ ငါးရက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။

၂၀၁၆ ခုနှစ်၊ ငွန်လ ထွက်ပြီ။

၁,၅၀၀ ကျပ်

တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

Home
think of House, think of Home

Readymade Floor Promotion

BUY → GET 1 Box !!

ကြမ်းခင်း ဝယ်လျှင် 3 ကျင်း

ပါကေးအစားထိုး ကြမ်းခင်း

လက်ဆောင်

လက်ဆောင် အရေအတွက် ၃၀ ခုအထိသာ

** Selected items only

Home
think of House, think of Home

ဂျက်ဆင်ဘုတ်အစားထိုး ရေစိမ်/ရေစိုခံ

နံရံကာ နှင့် မျက်နှာကျက် → GET 1 Free

၃ ကျင်း ဝယ်

အိမ်တွင်း အလှဆင်ပန်းပင်

လက်ဆောင် ၂၀ ခု အထိသာ

** Selected items only

Branch Showroom ➤ အမှတ် E 11-A၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၉၂၅)၊ ဧရိယာ (၀. ၁၄၆)ဧက၊ ဦးဝင်းကိုအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၁၂၂/၂၂-၄-၂၀၁၆ဖြင့် ဝယ်ယူထားသူဦးနေမင်းကျော် [၉/ပဘန(နိုင်)၁၁၆၁၁၂]၊ အဖအမည်ဦးစိုးမြင့်မှ မြေငှားစာချုပ် အမည်ပြောင်းလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

Number One Directory in Myanmar
YELLOW PAGES

The YANGON DIRECTORY The MANDALAY DIRECTORY

ဘာပဲလိုလို
Everything U Need

- အဆင့်မြင့်တင်၍ထုတ်လုပ်ထားသော ရန်ကုန်လမ်းညွှန်နှင့်မန္တလေးလမ်းညွှန် Mobile App ကို Android, iOS နှစ်မျိုးလုံးတွင် အလွယ်တကူအသုံးပြုနိုင်ပါပြီ။
- လုပ်ငန်းလိပ်စာပေါင်း – ၁၁၀,၀၀၀ကျော် ပါဝင်ပြီး ရန်ကုန်မြို့ရှိဆိုင်များမှ Discount coupon များရယူနိုင်သော Yangon Deals.
- GooglePlay တွင် Download လုပ်ယူမှုအများဆုံး Directory App.
- Mobile App တွင်သာမက လမ်းညွှန်စာအုပ်နှင့် Website ထဲမှာပါ ဝင်ရောက်ရှာဖွေနိုင်ဖို့...

ဖုန်းတိုင်းမှာ သုံးနိုင်တဲ့လမ်းညွှန်

ယခုပင်ဆက်သွယ်လိုက်ပါ... SALES : 09-448001662 | 02-4000611


AYA Credit Cards
Exclusive Deals & Discounts for Cardholders
AYA Bank
MPU
TUN TUN
Life is a Celebration
Golden Pot (MDY) 10% 10% 10% (Total Bill)
House of Singapura (YGN) 10% 10% 10% (Food Only)
Tom Yam Koong (MDY) 10% 10% 10% (Food Only)
I Bar Cafe (MDY) 10% 10% 10% (Food Only)
Café JJ (MDY) 10% 10% 10% (Food Only)
Cafe Inle (MDY) 10% 10% 10% (Total Bill)
Cafe Caesar (YGN) 10% 10% 10% (Total Bill)
Snow Factory (YGN) 10% 10% 10%
Tony Roma's Myanmar (YGN) 5% 10% 15% (Total Bill)
Cafe Summit (MDY) 5% 10% 10% (Food Only)
Fudo Cake (MDY) 5% 5% 10%
Koffee Korner (MDY) 5% 5% 10% (Food Only)
Nervin Cafe (YGN) 5% 5% 10%
Jasper House (YGN) 5% 5% 5% (Food Only)
The Manhattan Fish Market (YGN) 5% 5% 5%
30% off on desserts for all days with an order of regular A la carte
5% off on total bill from monday to friday
Bulgogi Brothers (YGN) 5% 5% 5% (Food Only)
Feel Group 5% 5% 5% (Only food and not including breakfast)
MIX Restaurant & Bar (YGN) 5% 5% 5% (Food Only)
Taste -1 & 2 (YGN) 5% 5% 5% (Food Only)
Ko's Kitchen (MDY) 5% 5% 5%
Thai 47 (YGN) 5% 5% 5% (Total Bill)
KKS B.B.Q (YGN) 5% 5% 5% (Total Bill)
Yummy Rotating Hotpot (MDY) 5% 5% 5%
5% 10% 20%
Waii Yeik Mon (POL & MDY) 5% 5% 5%
SP
SP Barkey (all outlets) 5%
Dinette Chinese & Thai Food (MDY) 5% 10% 15% (Food Only)
Fish & Co. (YGN) 5% (Total Bill)
BurDubai (YGN) 5% 10% 15% (Food Only)
THAI FOOD
SUZUKI (YGN & MDY) 5% 10% 10% (Total Bill)
Thai - Shan Restaurant (MDY) 5% 10% 10% (Food Only)
FATMAN (YGN) 5% 10% 10%
Vanilla Garden (MDY) 5% 5% 5% (Total Bill)
BIIO Cafe & Bistro Bar (YGN) 5% 5% 5% (Total Bill)
The Warehouse (YGN) 5%
Unique Bar & Restaurant (MDY) 5% 5% 10% (Food Only)
NIKA KTV
Nika (MDY) 5% 10% 15% (Only Food & KTV Rooms)
The Phayre's Gastronomy Bar (YGN) 3% 3% 3%
3% + daily promotion items
Dr. Parinya (MDY) 40% 40% 40%
PARINYA
My Princess Clinic (YGN) 5% 5% 5%
Image Hair & Beauty Spa (YGN) 15% 15% 15%
Clara International (YGN) 10% 10% 10%
DR. FACE
Dr. Face (YGN) 5% 5% 5%
Queen Clinic
The Queen Clinic (YGN) 5% 5% 5%
move
Move Myanmar Gym (YGN) 5% 5% 5%
Yves Rocher Myanmar (YGN & MDY) 5%
Monument Books & Toys (YGN & MDY) 5%
MYOE GYI THU
Myoe Gyi Thu Silk & Kadaetathan Slippers 5% 5% 10%
Toe Na Yar (MDY) 5% 5% 5%
B.COOL
B.COOL JEANS (YGN) 5% 5% 5%
Mama Bella Mum's Fashion (YGN) 5% 5% 5%
iora
Iora Ladies Wear (YGN & MDY) 5% 5% 5%
mDrive
mDrive Mobile (YGN) 5% 5% 10%
Only third party accessories of other premium brands (non-Apple, non-Beats brands)
Anycall
Anycall Mobile (all outlets) 5% 5% 10% (Only phones accessories)
Telemobile
Telemobile mobile phone centre
Telemobile (MDY) 5% 5% 5% (Only phones accessories)
e-city
e-city (all outlets) 5% 5% 10% (Only phones accessories)
YEE SHIN MOBILE
Yee Shin Mobile (MDY) 5% 5% 5% (Only phones accessories)
Singtech (YGN) Z550 5% 5% 5% (Only singtech phones & other accessories)
SINGTECH
GOSSIP
Gossip (MDY) Cafe & Restaurant 5% 5% 5%
mobile mother
Mobile Mother (MDY) 5% 5% 5% (phones sale, service & accessories)
YaDaNar Beauty Salon
Yadanar Beauty Salon (MDY) 10% 10% 10%
VISTA
Vista Bar (YGN) 10% 10% 10% (Food only)
Dr. Fish Fish Spa & Foot Care
Dr. Fish (YGN) 10% 10% 10%
Fish Spa & Foot Care
AYA Bank
ဧရာဝတီဘဏ်
Terms & Conditions apply on all above offers. All information is correct at the time of printing. Terms & Conditions are applicable to all benefits, programmes and entitlements. For more information, please like our Facebook Page or visit our website.
www.facebook.com/ayabank
Silver
Gold
Platinum
www.ayabank.com.mm

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒ်ဦး၊ ရေတွင်း၊ ရေကန်၊ရေစင် ဒါယကာကြီး
## ဗိုလ်မှူးကြီးမြင့်လွင် (ငြိမ်း)
## (ကြည်း / ၈၆၁၅) တပ်ထိန်းချုပ် (ငြိမ်း)

ချစ်သောဒယ်ဒီ မိသားစုနှင့် ခွဲခွာသွားသည်မှာ (၁၇.၅.၂၀၁၆) တွင် (၁)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ ဒယ်ဒီ့အားရည်စူး၍ ဆရာတော်ကြီးများအား လစဉ် ဆွမ်း၊ သင်္ကန်း၊ နဝကမ္မအလှူငွေများ လှူဒါန်းခြင်း၊ ယနေ့ (၁)နှစ်ပြည့်သည့် နေ့တွင် ဗဟန်း၊ မဟာစည်သာသနာ့ရိပ်သာ၌ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်း စသည့် ကုသိုလ်ကောင်းမှုများကို အမျှပေးဝေပါတယ်။

မြင့်မြတ်ရာ ဘုံဘဝမှ ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓု အနုမောဒနာ ခေါ်ဆို၍ အဆင့်ဆင့် မြင့်သည့်ဘုံဘဝသို့ တက်လှမ်းနိုင်ပါစေ။

ဒယ်ဒီရေ . . . အမျှ . . . အမျှ . . . အမျှ

ဇနီး - ဒေါ်ခင်အုန်းမြင့် (ကျောင်းအုပ် - ငြိမ်း)
သမီး - မမြင့်မြတ်မွန်

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး**
## ဦးအိပ်ချိန်း(ခ)ဦးအောင်ထွန်း
## အသက်(၉၃)နှစ်

ပဲခူးမြို့၊ ညောင်ဝိုင်း (၁၆)လမ်း၊ အမှတ်(၄၉)နေ (ဒေါ်ခင်ညွန့်)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ကြီး၊ ဒေါ်ခင်ဝင်းရီ (တွဲဖက်ပါမောက္ခ-ငြိမ်း၊ သတ္တဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ ဒေါ်ခင်သိန်းမြင့်၊ ဒေါ်ခင်ဝင်းချို၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်မိုးလှိုင်တို့၏ဖခင်၊ ဦးဇော်မင်းသူ-ဒေါ်သက်သက်နွယ်တို့၏ အဘိုး၊ မမြတ်နိုးသက်ပိုင်၊ ဆုမြတ်အိမ်စည်တို့၏ဘိုးဘိုးသည် ၁၄-၅-၂၀၁၆ (စနေနေ့) ည ၁၀း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထွေးစိန်
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ်(၁၅)၊ သုံးလွှာနေ (ဦးဘသိန်း-ဒေါ်တင်)တို့၏သမီး၊ (ဦးတင်မောင်ညွန့်)-ဒေါ်စိန်စိန်၊ (ဦးအောင်သန်း-ဒေါ်ခင်မြသိန်း)၊ ဦးကြည်နိုင်-ဒေါ်ငြိမ်းငြိမ်းမွန်၊ ဦးလေးနိုင်-ဒေါ်လဲ့လဲ့ဌေး၊ ဦးနေဝင်း-ဒေါ်သင်းသင်းထွေး (ပြည်တွင်းရေကြောင်း)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၄-၅-၂၀၁၆(စနေနေ့) ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၆ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁ ၆(သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဘဒ္ဒန္တ ကောဝိဒမထေရ်မြတ်
## သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၆)နယ်မြေ၊ ရွှေသူဌေးရပ်၊ မဟာလယ်တီစာသင်တိုက်၊ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြို့နယ်သြဝါဒါစရိယ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ(ဟောင်း) ဘဒ္ဒန္တကောဝိဒမထေရ်မြတ်သည် (၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်) ၁၂-၅-၂၀၁၆(ကြာသပတေးနေ့) ည ၁၀း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပန ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဆရာတော်၏တပည့်သံဃာနှင့်
ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဦးဓမ္မသီရိ
## သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်

ဧရာဝတီတိုင်း၊ လပွတ္တာမြို့၊ လွှစာ ကျေးရွာနေ (ခမည်းတော်ဦးသန်းရွှေ-မယ်တော်ဒေါ်စိန်ချစ်)တို့၏ သား၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အုတ်လမ်း၊ မဟာအောင်မြေဘုံကျော်ကျောင်းတိုက်သိမ်ကျောင်း၌ သီတင်းသုံးတော်မူလျက်ရှိသော ဦးဓမ္မသီရိ သည် (၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း၊ ၉ ရက်)၊ ၁၅-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း၊ ၁၁ ရက်)၊ ၁၇-၅-၂၀၁၆ ရက်တွင် အန္တိမဇာပနကို ရေဝေးသုသာန်၌ ညနေ ၄ နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်ပါမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမအပေါင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဆရာတော်၏ တပည့်၊ သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဇေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)
## အသက် (၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၂၄) ပါရမီရိပ်သာနေ ဒုတိယဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း)၊ဒေါ်ခင်မွေးတို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)သည် ၁၂-၅-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ သူငယ်ချင်းများနှင့်မိသားစုများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## Dr. ဦးဇော်ထွန်း (၅၅)နှစ်
**Chairman (Pinlon Group of Hospitals)**
**ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ၊ ဥတ္တရသီရိဆေးရုံ၊ နေပြည်တော်**
**Universal Medical Centre Co., Ltd**

ရန်ကုန်မြို့၊ ဓမ္မစကြာကျောင်းနေဦးဇောတိကနှင့် ရန်ကုန်မြို့၊ ၁၄စီ၊ မေခလမ်း၊ အေဒီလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်သန်းမြင့်တို့၏သား၊ သုံးခွမြို့နေ(ဦးရွှန်းကီး)-ဒေါ်ခင်အုန်းတို့၏သားသမက်၊ ဦးဇော်မင်းသိန်း-ဒေါ်အေးအေးငြိမ်းတို့၏မောင်၊ ဦးအောင်ကျော်စိုး-ဒေါ်ရင်ရင်ထွေးတို့၏ အစ်ကို၊ Dr. ဒေါ်ဌေးဌေးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းမြတ်၊ မစိမ်းလဲ့ရည်တို့၏ ချစ်လှစွာသောမွေးသဖခင်သည် ၁၅-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ဝ၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး**
## ဒေါ်ခင်လေးမြင့်
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အမှတ်(၃၃/၁)၊ ပျဉ်းမမြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးစိုးလှိုင်-ဒေါ်တင်လှတို့၏သမီး၊ ဦးဝင်းတင်-ဒေါ်လှလှမြင့်တို့၏ညီမ၊ ဦးစိုးနိုင်-ဒေါ်စောညွန့်တို့၏အစ်မ၊ [ဦးသာထွန်း (G.M- ငြိမ်း၊ မြန်မာ့ဆက်သွယ်ရေး)]၏ဇနီး၊ ဦးကျော်မျိုးထွန်း-ဒေါ်မေဇော်၊ ဦးကျော်သန်းဦး (ခေတ္တ-ဂျပန်)-ဒေါ်ဖူးမီကို၊ ဦးကျော်စိုးလင်-ဒေါ်သန္တာအောင်၊ ဦးကျော်စိန်ဦး-ဒေါ်စန်းစန်းဝင်း၊ ဒေါ်တင်တင်နု (ခေတ္တ-သြစတေးလျ)-ဦးလင်စီ၏မြေး/သမီး၊ ဒေါ်ထက်နေမင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ဘွားဘွားသည် ၁၄-၅-၂၀၁၆ (စနေနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၆(သောကြာနေ့) နံနက် ၈ နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျင်ဝါ(မြိတ်) (၉၄)နှစ်
## (မြိတ်မြို့နယ်အသင်းဝင်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အမှတ်(၄)၊ မြေညီထပ်ခြေရင်းခန်းနေ (ဦးစိန်ထွန်း-ဒေါ်ငြိမ်းသူ)တို့၏သမီး၊ (ဦးဘမောင်)၏ချစ်လှစွာသောဇနီး၊ (ဦးမြသောင်း)-ဒေါ်အေးနု၊ ဦးသန်းလွင်-ဒေါ်တင်အေးနွယ်၊ ဦးအေးမင်းလွင်-ဒေါ်သောင်းသောင်းမြင့်၊ (ဦးခင်ဇော်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်အောင်သောင်းဦး၊ (မယဉ်ယဉ်သောင်း)၊ မောင်ရဲဝင်းသောင်း-မနှင်းပွင့်ဖြူ Capt; သန့်ဇင်ဝင်း-မဝင့်သိမ့်သိမ့်သော်၊ ဒေါက်တာကျော်သိန်းဇံ-ဒေါက်တာသန္တာလွင်၊ ကိုဝေမောင်-မအေးလွင်လွင်ဦး၊ မောင်စိုးမင်းထိုက်-မငြိမ်းကျော့ခိုင်၊ ကိုသိန်းထွန်း-(မစန်းစန်းဆွေ)တို့၏အဘွား၊ မြစ် ၁၃ ယောက်တို့၏ဘွားဘွားသည် ၁၅-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူရည်စူး ၍ ၂၁-၅-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဟာဂျီမ ဒေါ်နူရ်ဂျန်ဘီ အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၃)လမ်း၊ အမှတ်(၂၁)နေ ဟာဂျီဦးဘဂျမ်း(ခ)ဟာဂျီဦးအေးဝင်း(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် မ. အ. ဖ ဌာနချုပ်)၏မိခင် ဟာဂျီမဒေါ်နူရ်ဂျန်ဘီသည် ၁၀-၅-၂၀၁၆ရက် ညနေ ၄း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်**
**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် (မ. အ. ဖ)ဌာနချုပ်**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ကြည် အသက်(၉၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ်(၄၆)နေ ဦးခင်မောင်လတ်၊ ဒေါ်အေးအေးညွန့်တို့၏မိခင်ကြီး၊ ကိုထွန်းသူရ [Catering Services, ထိုင်ဝမ်] နှင့် ကိုမင်းသူရ (Recruitment Consultant, Accounting & Finance/Human Resources Division,My World)တို့၏ အဘွားဒေါ်ကြည်သည် ၁၀-၅-၂၀၁၆ရက်တွင် ထိုင်ဝမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်မေသန်းညိမ်း[ခေတ္တ-ထိုင်ဝမ်]နှင့်**
**သား၊ သမီး၊ မြေး၊ မြစ်များ**

---

## ဒေါ်သန်းစိန်(ကျုံဒရယ်)
## အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၃၃၈)၊ ကမ်းနားလမ်းနေ (ဦးချမ်းမြ-ဒေါ်သောင်းရင်)တို့၏ သမီးကြီး၊ ဦးကြီးမြင့်၏ဇနီး၊ ဦးသန်းဦး-ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်သင်းသင်းဆွေ၊ ဦးတင်အောင်လွင် - ဒေါ်မေဇင်၊ ဒေါ်သင်းသင်းထွေး၊ မြေးငါးယောက်တို့၏အဘွားသည် ၁၇-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး(ဂန္ဓီ)၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဝဏ္ဏ (၈၁)နှစ်
## (ကုန်သွယ်/လယ်ယာ-ငြိမ်း)
## မော်လမြိုင်ကျွန်း

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ (၁)ရပ်ကွက်၊ မဟာဗန္ဓုလ(၄)လမ်း၊ အမှတ်(၁၉)နေ (ဦးဖိုးဆိတ်-ဒေါ်မေစိန်)တို့၏ စတုတ္ထမြောက်သား၊ [ဒေါ်နွဲ့(ခ)ဒေါ်ခင်သန်းနွဲ့]၏ခင်ပွန်း၊(ဦးဝင်းစိန်)၊ (ဦးသန်းဦး-ဒေါ်မြရင်)၊ ဘိုကလေးမြို့နယ်နေ ဦးငြိမ်းလှတို့၏ ညီ/မောင်၊ ဒေါ်ခင်ခင်ဝင်း၊ ဦးခင်မောင်စိုး-ဒေါ်မြင့်မြင့်အေး၊ ဦးခင်ဝင်းမောင်တို့၏ဦးလေး၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်နှင်း၊ ဦးအေးကျော်၊ ဦးလှိုင်တင်၊ ဦးစိန်မြင့်-ဒေါ်လှလှမော်၊ အရာခံဗိုလ်ကြည်ဇော်(ငြိမ်း)-ဒေါ်ခင်မျိုးမာ(ပြည်တွင်းအခွန်)တို့၏အစ်ကိုကြီး၊ ဦးဇော်ဝင်းသန်း(ဒုစုံမှူး-စ. စ. စ. တောင်ကြီး)၊ ဒေါ်မို့မို့ခိုင် (မြန်မာစီးပွားရေးဘဏ်၊ တောင်ကြီး)၊ ကိုသန်းတင့်-မဇင်မာလှိုင်၊ ကိုမင်းအောင်-မဇင်မာခိုင်၊ မောင်ရဲမျိုးအောင်တို့၏ဖခင်၊ ကိုဇော်နေအောင်၊ မသဇင်ရည်၊ ကိုအောင်ဖြိုး၊ မသက်ဇင်ဖွေးတို့၏ဘကြီး၊ မြေးသုံးယောက်တို့၏ အဘိုးသည် ရန်ကုန်မြို့ အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ၁၅-၅-၂၀၁၆ ရက် နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၂၁၊ သိပ္ပံလမ်း၊ အလုံမြို့နယ် နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## စောဟေထူး (၆၆)နှစ် ၈-၄-၂၀၁၆ ရက်
## နော်အဲမလေဖောဝေ (၆၄)နှစ် ၁၃-၅-၂၀၁၆ ရက်

N0 637, Hastling Road, Mebane, NC. 27302 USAနေ (ဦးစံလုံး-ဒေါ်နန်းစီမူ)တို့၏သားထွေး၊ စောဟေထူး အသက်(၆၆)နှစ်နှင့် (Rev.H.Porwy-နော်ရီးထာ)၏သမီးထွေး နော်အဲမလေဖောဝေ (၆၄)နှစ်၊ စောမျိုးကျော်သူ-နော်ဟေမူဖော၊ စောအိုပါးဂေး-နော်ဟေယီသော၊ စောဟဲရယ်ထူးတို့၏ ကျေးဇူးရှင်မိဘနှစ်ပါး မြေးသုံးယောက်တို့၏ အဘိုးနှင့်အဘွားသည် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူသားသမီးမြေးများနှင့်အတူ အထူးဝမ်းနည်းကြေကွဲအပ်ပါသည်။

**မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံရှိဆွေမျိုးများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်တင်တင်အေး(ခ)ဒေါ်တင်ရှိန် (မုဒုံ)
## အသက်(၈၄)နှစ်
**တိုင်း/လက်ထောက်အားကစားမှူး(ငြိမ်း)**

ဦးမင်းမင်းသိန်း (Golden Beach Hotel၊ ချောင်းသာ၊ အထွေထွေမန်နေဂျာ)-ဒေါ်စန်းစန်းဝင်းတို့၏မိခင်ကြီး ဒေါ်တင်တင်အေး(ခ)ဒေါ်တင်ရှိန်သည် ၁၄-၅-၂၀၁၆ ရက် (စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Golden Beach Hotel ချောင်းသာ အုပ်ချုပ်မှုအဖွဲ့နှင့်**
**ဝန်ထမ်းများ**

---

## ဦးတင်ရွှေ(ခ)မော်စီတုံး
## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၆၄)ရပ်ကွက်၊ အမှတ်(၂၃၆)၊ စက်မှုဇုန်(၃)၊ တိုးချဲ့နေ (ဦးကျင်အေး-ဒေါ်ခင်သန်း)တို့၏သား၊ [ဦးဟန်ဒလေ(သစ်တောမင်းကြီး-ငြိမ်း)-ဒေါ်နုနု]တို့၏ သားသမက်၊ ဒေါ်နွယ်နွယ်အေး (Margaret Hundeny)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှမိုး-ဒေါ်ဝင်းနီ (သံသာဦးသံထည်ပစ္စည်းရောင်းဝယ်ရေး တောင်ဒဂုံ)၊ ကိုညဏ်လင်း-မနန်းချိုချိုမြင့်၊ မနန္ဒာအေး၊ မခိုင်ငြိမ်းအေးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ရန်အောင်ဦး၊ မရွှေရီတို့၏အဘိုး၊ ဦးသိန်းထွန်း-ဒေါ်နိုင်နိုင်မော်၊ ဒေါ်ရီရီမြင့် (ဦးစီးအရာရှိ၊ လမ်းမတော်မြို့နယ် စာရင်းစစ်ရုံး)၊ (ဦးလှချို)-ဒေါ်အေးအေးရီ၊ ဦးအောင်အောင်သိန်း-ဒေါ်သီတာဦးတို့၏အစ်ကိုကြီးသည် ၁၅-၅-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် ပင်လုံဆေးရုံ မြောက်ဒဂုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၁၆ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွဋ်(အတွတ်) (၇၁)နှစ်
## (စိန့်ဂျွန်းကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် (၅)၊ (၂/၃/၄လွှာ)၊ သာယာဝတီလမ်းနေ (ဦးလှရွှေ-ဒေါ်ခင်ထွေး)တို့၏သားကြီး၊ ဦးအောင်တင်၊ ဦးအောင်ခင်-ဒေါ်အေးမြင့်၊ ဦးအောင်ဖြိုး-ဒေါ်ခင်မျိုးဆန်း၊ ဦးတင်ထွန်း-ဒေါ်စန်းအေးရီ (အထက-၆၊ အလုံ)၊ ဦးသိန်းဌေး-ဒေါ်ညွန့်ညွန့်ကြည်၊ ဦးတင်ဦး-ဒေါ်မေမေသန်းတို့၏ချစ်လှစွာသောအစ်ကို၊ တူ/တူမကိုးယောက်တို့၏ဘကြီးသည် ၁၅-၅-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် အမှတ်(၁၃)၊ (၁၄)လမ်း၊ လမ်းမတော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၃၊ ၁၄လမ်း၊ လမ်းမတော်နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## Dr. ဦးဇော်ထွန်း (Chairman)
**(Pinlon Group of Hospitals)**
**SSC ပင်လုံဆေးရုံ၊ ဥတ္တရသီရိဆေးရုံ(နေပြည်တော်)**
**Universal Medical Centre Co., Ltd**
## အသက်(၅၅)နှစ်

(Pinlon Group of Hospitals)SSC ပင်လုံဆေးရုံ၊ ဥတ္တရသီရိဆေးရုံ (နေပြည်တော်)Universal Medical Centre Co.,ltd ၏ Chairman Dr ဦးဇော်ထွန်းသည် ၁၅-၅-၂၀၁၆ရက် နံနက်ဝ၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဦးမင်းဒင်(ဓာတ်ရောင်ခြည်ကင်ဆာအထူးကုဆရာဝန်ကြီး)နှင့်**
**ဇနီး ဒေါ်သီသီဝင်း မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာဦးဇော်ထွန်း(ရွှေဂုံတိုင်နှင့်ပင်လုံဆေးရုံ)
**TTC ကျောင်းသားဟောင်း**
## အသက်(၅၅)နှစ်

တပည့်ကြီး မောင်ဇော်ထွန်း ၁၄-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းကြား သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ-ဦးမောင်မောင်အေး**
**သူငယ်ချင်းကောင်းရာမွန်ရာရောက်ရှိပါစေ**
**သင့်သင့်သူ (TTC)**

---

## ဒေါ်စိန်စိန်မြင့် (MEHS ကျောင်းသူဟောင်း) (၆၈)နှစ်
**စီမံကိန်းအရာရှိ၊ စက်မှုစားကုန်(ငြိမ်း)**

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ယင်းမာ(၂)လမ်း၊ (၁၃၂/၂)၊ ရန်ကုန်မြို့နေ (ဦးကျော်မြင့်လေး)-ဒေါ်ရင်ရင်နွဲ့တို့၏ဒုတိယသမီး၊ (ဗိုလ်မှူးသက်ဆွေ)-ဒေါ်ယဉ်ယဉ်မြင့်(ဒဂုံ-၁၊ ငြိမ်း)၏ညီမ၊ ဦးအေးမြင့်(ရုပ်/သံငြိမ်း)-ဒေါ်စုစု၊ ဒေါ်လှလှမြင့်(PISM/CISM)၊ ဦးစိုးမြင့်(ရာကာဥပဒေ)-ဒေါ်ခင်ကြူကြူလှိုင်၊ ဒေါက်တာဇော်မြင့်(Friendly HOST TOURISM)၊ (ဒေါက်တာတင်ဦး)-ဒေါက်တာဖြူဖြူမြင့်(St Theresa College)၊ ဦးအောင်မျိုးမြင့်-ဒေါ်မို့မို့ဝင်းတို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏အဒေါ်သည် ၁၅-၅-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၆(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တောင်ဥက္ကလာပနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကျေးဇူးတင်ရှိခြင်း**
## နန္ဒလင်းထင်
**Yangon Airways**
## အသက် (၃၇)နှစ်

၁၁-၅-၂၀၁၆ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော သားလေး မကျန်းမာစဉ်က ကိုယ်ဖိရင်ဖိပြုစုစောင့်ရှောက်ပေးပြီး နာရေးကိစ္စအဝဝကို လိုလေသေးမရှိဆောင်ရွက်ပေးကြသော YANGON AIRWAYS Ltdမှ မိသားစု၊ မိတ်ဆွေအပေါင်းအသင်းနှင့် သူငယ်ချင်းများအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

မိခင်ဒေါ်လှဝင်းရီနှင့် အစ်မများ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးသန်းထွန်းအောင်(ပ/၄၄၁၅)
**ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး(ကျိုက်မရော၊ ထွေ/အုပ်)**
## အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးမြင့်ဆွေ-ဒေါ်ကြည်ညွန့်တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အာဇာနည်လမ်း၊ အမှတ်(၆၀၁)နေ ဒေါ်ကျော့ကျော့စံ(ညောင်တုန်း ထွေ/အုပ်)၏ ချစ်လှစွာသော ခင်ပွန်း ဦးသန်းထွန်းအောင်(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျိုက်မရော၊ ထွေ/အုပ်)သည် ၁၄-၅-၂၀၁၆ရက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၁၆)၊ ထွေ/အုပ် အပတ်စဉ်(၁၇)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြူလျှူကင်(ခ)ဒေါ်စိန်စိန်
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ်(၆၆)၊ တတိယထပ်(ညာ)နေ ဦးကြူဖောင်းစိန်-(ဒေါ်ထောင်ကင်းဟာ)တို့၏သမီးကြီး၊ ဗိုလ်မှူးစိန်မောင်-ဒေါ်ခင်နှင်းရီတို့၏ သမီးချွေးမ၊ ဦးခင်မောင်စိုး၏ဇနီး၊ မသူဇာစိုး (B.E Civil) မခင်စန္ဒာစိုး(B.Arch Final year) နည်းပညာတက္ကသိုလ်၊ သန့်လျှင်တို့၏ မွေးသမိခင် ဒေါ်စိန်စိန်သည် ၁၂-၅-၂၀၁၆ရက် နံနက် ၆း၃၀ နာရီတွင် စိန့်ဂျွန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည် (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်ကြီးငြိမ်းကိုကိုဟန်
## အသက်(၃၅)နှစ်

တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ၊ သတ္တုဗေဒအင်ဂျင်နီယာဌာနမှ သူငယ်ချင်းဗိုလ်ကြီးငြိမ်းကိုကိုဟန်သည် ၁၃-၅-၂၀၁၆ (သောကြာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်နည်းပညာတက္ကသိုလ်**
**အမှတ်စဉ်(၇) ဗိုလ်လောင်းသင်တန်းမှ**
**သူငယ်ချင်းများ**

## လေဖိအားနည်းရပ်ဝန်း နှစ်ရက်အတွင်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် မေ ၁၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်း ထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ အနည်းငယ်ရွေ့လျားပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း၊ သီရိလင်္ကာနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မန်နာပင်လယ်ကွေ့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိပြီး မြောက်-အနောက်မြောက် ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

**နံနက်စောစောထ၍ လမ်းလျှောက်လေ့ရှိပါသည်။ စောစောထနိုင်လေ လေကောင်းလေသန့်ရှူရှိုက်ရလေဖြစ်ပါသည်။ အနည်းငယ်လင်းရောင်ခြည်သန်းသည်နှင့် ကားများဥဒဟိုသွားလာကာ မီးခိုးနံ့၊ ဓာတ်ဆီနံ့ရလာတော့သည်။ နံနက်စောစော လမ်းဘေးတစ်လျှောက်တွင် တူညီဝတ်စုံနှင့် စည်ပင်ဝန်ထမ်းများကိုတွေ့ရ၏။ သူတို့လည်း ကားအသွားအလာရှင်းချိန်တွင် တစ်ညလုံးစည်းကမ်းမဲ့ စွန့်ပစ်ခဲ့သည့် အမှိုက်သရိုက်များကို လှည်းကျင်းသိမ်းဆည်းကြရ၏။**




## ရှက်တတ်ကြပါစေ

စာရေးသူတို့နိုင်ငံတွင် အမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းကဲ့သို့သော လူတစ်ဦးချင်းလိုက်နာဆောင်ရွက်သင့်သည့် အလုပ်ကိုပင် စည်းစနစ်ကျကျမလုပ်နိုင်ကြသေးပါ။ လမ်းများပေါ်တွင် သွားရင်းလာရင်းလွယ်လွယ်ကူကူပင်အမှိုက်စွန့်ပစ်ကြသည်။ ကွမ်းတံတွေးထွေးနေကြဆဲဖြစ်၏။ သို့ဖြစ်၍လည်း စည်ပင်ဝန်ထမ်းများ ရာပေါင်းများစွာ ခန့်အပ်ကာ နံနက်မိုးမလင်းမီကပင် လောကအလှဆင်ဖို့ အလုပ်ခွင်ဝင်နေကြလေပြီ။

**ပြစ်မှုပြစ်ဒဏ်ထက် မိမိတို့ တစ်ဦးချင်းစီကပင် ကိုယ့်လမ်း၊ ကိုယ့်ရပ်ကွက်၊ ကိုယ့်မြို့နယ်စသဖြင့် သန့်ရှင်းလိုသည့်စိတ် ကိန်းဝပ်နေဖို့ လိုခြင်းပင်...**

တစ်နေ့က လှည်းတန်းမီးပွိုင့်တွင် အမှိုက်ကောက်နေသည့် နိုင်ငံခြားသားတစ်ဦးကို တွေ့ရ၏။ **(ဝဲပုံ)** ဓာတ်ပုံမှတ်တမ်းတင်ကာ ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် တင်လိုက်သည်။ အားကျအတုယူစေလိုခြင်းလည်းဖြစ်မည်။ နိုင်ငံကြီးသားပီသမှု၊ ရှက်တတ်မည်ဆိုလျှင်လည်း ရှက်တတ်သင့်ကြောင်း သိစေလို၍ တင်လိုက်သည်လည်းဖြစ်နိုင်သည်။

ဤနေရာတွင် နိုင်ငံကြီးသားဆိုသည်မှာ အဘယ်နည်း။ အမေရိကန်လို၊ ဗြိတိန်လိုနိုင်ငံကြီးများတွင် နေနိုင်ပါမှ ဆိုရမည်လား။ မည်သည့်နိုင်ငံတွင်နေထိုင်သည်ဖြစ်စေ နိုင်ငံကြီးသားစိတ်မွေးမြူနိုင်ဖို့ပင်ဖြစ်သည်။ စင်စစ် နိုင်ငံကြီးသားစိတ်ဆိုသည်မှာ လူသားဆန်သည့်စိတ်ဓာတ်ပင်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

## မြန်မာအမျိုးသမီးအသင်း တရုတ်(တိုင်ပေ)ကို ရှုံးနိမ့်

**ဖိုးသော်ဇင်**

**ရန်ကုန် မေ ၁၆**

အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံတွင်လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည်ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီက တရုတ်(တိုင်ပေ) လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် မေဇင်နွယ်(ဂိုး)၊ ဇင်မာထွန်း၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ခင်သန်းဝေ၊ ရူပါနိုင်၊ ခင်မာလာထွန်း၊ ဝင်းသီဂီထွန်း ၊နီလာဝင်း၊ ရီရီဦး၊ ခင်မိုးဝေတို့ဖြင့် ပွဲထွက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းမှာခြေစွမ်းပိုင်းအရကွာခြားမှုမရှိသော်လည်း ခံစစ်ပိုင်းအမှားများခဲ့သောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်တွင် နှစ်ပွဲကစားအပြီး၌ နိုင်ပွဲမရသေးဘဲ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် တတိယမြောက်ခြေစမ်းပွဲအဖြစ် မေ ၁၈ ရက်တွင် Shizuoka Sangyo တက္ကသိုလ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



ဂျပန်နိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနေသည့် မြန်မာအမျိုးသမီးအသင်း။ (ဓာတ်ပုံ-ဘောလုံးအဖွဲ့ချုပ်)

